# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၉ ရက်၊ သောကြာနေ့။ Friday, 11 September 2020 ၁၀၁၃၂


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

# Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## COVID-19 ရောဂါ ပြန့်ပွားမှုကို ထိထိရောက်ရောက်ထိန်းချုပ်နိုင်ရန် ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့် ညွှန်ကြားချက်များကို လိုက်နာရေးနှင့် စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်း

ကျွန်မတို့ ပြည်သူပြည်သားများအားလုံး ကျန်းမာချမ်းသာကြပါစေလို့ စတင်ပြီးတော့ ဆုတောင်းမေတ္တာပို့ပါတယ်။ အခု အချိန်မှာ ကျန်းမာဖို့ အထူးအရေးကြီးတယ် ဆိုတာလည်း အားလုံးနားလည်ပြီးသားလို့ ထင်ပါတယ်။ အခု ကိုဗစ်ရောဂါဟာဆိုရင် ဩဂုတ် လဝက်လောက်ကနေ စပြီးတော့ တစ်ကျော့ပြန်ပြီး ထလာတယ်လို့ ပြောလို့ ရပါတယ်။ အခုဆိုရင် ရန်ကုန်တိုင်းမှာ အထူးပြန့်ပွားနေပါတယ်။ အဲဒါနဲ့ပတ်သက်လို့ ကျွန်မ အခုပြောတဲ့အချိန်မှာ ရန်ကုန်က ပြည်သူပြည်သားတွေကို အဓိကထားပြီး ကျွန်မပြောသွားမှာပါ။ ရခိုင်မှာ စစ်တွေဘက် ကနေစတဲ့ ရောဂါကို အခုအတော်အတန် ထိန်းနိုင်ပြီလို့ ပြောနိုင်ပါတယ်။ ဘာဖြစ်လို့လဲဆိုရင် စည်းမျဉ်းစည်းကမ်းတွေကို ကြပ်ကြပ်မတ်မတ် သတ်မှတ်ပြီးတော့ ပြည်သူလူထုက လိုက်နာလို့ ဖြစ်ပါတယ်။ အဲဒါနဲ့ပတ်သက်လို့လည်း ကျွန်မအနေနဲ့ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပုနဲ့တကွ ရခိုင်အစိုးရအဖွဲ့ရော၊ ပြည်သူပြည်သားတွေ အားလုံးရော ကျေးဇူးတင်တယ်လို့ ပြောချင်ပါတယ်။ ဒီလိုစည်းမျဉ်းစည်းကမ်းတွေကို ကြပ်ကြပ်မတ်မတ်လိုက်နာမယ်ဆိုရင် ကျွန်မတို့ ဒီရောဂါကို မထိန်းနိုင်စရာအကြောင်း မရှိပါဘူး။

အခု ရန်ကုန်တိုင်းနဲ့ ပတ်သက်ပြီးတော့လည်း ကျွန်မတို့ စည်းမျဉ်းစည်းကမ်းတွေ ထုတ်ထားပါတယ်။ ဒါကို တင်းကျပ်တယ်လို့ တချို့က ထင်ပါလိမ့်မယ်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းပြောကြားစဉ်။

ရောဂါအားလုံး ပြန့်ပွားသွားမယ်ဆိုရင် ကျွန်မတို့ လူ့အသိုင်းအဝိုင်းဟာ အများကြီး ထိခိုက်လာတဲ့အခါကျ တည်ငြိမ်မှုလည်း ရှိမှာမဟုတ်ပါဘူး။ အေးငြိမ်းမှုလည်း ရှိမှာမဟုတ်ပါဘူး။ ဒါကြောင့် စည်းမျဉ်းစည်းကမ်း မလိုက်နာရင် သဘာဝဘေးအန္တရာယ် ဥပဒေအရ အရေးယူမယ်လို့ ပြောတာက သဘာဝဘေးအန္တရာယ်ဥပဒေဟာ ကူးစက်ရောဂါဥပဒေထက် ပိုပြီးတော့ ပြင်းထန်ပါတယ်။ ဒီလိုပဲ ပြင်းပြင်းထန်ထန် လုပ်နိုင်မှ ထိထိရောက်ရောက် ကိုဗစ်ရောဂါပြန့်ပွားမှုကို ထိန်းချုပ်နိုင်မှာပါ။

---

ကြေးမုံ ယနေ့ ဖတ်စရာ

**ကိုဗစ်အလွန် အဆင့်မြင့်ပညာရေးကဏ္ဍ (၁၀) ခရီးသွားလုပ်ငန်းပညာနှင့် သတင်းပညာ (Tourism and Journalism)**

ဆောင်းပါး စာမျက်နှာ » ၆

**ယူအေအီး-အစ္စရေး ပုံမှန်ဆက်ဆံရေးရရှိရေး စေ့စပ်ညှိနှိုင်းပေးခဲ့သည့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် ၂၀၂၁ ငြိမ်းချမ်းရေးနိုဗယ်ဆုအတွက် အဆိုပြုခံရ**

စာမျက်နှာ » ၁၂

---

**ကမ္ဘာသူ ကမ္ဘာသား ၊ မြန်မာနိုင်ငံသူ နိုင်ငံသားများ**

**ကပ်ရောဂါဘေးအန္တရာယ်မှ ကင်းဝေးပြီး ဘေးရန်ကင်းကွာ ချမ်းသာကြပါစေ။**

ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး

# ကြေးမုံ

## စည်းကမ်းလိုက်နာရမည့် နှလုံးသားမြို့တော်

“အခုနောက်ပိုင်း ဖြစ်တဲ့သူတွေထဲမှာဆိုရင် ဆယ်ကျော်သက်အရွယ်တွေ ပါလာတာလည်း ကျွန်မ သတိထားမိပါတယ်။ (၁၆)နှစ်၊ (၁၅)နှစ်၊ (၁၈)နှစ် ပေါ့။ အရွယ်ကောင်းလေးတွေပေါ့။ အဲဒါကြောင့် အခုကိုဗစ်က အသက် အပိုင်းအခြားလည်းမရှိဘူး။ ရောဂါအခံရှိတာ၊ မရှိတာကိုလည်း ခွဲခြားပြီး တော့ မြင်လို့မရတော့ဘူးဆိုတာ ကျွန်မတို့ နှလုံးသွင်းဖို့တော့ အင်မတန်မှ အရေးကြီးပါတယ်”ဟု နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်သူများသို့ အစီရင်ခံတင်ပြခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးတွင် ကိုဗစ်-၁၉ ရောဂါ ပြန့်ပွားမှုသည် ယခင် မတ်လ၊ ဧပြီလက ဖြစ်ပွားမှုနှင့် နှိုင်းစာလျှင် ပိုမိုမြန်ဆန်လာသည်ကို တွေ့ရ မည်ဖြစ်သည်။ ရောဂါပိုးတွေ့ရှိသူ ၁၀၀ မက ပိုမိုများပြားနေသည်ကို နေ့စဉ် တွေ့မြင်နေရသည်။ ကိုဗစ်-၁၉ ကြောင့် ကွယ်လွန်အနိစ္စရောက်သူ ယခင်က ခြောက်ဦးရှိရာမှ ယခုအခါ ရှစ်ဦးထပ်တိုးပြီး စုစုပေါင်း ၁၄ ဦး ရှိသွားပြီ ဖြစ်သည်။ နောက်ထပ် ကွယ်လွန်သွားသူ ရှစ်ဦးတွင် နှစ်ဦးသည် အသက် အရွယ်ငယ်ရွယ်သူ၊ ရောဂါအခံမရှိသူ၊ အရွယ်ကောင်းလေးများဖြစ်သည်။ ရောဂါအခံရှိသူ၊ အသက်အရွယ်ကြီးသူများမှာ ဆိုဖွယ်ရာမရှိ အထူးသတိပြုဖို့ လိုမည်ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးတွင် သဃ်္ဃန်းကျွန်းမြို့နယ်သည် ရောဂါပိုး တွေ့ရှိသူ အများဆုံးဖြစ်ပြီး စက်တင်ဘာလ ၈ ရက်နေ့တွင် တွေ့ရှိရသည့် အတည်ပြုလူနာ ၉၈ ဦးအနက် သဃ်္ဃန်းကျွန်းမြို့နယ်မှ အတည်ပြုလူနာ ၇၃ ဦးတွေ့ခဲ့ရသည်မှာ စံချိန်တင်တွေ့ရှိမှုဖြစ်သည်။ ထိုသို့ဖြစ်ရသည်မှာ သဃ်္ဃန်းကျွန်းမြို့နယ်မှ ကာရာအိုကေဆိုင်နှင့် သက်ဆိုင်ပေသည်။ ကာရာ အိုကေဆိုင်တွင် သီချင်းဆိုရာမှ ပျံ့နှံ့သွားသောကိစ္စဖြစ်သည်။ အလုံပိတ် အခန်းတွင် လူများစုဖွဲ့၍ သီချင်းဆိုခြင်းသည် ရောဂါပိုးပြန့်အောင်လုပ်နိုင် သည့် အထိရောက်ဆုံးနည်းဟု ဆိုရမည်ဖြစ်သည်။ ပိုးတွေ့လူနာများမှာ ကာရာအိုကေဆိုင် ဝန်ထမ်းအားလုံးဖြစ်ပြီး လာရောက်သီချင်းဆိုကြသူများ လည်းရှိမည်ဖြစ်သည်။

ကာရာအိုကေဆိုင်တွင် ရောဂါပိုး အစုလိုက်အပြုံလိုက် တွေ့ရှိမှုနှင့် စပ်လျဉ်း၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က စက်တင်ဘာလ ၂ ရက်နေ့က ပြည်ထဲရေး၊ ခရိုင်အုပ်ချုပ်ရေး၊ ကျန်းမာရေးဌာနတို့မှ တာဝန်ရှိသူများနှင့် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် အပြန်အလှန်ဆွေးနွေးစဉ် “ကန့်သတ်ထားသည့် ကြားမှ နိုက်ကလပ်များဖွင့်လှစ်ခြင်း စသည်တို့သည် များစွာတာဝန်မဲ့ပြီး ပြည်သူနှင့်နိုင်ငံအပေါ် စေတနာနည်းသည်ဟု သတ်မှတ်ရမည်ဖြစ်ပါ ကြောင်း၊ ယင်းတို့ကို တင်းကျပ်စွာ အရေးယူရမည်ဖြစ်ပါကြောင်း၊ မိမိတို့ နိုင်ငံကို ကာကွယ်ရမည်ဆိုသည့်စိတ်ဓာတ်ဖြင့် အရေးယူရမည်ဖြစ်ပါကြောင်း၊ ဥပဒေဆိုသည်မှာ ရပ်ရွာတည်ငြိမ်ရေးအတွက် ထားရှိခြင်းဖြစ်ပါကြောင်း၊ ပြည်သူများကို ဒဏ်ပေးရန်မဟုတ်ပါကြောင်း၊ သို့သော် ရပ်ရွာမတည်ငြိမ် သည့်ကိစ္စရပ်များ လုပ်ဆောင်မည်ဆိုပါက ယင်းသို့ အကျိုးဆက်များရှိမည်ကို နားလည်ရမည်ဖြစ်ပါကြောင်း”ပြောကြားထားသည်။

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသောကာလအတွင်း ရောဂါကူးစက်မှုအား ထိန်းချုပ်၊ တားဆီးနိုင်ရန်အလို့ငှာ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်လုပ်ငန်းကော်မတီမှ ရန်ကုန်တိုင်းဒေသကြီး တွင်သာမက နိုင်ငံတစ်ဝန်းရှိ မြို့များတွင် ဖွင့်လှစ်ခြင်းမပြုရန် အမိန့်နှင့် ညွှန်ကြားချက်များအား လိုက်နာခြင်းမရှိဘဲ ဖွင့်လှစ်လုပ်ကိုင်နေသော KTV ဆိုင်များ၊ Night Club များကို ရှာဖွေစစ်ဆေးဖော်ထုတ်၍ သဘာဝ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေပုဒ်မ- ၁၁၈ ဖြင့် အရေးယူမှုများ ပြုလုပ်ခဲ့သည်။ သဘာဝဘေးအန္တရာယ်ဆိုင်ရာဥပဒေသည် ကူးစက်ရောဂါ ဥပဒေထက် ပို၍ပြင်းထန်ပေသည်။ ထိုသို့ ပြင်းပြင်းထန်ထန်လုပ်နိုင်မှ ကိုဗစ်ရောဂါ ပြန့်ပွားမှုကို ထိထိရောက်ရောက် ထိန်းချုပ်နိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ ကိုဗစ်-၁၉ ကာလတွင် ထုတ်ပြန်ထားသော အမိန့်၊ ညွှန်ကြားချက်၊ ဥပဒေစည်းကမ်းများသည် မလိုက်နာသော ပြည်သူများအား ဒဏ်ပေးရန် သက်သက်မဟုတ်ပေ။ လူ့အသိုင်းအဝိုင်း၏ တည်ငြိမ်မှု၊ အေးချမ်းမှုကို ကာကွယ်ပေးနိုင်ရန်ဖြစ်သည်။ ရောဂါသည် အားလုံးသို့ ပြန့်ပွားသွားမည်ဆိုပါက လူ့အသိုင်းအဝိုင်းတစ်ခုလုံးကို များစွာထိခိုက်မှု ရှိမည်ဖြစ်ပြီး တည်ငြိမ်အေးချမ်းမှုလည်း ပျက်သွားနိုင်ပေသည်။ ထို့ကြောင့် ထုတ်ပြန်ထားသော အမိန့်၊ ညွှန်ကြားချက်၊ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာခြင်းဖြင့် နှလုံးသား၏မြို့တော် ရန်ကုန်မြို့ကြီးလည်း အေးချမ်းသာယာမည်ဖြစ်ပါကြောင်း။ ။

## ကမ္ဘာ့ဘဏ်က ကိုဗစ်-၁၉ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ မြင်းခြံမြို့သို့ ပေးပို့လှူဒါန်း

မြင်းခြံ စက်တင်ဘာ ၁၀

ကိုဗစ်-၁၉ ကူးစက်မြန်ရောဂါဖြစ်ပွား နေချိန်ကာလတွင် ရခိုင်ပြည်နယ်နှင့် နိုင်ငံတစ်ဝန်းရှိ ရောဂါခံစားနေရသော ပိုးတွေ့လူနာများနှင့် ၎င်းတို့ကို ကျန်းမာရေးစောင့်ရှောက်မှုပေးနေကြ သည့် ကျန်းမာရေးဝန်ထမ်းများ အတွက် ရောဂါကာကွယ်ရေး အထောက်အကူပြု ပစ္စည်းများကို ကမ္ဘာ့ဘဏ်က ပေးပို့လှူဒါန်းလျက်ရှိ ရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီသို့ ရောဂါကာကွယ်ရေး အထောက်အကူ ပြုပစ္စည်း ရှစ်မျိုးနှင့် မြင်းခြံမြို့ ပြည်သူ့ဆေးရုံ၌ အထွေထွေအသုံးပြု ရန်အတွက် ငွေကျပ် သိန်း ၁၀၀ တို့ကို ပေးအပ်လှူဒါန်းခဲ့သည်။

**ပေးအပ်လှူဒါန်း**

အခမ်းအနားတွင် ကမ္ဘာ့ဘဏ် (မြင်းခြံ)ဘဏ်ခွဲ တာဝန်ခံဦးဇော်မင်း ထွေးနှင့် ဝန်ထမ်းများက မြင်းခြံမြို့ရှိ ပိုးတွေ့လူနာများနှင့် ၎င်းတို့အား ကျန်းမာရေးစောင့်ရှောက်မှုပေးနေကြ သည့် ဝန်ထမ်းများအတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအထောက်အကူ ပြုပစ္စည်း ရှစ်မျိုးကို ပေးအပ်လှူဒါန်းရာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိန်မြင့်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်မျိုးလတ်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင် တို့က လက်ခံရယူကြသည်။ ဆက်လက် ၍ မြို့နယ်ပြည်သူ့ဆေးရုံ၌ အထွေထွေ အသုံးပြုနိုင်ရန်အတွက် ငွေကျပ် သိန်း ၁၀၀ ကို မြင်းခြံမြို့ပြည်သူ့ဆေးရုံအုပ် ကြီး ဒေါက်တာထွန်းထွန်းဝင်းထံ ပေးအပ်လှူဒါန်းသည်။

ကမ္ဘာ့ဘဏ်က ယနေ့လှူဒါန်း သည့် ကိုဗစ်-၁၉ ကာကွယ်ရေး အထောက်အကူပြုပစ္စည်း ရှစ်မျိုးမှာ ဆေးရုံသုံး နှာခေါင်းစည်း ၅၀၀၀၀၊ ခေါင်းစွပ် ၂၀၀၀၊ မျက်နှာအကာ ၅၀၀၊ လက်အိတ် ၅၀၀၀၊ လက်သန့်ဆေးရည် ဘူးကြီး ၅၀၀၊ အရက်ပြန်သေတ္တာနှစ်လုံး၊ မျက်မှန် ၁၀၀နှင့် တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံ ၂၀၀ တို့ဖြစ် သည်။ ထို့ပြင် ကမ္ဘာ့ဘဏ်သည် အခြားပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိမြို့များသို့လည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက် အကူပြုပစ္စည်းများကို နေရာအရောက် စနစ်တကျ ပေးပို့လှူဒါန်းသွားမည် ဖြစ်သည်။




ကမ္ဘာ့ဘဏ်သည် ကိုဗစ်-၁၉ ရောဂါမဖြစ်ပွားခင်အချိန် ဖေဖော်ဝါရီ ၂၆ ရက်မှစတင်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းစဉ်များအတွက် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ငွေကျပ် ၆၃၈၃၂ သိန်း လှူဒါန်းထားရှိပြီး ဆက်လက်၍ နိုင်ငံတော်နှင့် ပြည်သူအတွက် လူမျိုး မရွေး၊ ဘာသာမရွေး၊ နေရာဒေသ မရွေး၊ လိုအပ်သည့်အချိန်၊ လိုအပ်သည့် နေရာ၊ လိုအပ်သည်များကို အချိန်နှင့် တစ်ပြေးညီ စဉ်ဆက်မပြတ်ပေးပို့ လှူဒါန်းရန် စီစဉ်ထားကြောင်းသိရ သည်။

**ကိုကျော်**

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၀-၉-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၉၀၀ | ၉,၉၀၀ | ၃,၁၇၄ | ၃၁,၄၂၂,၆၀၀ |
| MTSH | ၃,၇၀၀ | ၃,၇၅၀ | ၂၃၁ | ၈၆၁,၂၀၀ |
| MCB | ၇,၉၀၀ | ၇,၉၀၀ | ၀ | ၀ |
| FPB | ၂၁,၅၀၀ | ၂၁,၅၀၀ | ၀ | ၀ |
| TMH | ၂,၇၀၀ | ၂,၇၀၀ | ၅၀၁ | ၁,၃၅၂,၇၀၀ |
| EFR | ၃,၀၀၀ | ၃,၁၀၀ | ၅၅၇ | ၁,၆၇၁,၅၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် စက်တင်ဘာ ၁၀

ရန်ကုန်(ရွှေဈေး) ၁၃၁၆၀၀၀ မန္တလေး(ရွှေဈေး) ၁၃၁၆၀၀၀

| စက်သုံးဆီအမျိုးအစား | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၄၅/၅၈၅ ကျပ် | ၅၈၀/၆၀၀ ကျပ် |
| (ခ) ဒီဇယ် | တစ်လီတာ | ၅၃၅/၅၇၅ ကျပ် | ၅၆၅/၅၈၅ ကျပ် |
| (ဂ) အောက်တိန်း ၉၅ | တစ်လီတာ | ၆၁၅/၆၃၅ ကျပ် | ၆၇၀/၆၉၀ ကျပ် |
| (ဃ) အောက်တိန်း ၉၂ | တစ်လီတာ | ၄၈၅/၅၂၅ ကျပ် | ၅၄၅/၅၆၅ ကျပ် |

ရန်ကုန် လက်ကားဈေး

| | | |
|---|---|---|
| ဒီဇယ် | တစ်လီတာ | ၄၄၀/၄၅၀ ကျပ် |
| အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၄၅၀/၄၆၅ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၄၂၅/၄၃၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၃၅.၄ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၈၀.၆ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၅.၂၆ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၂.၆၁၇ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၂၀.၆၆ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈.၁၈၀ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၇၁.၂၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၇၆.၂၀ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၂၅၉.၆ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၂.၄၅ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
သတင်းထောက်မှူး - ဦးမြင့်စိုး
စာတည်းများ - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ဇင်မေဦး၊ ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်မျိုးမျိုးဝင်း၊ ဒေါ်ခိုင်မာဆွေနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်၊ ဒေါ်ဇာရည်မွန်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက

❖ ရွှေဖုံးမှ

ရန်ကုန်နဲ့ပတ်သက်ရင် အဓိကကတော့ အသွားအလာကန့်သတ်ဖို့ပါပဲ။ လူစုလူဝေး တွေ မဖြစ်ဖို့ပါပဲ။ အားလုံးကနေပြီးတော့ ခပ်ခွာခွာနေမယ်။ ကျွန်မတို့ သတ်မှတ်ထားတဲ့ အင်မတန်မှ လွယ်ကူပြီးတော့ ရှင်းလင်းတဲ့ စည်းမျဉ်းစည်းကမ်းတွေဖြစ်တဲ့ အပြင်သွားရင် နှာခေါင်းစည်းတပ်ပါ။ လက်အိတ်ဝတ်ရမယ့်နေရာတွေမှာ လက်အိတ်ဝတ်ပါ။ အနည်းဆုံး ခြောက်ပေကွာပြီးတော့ နေပါဆိုပြီးတော့ အဲဒီလိုသတ်မှတ်ချက်တွေကို လိုက်နာမယ်ဆိုရင် လူတိုင်းလူတိုင်း၊ တစ်ယောက်ချင်း တစ်ယောက်ချင်းစီက လိုက်နာမယ်ဆိုရင် ကျွန်မတို့ ဒီရောဂါကို မြန်မြန်ထိန်းချုပ်သွားနိုင်မှာပါ။

ဒါပေမယ့်လည်း ဒီလိုတင်းတင်းကျပ်ကျပ်နဲ့ နှစ်ပတ်၊ သုံးပတ်လောက် လိုက်နာလိုက်မယ်ဆိုရင် ကျွန်မတို့ ဒီရောဂါကို ထိန်းချုပ်နိုင်မယ့်အခြေအနေကို ရောက်လာမှာပါ။ အဲဒါကြောင့် အားလုံးကနေပြီးတော့ စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာကြပါ။ စည်းဆိုကတည်းက စည်းဆိုတာ ဘာလဲဆိုတာ စဉ်းစားပါ။ စည်းဆိုတာ နံပါတ်(၁)က ကိုယ့်ကိုယ်ကိုယ်ကာကွယ်ဖို့ပဲ ဖြစ်ပါတယ်။ နောက်ပြီးတော့ အပြင်ကလူတွေကိုလည်း ကာကွယ်ဖို့ဖြစ်ပါတယ်။ ကိုယ်စည်းမျဉ်းစည်းကမ်းကို လိုက်နာခြင်းအားဖြင့် ပထမဦးဆုံး ကိုယ့်ကိုယ်ကိုယ် ကာကွယ်ရာရောက်ပါလိမ့်မယ်။

အခု ရန်ကုန်တိုင်းမှာ ပြန့်ပွားမှုဟာ အရင်မတ်လ၊ ဧပြီလတုန်းက ပြန့်ပွားမှုနဲ့ စာရင် အများကြီးပိုပြီးတော့ မြန်တယ်ဆိုတာ ပြည်သူတွေသိပြီးသား ဖြစ်ပါလိမ့်မယ်။ မြန်ရုံတင်မကဘူး။ အခုနောက်ပိုင်းမှာဆိုရင် ကွယ်လွန်အနိစ္စရောက်တဲ့သူတွေလည်း အရင်နဲ့စာရင် မြန်လာတယ်လို့ပြောရပါလိမ့်မယ်။ အရင်တုန်းက (၆)ယောက်ပေါ့။ အခု(၈)ယောက်ဆိုတော့ (၁၄)ယောက်ရှိသွားပါပြီ။ နောက်ဖြစ်တဲ့ (၈)ယောက်ထဲမှာဆိုရင် (၂)ယောက်က အသက်လည်းမကြီးသေးပါဘူး။ အရွယ်ကောင်းတွေလို့ ပြောလို့ရတယ်။ တခြားဘာရောဂါအခံမှလည်း မရှိပါဘူး။ အဲဒါကြောင့် ကိုဗစ်ကြောင့်ပဲ အသက်ဆုံးရှုံးသွားရတယ်လို့ ကျွန်မတို့ဒီလိုပဲ ယူဆရပါတယ်။ ဒါကြောင့် ကိုဗစ်ကဖြစ်တာဖြစ်ပါစေ၊ အသက်မှ မထိခိုက်တာလို့ ဒီလိုပေါ့ပေါ့နဲ့ မစဉ်းစားပါနဲ့။ ရောဂါအခံရှိတဲ့သူတွေအတွက်တော့ အထူးအန္တရာယ်ရှိတယ်ဆိုတာတော့ ကျွန်မသေချာပြောချင်ပါတယ်။ အခုဆုံးပါးသွားတဲ့ သူတွေထဲမှာဆိုရင် ဆီးချိုနဲ့ သွေးတိုးအခံရှိတဲ့ ပြည်သူများ တော်တော်များပါတယ်။ ဆီးချိုနဲ့ သွေးတိုးအခံရှိပြီဆိုရင် ကိုဗစ်ရဲ့ အန္တရာယ်ကို မတွန်းလှန်နိုင်သလောက်ကို ဖြစ်သွားပါတယ်။ ဒါကြောင့်သတိထားကြပါ။ ကျန်းမာရေး အခြေခံမကောင်းတဲ့သူတွေ အထူးသတိထားကြပါ။ ကျန်တဲ့သူတွေလည်း သတိထားဖို့လိုပါတယ်။ နောက်ပြီးတော့လည်း အခုနောက်ပိုင်းဖြစ်တဲ့သူတွေထဲမှာဆိုရင် ဆယ်ကျော်သက်အရွယ်တွေပါလာတာလည်း ကျွန်မသတိထားမိပါတယ်။ (၁၆)နှစ်၊ (၁၅)နှစ်၊ (၁၈)နှစ်ပေါ့။ အရွယ်ကောင်းလေးတွေပေါ့။ အဲဒါကြောင့် အခုကိုဗစ်က အသက်အပိုင်းအခြားလည်းမရှိဘူး။ ရောဂါအခံရှိတာ၊ မရှိတာကိုလည်း ခွဲခြားပြီးတော့ မြင်လို့မရတော့ဘူးဆိုတာ ကျွန်မတို့ နှလုံးသွင်းဖို့တော့ အင်မတန်မှ အရေးကြီးပါတယ်။

ရန်ကုန်နဲ့ပတ်သက်ရင် အဓိကကတော့ အသွားအလာကန့်သတ်ဖို့ပါပဲ။ လူစုလူဝေးတွေ မဖြစ်ဖို့ပါပဲ။ အားလုံးကနေပြီးတော့ ခပ်ခွာခွာနေမယ်။ ကျွန်မတို့ သတ်မှတ်ထားတဲ့ အင်မတန်မှ လွယ်ကူပြီးတော့ ရှင်းလင်းတဲ့ စည်းမျဉ်းစည်းကမ်းတွေဖြစ်တဲ့ အပြင်သွားရင် နှာခေါင်းစည်းတပ်ပါ။ လက်အိတ်ဝတ်ရမယ့် နေရာတွေမှာ လက်အိတ်ဝတ်ပါ။ အနည်းဆုံး ခြောက်ပေကွာပြီးတော့ နေပါဆိုပြီးတော့ အဲဒီလိုသတ်မှတ်ချက်တွေကို လိုက်နာမယ်ဆိုရင် လူတိုင်းလူတိုင်း၊ တစ်ယောက်ချင်း တစ်ယောက်ချင်းစီက လိုက်နာမယ်ဆိုရင် ကျွန်မတို့ ဒီရောဂါကို မြန်မြန်ထိန်းချုပ်သွားနိုင်မှာပါ။ နောက်တစ်ခုကလည်း ကျွန်မတို့ကနေပြီးတော့ လူစုလူဝေးမဖြစ်အောင်ဆိုပြီး စည်းမျဉ်းစည်းကမ်းတွေ သတ်မှတ်တဲ့နေရာမှာ ပြည်သူတွေရဲ့ အသက်မွေးဝမ်းကျောင်းကို ထိခိုက်တယ်ဆိုတာ ကျွန်မတို့ သတိပြုမိပါတယ်။ ဒါကြောင့်လည်း အစိုးရအနေနဲ့ တတ်နိုင်သမျှ ဒီလိုထိခိုက်တဲ့ ပြည်သူတွေကို ပံ့ပိုးနိုင်အောင်လည်း စီစဉ်ပါတယ်။ လုပ်လည်းလုပ်ပါတယ်။ ဆက်ပြီးတော့လည်း လိုအပ်သလို လုပ်သွားပါမယ်။

ဒီလို ကိုဗစ်ကြောင့်၊ ကန့်သတ်ချက်တွေကြောင့် ကိုယ်ရဲ့နိစ္စဓူဝ အလုပ်တွေမှာ လုပ်ရတာ ခက်ခဲလာတယ်ဆိုတာတော့ သည်းခံရမယ့် ကိစ္စတစ်ခုပါ။ ကျွန်မတို့ စည်းမျဉ်းစည်းကမ်းတွေကို ကြပ်ကြပ်မတ်မတ် လိုက်နာလေလေ ဒီစည်းမျဉ်းစည်းကမ်းတွေကို မြန်မြန်ဆန်ဆန် ဖယ်ရှားပေးနိုင်မှာဖြစ်ပါတယ်။ ရန်ကုန်မှာဆိုရင် ကျွန်မတို့မြို့နယ်အချို့ကို အထူးသတိထားပြီး အိမ်အပြင်မထွက်ဖို့ သတ်မှတ်ထားပါတယ်။ ကျွန်မက နာမည်နဲ့ပြောရမယ်ဆိုရင် သဃ်္ဃန်းကျွန်းမြို့နယ်ကို ပြောဖို့လိုပါလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ သဃ်္ဃန်းကျွန်းမြို့နယ်မှာဆိုရင် ကိုဗစ်ရောဂါစွဲကပ်နေတဲ့ ပြည်သူတွေများလို့ပါ။ အဲဒီလိုဖြစ်ရတဲ့ အကြောင်းကလည်း ကာရာအိုကေနဲ့ဆိုင်တယ်လို့ ကျွန်မတို့နားလည်ပါတယ်။ သဃ်္ဃန်းကျွန်းမြို့နယ် ကာရာအိုကေဆိုင်တွေမှာ ကာရာအိုကေဆိုရာကနေပြီးတော့ ပြန့်သွားတဲ့ကိစ္စပါ။ ဒီလိုဘာဖြစ်လို့ပြန့်သွားလဲဆိုတော့ နံပါတ်(၁)က လူစုလူဝေးပေါ့။ ကာရာအိုကေ ဆိုင်တွေမှာဆိုရင် လူတွေများတယ်။ တစ်ယောက်နဲ့ တစ်ယောက် ခြောက်ပေကွာပြီးတော့နေတယ်ဆိုတာမရှိဘူး။ နောက်ပြီးတော့ သီချင်းဆိုတဲ့အခါမှာဆိုရင် ဒါဟာ ပိုးမွှားတွေကို ပြန့်အောင်လို့လုပ်နိုင်တဲ့ အထိရောက်ဆုံးနည်းပဲလို့တောင် ပြောရမလားမသိပါဘူး။ အားလုံးသီချင်းဆိုကြတယ်။ နောက်ပြီး Microphone တွေကို တစ်ယောက်ပြီး တစ်ယောက်သုံးကြတယ်။ အဲဒီကနေပြီးတော့ ကူးစက်တာတွေ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မတို့က အခုဒီလိုဆိုင်တွေအားလုံးကို ပိတ်လိုက်ပါတယ်။ ပိတ်လိုက်တဲ့အခါမှာ ကျွန်မတို့က တစ်ဖက်သတ်ကြည့်တာ မဟုတ်ပါဘူး။ တစ်ဖက်က ဒီလိုဆိုင်တွေကိုပိတ်တဲ့အခါ ဒီဆိုင်တွေကို အသက်မွေးဝမ်းကျောင်းအတွက် မှီဝဲနေရတဲ့ ပြည်သူတွေရှိတယ်ဆိုတာ ကျွန်မတို့ သဘောပေါက်ပါတယ်။ ဒါပေမယ့်လည်း ဒီပြည်သူတွေဟာ ရေတိုမှာ ဝင်ငွေမရပ်သွားဘူးဆိုပေမယ့် ရေရှည်တောင် မဟုတ်ပါဘူး။ မကြာမီကာလအတွင်းမှာပဲ ရောဂါကူးစက်ပြီးတော့ ဆက်ပြီးတော့လည်း အလုပ်မလုပ်နိုင်တဲ့ အခြေအနေ၊ ကိုယ့်ကြောင့်လည်း တခြားသူတွေ၊ ကိုယ့်ရဲ့မိသားစုအပါအဝင် ရောဂါကူးစက်သွားနိုင်တဲ့ အခြေအနေတွေ ဖြစ်နိုင်ပါတယ်။ ဒါကြောင့် ကျွန်မတို့က အခုဆိုရင် ကြပ်ကြပ်မတ်မတ် စည်းမျဉ်းစည်းကမ်းတွေ သတ်မှတ်ထားတာပါ။


နောက်ပြီးတော့ ခရီးသွားလာတာနဲ့ ပတ်သက်လို့ ပထမဦးဆုံး ရခိုင်မှာ ရောဂါပြန့်ပွားနေပြီ၊ စစ်တွေမှာ တော်တော်များများ တွေ့ပြီဆိုတာ သိတဲ့အခါမှာ ရခိုင်ဘက်ကနေပြီးတော့ တခြားတိုင်းဒေသကြီးနဲ့ ပြည်နယ်တွေကို ခရီးမထွက်ဖို့ဆိုပြီး ပိတ်ပင်လိုက်ပါတယ်။ ပိတ်ပင်လိုက်တဲ့အခါ ရခိုင်ပြည်နယ်က ကျွန်မတို့ပြည်သူတွေက ထွက်ချင်ကြတယ်။ ကျွန်မတို့က ထွက်ခွင့်မပေးဘူး။ အဲဒီတုန်းက ကျွန်မရှင်းပြပါတယ်။ ကျွန်မတို့ရဲ့ ရခိုင်က ပြည်သူတွေကို အငြိုးအတေးနဲ့လည်း မဟုတ်ပါဘူး။ ဒီလိုပြန့်သွားရင် အားလုံးအတွက် အန္တရာယ်ရှိတဲ့အပြင် တစ်တိုင်းပြည်လုံးမှာ ပြဿနာဖြစ်နေရင် ရခိုင်ပြည်နယ်အတွက်လည်း ဦးစားပေးပြီး သတ်သတ်မှတ်မှတ် လုပ်ပေးဖို့ ပိုပြီးတော့ ခက်ပါလိမ့်မယ်။ ဒါကြောင့် ကျွန်မတို့က တကယ်ရောဂါပြန့်ပွားမှုများနေတဲ့ နေရာတွေကို ဦးစားပေးပြီးတော့ သေသေချာချာလုပ်ပေးနိုင်အောင် ဒီလို ကန့်သတ်ရတာပါ။ အခုလည်း ရန်ကုန်တိုင်းမှာဆိုရင် ဒီလိုပါပဲ။ ရန်ကုန်တိုင်းအတွင်းမှာဆိုရင် တစ်တိုင်းပြည်လုံးမှာ ရောဂါပြန့်ပွားမှု အခြေအနေက အမြန်ဆုံးပဲဖြစ်ပါတယ်။ အဲဒါကြောင့် ကျွန်မတို့ အကန့်အသတ်တွေ လုပ်တာပါ။ ရန်ကုန်တိုင်းပြင်ပကိုလည်း မလိုအပ်ဘဲနဲ့ မသွားပါနဲ့။ သွားရင်လည်း တခြားတိုင်းတွေ၊ ပြည်နယ်တွေက စည်းမျဉ်းစည်းကမ်းအရ စစ်ဆေးတာတို့၊ Quarantine လုပ်တာတို့ သတ်မှတ်ပါလိမ့်မယ်။ အဲဒီအခါ အဲဒီအတိုင်းပဲ လိုက်နာရမှာဖြစ်ပါတယ်။

ဒီချိန်မှာတော့ ငြိမ်ငြိမ်လေးနဲ့ ကိုယ့်အိမ်မှာကိုယ် နေနိုင်သမျှနေတာ အကောင်းဆုံးပါပဲ။ ကိုယ့်အိမ်မှာကိုယ် နေနိုင်သမျှနေမယ်ဆိုတော့ ဈေးဝယ်သွားဖို့ကိစ္စကို တချို့က မေးပါလိမ့်မယ်။ ဈေးဝယ်သွားဖို့ဆိုတဲ့ ကိစ္စကတော့ မဖြစ်မနေ လုပ်ရမယ့်ကိစ္စဖြစ်ပါတယ်။ ဒါဟာ ကျွန်မတို့ ပြည်သူတွေက နိစ္စဓူဝ စားရေးသောက်ရေးအတွက် ဈေးသွားဖို့ လိုတယ်ဆိုတာ ကျွန်မနားလည်ပါတယ်။ ဒါပေမယ့် ဈေးတွေမှာ အရင်သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေကို ပိုပြီးတော့ တင်းတင်းကျပ်ကျပ်လိုက်နာဖို့ကို ကျွန်မတို့ ဆောင်ရွက်ပါမယ်။ မလိုက်နာတဲ့သူတွေကို ကျွန်မတို့ ဥပဒေအရ အရေးယူရပါလိမ့်မယ်။ ဥပဒေဆိုတာ ကျွန်မခဏခဏပြောပါတယ်။ ပြည်သူကို ဒဏ်ပေးဖို့မဟုတ်ဘူး။ တကယ်တော့ ကျွန်မတို့ရဲ့ လူ့အသိုင်းအဝိုင်းရဲ့ တည်ငြိမ်မှု၊ အေးဆေးမှုကို ကာကွယ်ဖို့ဖြစ်ပါတယ်။ ဒီလိုရောဂါအားလုံး ပြန့်ပွားသွားမယ်ဆိုရင် ကျွန်မတို့ လူ့အသိုင်းအဝိုင်းဟာ အများကြီး ထိခိုက်လာတဲ့အခါကျ တည်ငြိမ်မှုလည်း ရှိမှာ မဟုတ်ပါဘူး။ အေးငြိမ်းမှုလည်းရှိမှာ မဟုတ်ပါဘူး။ ဒါကြောင့် ကျွန်မတို့ကနေပြီးတော့ စည်းမျဉ်းစည်းကမ်း မလိုက်နာရင် သဘာဝဘေးအန္တရာယ်ဥပဒေအရ အရေးယူမယ်လို့ပြောတာက သဘာဝဘေးအန္တရာယ်ဥပဒေဟာ ကူးစက်ရောဂါဥပဒေထက် ပိုပြီးတော့ ပြင်းထန်ပါတယ်။ ဒီလိုပဲ ပြင်းပြင်းထန်ထန်လုပ်နိုင်မှ ကျွန်မတို့ဟာ ထိထိရောက်ရောက် ကိုဗစ်ရောဂါပြန့်ပွားမှုကို ထိန်းချုပ်နိုင်မှာပါ။ ကျွန်မတို့ ဘာတွေရည်ရွယ်တယ်။ ဘာတွေလုပ်စေချင်တယ်ဆိုတာကို တစ်ချိန်လုံး ညွှန်ကြားချက်တွေ ထုတ်နေပါတယ်။ ဒီညွှန်ကြားချက်တွေကို ပြည်သူလူထုက သေချာလေ့လာစေချင်ပါတယ်။ ကျွန်မအနေနဲ့ ဒီအချိန်မှာ အားလုံးကို ဖတ်ပြမှာ မဟုတ်ပါဘူး။ ဒါတွေဟာ ကျွန်မတို့ ရုပ်မြင်သံကြားမှာလည်း မကြာခဏတင်ပါမယ်။ နောက်ပြီး သတင်းစာတွေထဲမှာလည်း ထည့်ပါမယ်။ အဲဒါတွေကို ပြည်သူတွေ လေ့လာစေချင်ပါတယ်။ ဒီညွှန်ကြားချက်တွေကိုလည်း လိုက်နာစေချင်ပါတယ်။

အခုအချိန်မှာ နေပြည်တော်က နိုင်ငံရဲ့ အစိုးရရုံးစိုက်ရာနေရာဆိုပေမယ့် ရန်ကုန်ဆိုတာဟာ ကျွန်မတို့ပြည်သူတွေ တော်တော်များများရဲ့ နှလုံးသားထဲမှာ နှလုံးသားမြို့တော်ကြီးပါပဲ။ ဒါကြောင့် ဒီလိုမြို့တော်ကြီးကနေပြီးတော့ တကယ့်ကို ကောင်းတဲ့နမူနာ၊ စံအနေနဲ့ရပ်တည်ဖို့ အင်မတန်မှ အရေးကြီးပါတယ်။ ရခိုင်ပြည်နယ်မှာဆိုရင်တောင်မှ ကျွန်မတို့ ထိန်းချုပ်နိုင်ပြီ။ ထိန်းချုပ်နိုင်တဲ့အဆင့်ကို ရောက်လာပြီ။ ထိန်းချုပ်လို့ ပြီးစီးသွားပြီလို့ ပြောတာမဟုတ်ပါဘူး။ အဲဒီတော့ ကျွန်မတို့ရဲ့ ရန်ကုန်တိုင်းမှာ ဘာလို့မဖြစ်နိုင်ရမှာလဲ။ ကျွန်မတို့ပြည်သူတွေရဲ့ နှလုံးသားထဲက မြို့တော်ကြီးက ဘာဖြစ်လို့ ဒီကိစ္စကို အောင်အောင်မြင်မြင် မဆောင်ရွက်နိုင်ရမှာလဲ။ အဲဒါကို ကြိုးစားကြပါ။ အားလုံးကနေပြီးတော့ စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာကြပါ။ စည်းမျဉ်းစည်းကမ်းတွေကလည်း စောစောက ကျွန်မပြောတဲ့အတိုင်းပဲ ခက်ခက်ခဲခဲ မဟုတ်ပါဘူး။ အင်မတန် ရိုးရှင်းပါတယ်။ ဘာကြောင့် ဒီလိုစည်းမျဉ်းစည်းကမ်းတွေကို သတ်မှတ်တယ်ဆိုတာ ပြည်သူတွေ နားလည်ဖို့လည်း ခက်ခဲတာမဟုတ်ပါဘူး။ ဒါကြောင့် စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာပါ။ သိပ်ပြီးတော့ စိုးရိမ်မလွန်ပါနဲ့။ ဒါပေမယ့် သတိဆိုတာတော့ လွန်ကဲတယ် မရှိပါဘူး။ သတိတော့ အမြဲပဲချပ်ပါ။ ကျွန်မတို့ အတတ်နိုင်ဆုံး၊ အမြန်ဆုံး တင်းကျပ်တဲ့အခြေအနေက ပိုပြီးတော့ ဖြေလျှော့နိုင်အောင် ကြိုးစားသွားပါမယ်။ ဒါပေမယ့် ကြိုးစားတဲ့နေရာမှာ ကျွန်မခဏခဏပြောတဲ့အတိုင်း ပြည်သူသာလျှင် အဓိကပါ။ ပြည်သူတွေပါဝင်မှ ကျွန်မတို့ရဲ့ ကြိုးစားမှုတွေက အောင်မြင်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ရန်ကုန်သူ၊ ရန်ကုန်သားတွေ ကိုယ့်အစွမ်းကိုပြကြပါ။ ကိုဗစ်ကို ဘယ်လောက်မြန်မြန်၊ ဘယ်လောက် ထိထိရောက်ရောက် ထိန်းချုပ်နိုင်မလဲဆိုတာ ကျွန်မတို့နိုင်ငံ တစ်နိုင်ငံလုံးတင်သာမက တစ်ကမ္ဘာလုံးကနေ သိနိုင်အောင်လို့ အစွမ်းပြကြပါလို့ မေတ္တာရပ်ခံရင်းနဲ့ နိဂုံးချုပ်ပါတယ်။ အားလုံး ကျန်းမာချမ်းသာကြပါစေ။

အခုအချိန်မှာ နေပြည်တော်က နိုင်ငံရဲ့ အစိုးရရုံးစိုက်ရာနေရာဆိုပေမယ့် ရန်ကုန်ဆိုတာဟာ ကျွန်မတို့ ပြည်သူတွေ တော်တော်များများရဲ့ နှလုံးသားထဲမှာ နှလုံးသားမြို့တော်ကြီးပါပဲ။ ဒါကြောင့် ဒီလိုမြို့တော်ကြီး ကနေပြီးတော့ တကယ့်ကို ကောင်းတဲ့နမူနာ၊ စံအနေနဲ့ ရပ်တည်ဖို့ အင်မတန်မှ အရေးကြီးပါတယ်။ ရခိုင်ပြည်နယ်မှာဆိုရင်တောင်မှ ကျွန်မတို့ ထိန်းချုပ်နိုင်ပြီ။ ထိန်းချုပ်နိုင်တဲ့အဆင့်ကို ရောက်လာပြီ။ ထိန်းချုပ်လို့ ပြီးစီးသွားပြီလို့ ပြောတာမဟုတ်ပါဘူး။ အဲဒီတော့ ကျွန်မ တို့ရဲ့ ရန်ကုန်တိုင်းမှာ ဘာလို့မဖြစ်နိုင်ရမှာလဲ။ ကျွန်မတို့ ပြည်သူတွေရဲ့ နှလုံးသားထဲက မြို့တော်ကြီးက ဘာဖြစ် လို့ ဒီကိစ္စကို အောင်အောင်မြင်မြင် မဆောင်ရွက်နိုင်ရမှာ လဲ။ အဲဒါကို ကြိုးစားကြပါ။ အားလုံးကနေပြီးတော့ စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာကြပါ။



ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်ဦးဆောင်သော မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့ (၄၁)ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံ ဒုတိယစုံညီအစည်းအဝေးနှင့် ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်ကြစဉ်။

# ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်ဦးဆောင်သော မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့ (၄၁)ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံ ဒုတိယစုံညီအစည်းအဝေးနှင့် ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်

နေပြည်တော် စက်တင်ဘာ ၁၀

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ဦးဆောင်သော မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပသည့် (၄၁) ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံ ဒုတိယစုံညီအစည်းအဝေးနှင့် ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ဒုတိယစုံညီအစည်းအဝေးကို နံနက် ၈ နာရီခွဲတွင် စတင်ကျင်းပရာ သက်ဆိုင်ရာကဏ္ဍအလိုက် ကော်မတီများ၏ အစီရင်ခံစာများကို တင်ပြဖတ်ကြားအတည်ပြုကြပြီး (၄၁)ကြိမ်မြောက် AIPA အထွေထွေညီလာခံ၏ ကြေညာချက်(Joint Communique)ကို ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များက E-Signature ဖြင့် အတည်ပြုလက်မှတ်ရေးထိုးကြသည်။

ဆက်လက်၍ ညီလာခံပိတ်ပွဲအခမ်းအနားတွင် AIPA လေ့လာသူ ပါလီမန်များအဖြစ် မော်ရိုကိုနှင့် နော်ဝေပါလီမန်တို့ကို လက်ခံခြင်း၊ လာအို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ဗီယက်နမ်အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌတို့အား AIPA စွမ်းဆောင်ရည်ဆု ပေးအပ်ချီးမြှင့်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

ထို့နောက် အိမ်ရှင် AIPA အလှည့်ကျဥက္ကဋ္ဌ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ညီလာခံပိတ်ပွဲ နှုတ်ခွန်းဆက်စကားပြောကြားပြီး လာမည့်နှစ် (၄၂)ကြိမ်မြောက် AIPA အထွေထွေညီလာခံ ဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်မည့် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဥပဒေပြုကောင်စီသို့ လွှဲပြောင်းတာဝန်ပေးအပ်ရာ ဥပဒေပြုကောင်စီဥက္ကဋ္ဌက AIPA ဥက္ကဋ္ဌတာဝန် လက်ခံရယူကြောင်း မိန့်ခွန်းအား Video Clip ဖြင့် ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## နေပြည်တော်မှ ပြည်သူများသို့ တိုက်တွန်းအကြံပြုချက်များ

၁။ နေပြည်တော်အတွင်းသို့ တရားမဝင်သည့် နည်းလမ်းဖြင့် မဝင်ရောက်ကြရန် လိုအပ်ပါသည်။ တခြားဒေသများမှ ပြန်လာလျှင်လည်း အသိပေးပြီး စစ်ဆေးခံကြရန် လိုအပ်ပါသည်။ ကိုဗစ်ရောဂါ စမ်းသပ်စစ်ဆေးခကို များစွာလျှော့ချထားပါသည်။

၂။ ရန်ကုန် - မန္တလေး အမြန်လမ်းနှင့် လမ်းဟောင်းတချို့နေရာများတွင် ကားပေါ်မှဆင်းပြီး ဆိုင်ကယ်လမ်းများ၊ ကျေးရွာချင်းဆက်လမ်းမှတစ်ဆင့် နေပြည်တော်သို့ ဝင်ရောက်ခြင်းများရှိသည်ကို ကြားသိနေရသည့်အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ညှိနှိုင်းပြီး ကြပ်ကြပ်မတ်မတ် ထိန်းချုပ်နေသည်။

၃။ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများကို မိမိရပ်ကွက် / ကျေးရွာသို့ ဝင်ရောက်လာသူများ၊ ပြန်လာသူများရှိပါက ချက်ချင်းသတင်းပို့ရန်၊ ကြပ်မတ်ရန်နှင့် Quarantine စင်တာများသို့ ပို့ဆောင်ရန် ညွှန်ကြားထားသည်။

၄။ ကုန်စည်စီးဆင်းမှုအဆင်ပြေစေရန် ဖြတ်သန်းမှုများနှင့်ပတ်သက်၍ အဝင်ဂိတ်များတွင် စလစ်များပေးပြီး အထွက်ဂိတ်ကို တောက်လျှောက်မောင်းနှင်ရန်၊ လမ်းတွင် တခြားနေရာများသို့ မဝင်ရောက်ရန်၊ အထွက်ဂိတ်တွင် စလစ်ပြန်အပ်ရန် ညွှန်ကြားထားပါသည်။

၅။ နေပြည်တော်ရှိ မြို့နယ်များ၌ Mask တပ်ဆင်ရေး၊ ကိုဗစ်ပညာပေးလုပ်ငန်းများကို အသံချဲ့စက်ဖြင့် လိုက်လံဆော်သြခြင်းနှင့် ညမထွက်ရအမိန့် လိုက်နာမှုရှိစေရန် ကြပ်မတ်ဆောင်ရွက်လျက်ရှိပြီး စားသောက်ဆိုင်များတွင်လည်း ရှောင်တခင်စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများသို့ တိုက်တွန်းအကြံပြုချက်များ

၁။ ရန်ကုန်မြို့တွင် Quarantine ဝင်နေသူလူဦးရေ ၆၀၀၀ ခန့်ရှိပါသည်။ ရခိုင်ပြည်နယ်မှ ပြန်လာသည့် လူဦးရေ ၁၀၀၀ ကို နှစ်ရက်အတွင်း နေရာထိုင်ခင်း ဖန်တီးပေးထားပါသည်။ ယခု Contact များလာသည့်အတွက် လူဦးရေ ၁၀၀၀ ခန့်အတွက် Quarantine Center ခုနစ်ခု အသစ်ဖွင့်လှစ်ပြီး ဆောင်ရွက်ပေးထားပါသည်။ Quarantine Center ဝင်ရောက်သူများအား ရန်ကုန်မြို့ရှိ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာ့ဝန်ထမ်းများအနေဖြင့် ကူညီရန် လာရောက်ဆက်သွယ်ပေးစေလိုပါသည်။

၂။ ရန်ကုန်မြို့သူ မြို့သားများအနေဖြင့် Contact Tracing ကို ရှာသည့်အခါတွင် ရောဂါပိုးရှိသူနှင့် ထိတွေ့ခဲ့သူရပ်ကွက်၌ ရှိနေပြီဆိုပါက စိုးရိမ်ထိတ်လန့်မှုမရှိစေဘဲ Quarantine Center များသို့ မြန်မြန်ဆန်ဆန် ပို့ဆောင်ပေးရန် လိုအပ်ပါသည်။

၃။ Quarantine Center များသို့ ရောက်ရှိသွားပါက သတ်မှတ်ထားသည့် စည်းကမ်းချက်များအား လိုက်နာနေထိုင်ကြစေရန်နှင့် Quarantine ဝင်ရောက်နေကြသူများအား စားသောက်ဖွယ်ရာများ ပို့ဆောင်ရာတွင် အရက်သေစာနှင့် ဆေးလိပ်တို့ကို ထည့်သွင်းပို့ဆောင်ခြင်းမပြုလုပ်ကြရန် မေတ္တာရပ်ခံလိုပါသည်။

၄။ ရန်ကုန်မြို့သူ မြို့သားများအနေဖြင့် အခက်အခဲများ၊ စိန်ခေါ်မှုများ၊ ဝန်ထုပ်ဝန်ပိုးများလည်း များပြားပါသည်။ သို့ဖြစ်၍ Stay Home သတ်မှတ်ကာလ နှစ်ပတ်၊ သုံးပတ်ခန့် အချိန်အတွင်း မိမိတို့နေအိမ်တွင် နေထိုင်ခြင်းဖြင့် စည်းကမ်းများကို တိတိကျကျလိုက်နာကြရန်၊ မဖြစ်မနေ ပြင်ပသို့သွားရောက်ရပါက Mask များ မဖြစ်မနေတပ်ကြရန်၊ ရန်ကုန်မြို့သည် လူဦးရေများပြားသည့်အတွက် ယခုလို ကူးစက်ပြန့်ပွားမှု မြင့်တက်လာချိန်၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများအား အထူးဂရုပြုလိုက်နာကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် အာဆီယံနှင့်ဆွေးနွေးဖက်နိုင်ငံများအကြား သီးခြားစီကျင်းပသည့် နိုင်ငံခြားရေးဝန်ကြီးများ၏ အစည်းအဝေးများသို့ ပါဝင်တက်ရောက်ပြီး အာဆီယံ-ကနေဒါ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး၌ ပူးတွဲသဘာပတိ ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၀**

အာဆီယံ-အမေရိကန် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၊ အာဆီယံ-ကနေဒါ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၊ အာဆီယံ- ဩစတြေးလျ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် အာဆီယံ-နယူးဇီလန်နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးများကို ယနေ့ နံနက် ၇ နာရီခွဲမှစတင်၍ ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပရာ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တက်ရောက်သည်။

**အမြင်ချင်းဖလှယ်**

အစည်းအဝေးများတွင် နိုင်ငံခြားရေးဝန်ကြီးများက အာဆီယံနှင့် သက်ဆိုင်ရာ ဆွေးနွေးဖက်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများကို ပြန်လည်သုံးသပ်ပြီး အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်နိုင်မည့် အလားအလာများနှင့် ဒေသတွင်းနှင့် နိုင်ငံတကာရေးရာကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံအနေဖြင့် အာဆီယံ-ကနေဒါ ဆွေးနွေးဖက်ဆက်ဆံရေး၏ လက်ရှိညှိနှိုင်းရေးမှူးတာဝန်ကို ရယူထားသည်ဖြစ်ရာ အာဆီယံ-ကနေဒါ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ကနေဒါနိုင်ငံခြားရေးဝန်ကြီး Mr. François-Philippe Champagne နှင့်အတူ ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်သည်။



ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် အာဆီယံ-ကနေဒါ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်စဉ်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများကိုယ်စား ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးပြောကြားရာတွင် အာဆီယံ-ကနေဒါ ဆွေးနွေးဖက်ဆက်ဆံရေးသည် ပုံမှန်တိုးတက်လျက်ရှိသည့်အပြင် အာဆီယံ-ကနေဒါ မိတ်ဖက်ဆက်ဆံရေး တိုးမြှင့်ခြင်းဆိုင်ရာ လုပ်ငန်းစီမံချက်(၂၀၁၆-၂၀၂၀)ကို အကောင်အထည်ဖော်ရာတွင် သိသာထင်ရှားသည့် အောင်မြင်မှုများ ရရှိနေခြင်းကို တန်ဖိုးထားကြောင်း ထည့်သွင်းပြောကြားခဲ့ပြီး အာဆီယံ-ကနေဒါ ဆွေးနွေးဖက်ဆက်ဆံရေးကို အားလုံးပါဝင်မှု၊ သာတူညီမျှရှိမှု၊ အပြန်အလှန်လေးစားမှုနှင့် အပြန်အလှန် အကျိုးဖြစ်ထွန်းမှုတို့အပေါ်တွင် အခြေခံလျက် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်မည့် နယ်ပယ်များကို ဆွေးနွေးပြောကြားသည်။

**အတည်ပြု**

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက အာဆီယံနှင့် ကနေဒါနိုင်ငံတို့အကြား လက်ရှိမိတ်ဖက်ဆက်ဆံရေးကို တိုးတက်ခိုင်မာစေရန်နှင့် ဆွေးနွေးဖက်ဆက်ဆံရေးကို အဆင့်မြှင့်တင်ရန်တို့အတွက် ကနေဒါနိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြားတွင် အပြန်အလှန်ယုံကြည်မှု၊ ထိတွေ့ဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို တိုးမြှင့်ရန် အရေးကြီးကြောင်း အလေးထားပြောကြားသည်။ အစည်းအဝေးအပြီးတွင် ဝန်ကြီးများက အာဆီယံ-ကနေဒါ မိတ်ဖက်ဆက်ဆံရေး တိုးမြှင့်ခြင်းဆိုင်ရာ လုပ်ငန်းစီမံချက် (၂၀၂၁-၂၀၂၅) ကို အတည်ပြုခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့် အာဆီယံအစိုးရအချင်းချင်းဆိုင်ရာ လူ့အခွင့်အရေးကော်မရှင်ကိုယ်စားလှယ်များ တွေ့ဆုံပွဲနှင့် ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးနှင့် လုံခြုံရေးတို့တွင် အမျိုးသမီးများ၏ အခန်းကဏ္ဍ မြှင့်တင်ရေးဆိုင်ရာ အာဆီယံဝန်ကြီးအဆင့် ဆွေးနွေးပွဲတို့သို့ ပါဝင်တက်ရောက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၁-၂၀၂၂ ပညာသင်နှစ် အခြေခံပညာကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ ပုံနှိပ်၊ ထုတ်လုပ်၊ ဖြန့်ချိနိုင်ရေး ပြင်ပပုဂ္ဂလိကသို့ တင်ဒါစနစ်ဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် စက်တင်ဘာ ၁၀**

၂၀၂၁-၂၀၂၂ ပညာသင်နှစ် အခြေခံပညာကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ ပုံနှိပ်၊ ထုတ်လုပ်၊ ဖြန့်ချိနိုင်ရေး ပြင်ပပုဂ္ဂလိကသို့ တင်ဒါစနစ်ဖြင့် လုပ်ငန်းအပ်နှံ ဆောင်ရွက်နိုင်ရေး ဆပ်ကော်မတီနှစ်ရပ် ပူးပေါင်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၃/၂၀၂၀) ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ချိတ်ဆက်ကျင်းပသည်။

**အမှာစကားပြောကြား**

ရှေးဦးစွာ ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ထုတ်လုပ်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ကျောင်းသုံးစာအုပ်များ ဖြန့်ချိရေးဆပ်ကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ထုတ်လုပ်ရေးဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ကျောင်းသုံးစာအုပ်များ ဖြန့်ချိရေးဆပ်ကော်မတီ အတွင်းရေးမှူး အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်းနှင့် ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ထုတ်လုပ်ရေး ဆပ်ကော်မတီအတွင်းရေးမှူး ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်တို့က ၂၀၂၁-၂၀၂၂ ပညာသင်နှစ် အခြေခံပညာကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ ပုံနှိပ်၊ ထုတ်လုပ်၊ ဖြန့်ချိနိုင်ရေး ပြင်ပပုဂ္ဂလိကသို့ တင်ဒါစနစ်ဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်နိုင်ရေးနှင့် စပ်လျဉ်း၍ ဆပ်ကော်မတီအလိုက် ဆောင်ရွက်လျက်ရှိသည်များကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် အစည်းအဝေး တက်ရောက်ကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြပြီး ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် ဦးဝင်းမော်ထွန်းတို့က ဖြည့်စွက်ဆွေးနွေးကြသည်။

ထို့နောက် အစည်းအဝေး ဆုံးဖြတ်ချက်များကို အတည်ပြုပြီး ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက နိဂုံးချုပ် အမှာစကား ပြောကြားခဲ့သည်။

**သတင်းစဉ်**

# အားကစားတိုးတက်ရေးအတွက် ရှေ့လာမည့်ငါးနှစ်အတွင်း ဆောင်ရွက်မည့်အစီအစဉ်များ သက်ဆိုင်ရာနှစ်အပိုင်းအခြားအလိုက် စီမံချက်ရေးဆွဲခြင်း ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၀**

အားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအလိုက် ရှေ့လာမည့်ငါးနှစ်အတွင်း ဆောင်ရွက်မည့်အစီအမံများ နှစ်အပိုင်းအခြားအလိုက် စီမံချက်ရေးဆွဲခြင်း ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန၌ ဗီဒီယိုကွန်ဖရင့်စနစ်အသုံးပြု၍ ကျင်းပသည်။

အခမ်းအနားသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်၊ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးသိန်းထွန်းလတ်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသော ဦးထွန်းမြင့်ဦး၊ ဦးကျော်ဆန်း၊ ဦးကျော်ဦး၊ ဌာနခွဲညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ညွှန်ကြားရေးမှူးများ၊ အားကစားနှင့် ကာယပညာသိပ္ပံကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



**သမားရိုးကျမှ ဖောက်ထွက်**

အစည်းအဝေးတွင် ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က ယနေ့ကျင်းပသော အားကစားတိုးတက်ရေးဆိုင်ရာ အစည်းအဝေးတွင် သမားရိုးကျလုပ်ဆောင်မှုများမှ ဖောက်ထွက်ပြီး မြေပြင်တွင် အမှန်တကယ်လုပ်ဆောင်နိုင်မည့် အားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူတစ်ရပ်လုံး အမှန်တကယ်ပါဝင်ဆောင်ရွက်နိုင်မည့် ဖြစ်နိုင်ခြေရှိသည့် အစီအမံများကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ အကောင်းဆုံး တင်ပြဆွေးနွေးကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ကချင်ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်သူ၊ ကယားပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမိုးကျော်လွင်နှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသက်လွင်ဦးတို့က ၂၀၂၁-၂၀၂၂ မှ ၂၀၂၅-၂၀၂၆ အထိ ရှေ့လာမည့်ငါးနှစ်အတွင်း စီစဉ်ဆောင်ရွက်မည့် အစီအမံများကို အသေးစိတ်ဆွေးနွေးတင်ပြကြသည်။

**ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်**

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာ မြလေးစိန်က နိဂုံးချုပ်အနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဒေသနှင့်ကိုက်ညီမှုရှိပြီး ဒေသခံများစိတ်ပါဝင်စားပြီး အားသာသည့် အားကစားနည်းများကို ဦးစွာပထမ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း၊ ဒေသတွင်းရှိနည်းပြများ အရည်အသွေးတိုးတက်ကောင်းမွန်စေလိုကြောင်း၊ အားကစားသင်တန်းများ ပြိုင်ပွဲများတွင် အရည်အချင်းပြည့်မီသော လူငယ်အားကစားသမားကောင်းများရရှိစေနိုင်ရေးအတွက် Talent Scout အဖွဲ့များ ဖွဲ့စည်းထားရှိရန်လိုအပ်ပါကြောင်း၊ ဒေသတွင်းအားကစားပြိုင်ပွဲများ ကျယ်ကျယ်ပြန့်ပြန့် ကျင်းပနိုင်ရန်သာမက ဒေသတွင်း မြို့နယ်များရှိ မသန်စွမ်းပြည်သူများ၊ ဉာဏ်ရည်မမီကလေးသူငယ်နှင့် သက်ကြီးရွယ်အိုများအတွက် စိတ်ခတ်မြှင့်တင်ရေး အားကစားဆိုင်ရာ အစီအစဉ်များပါ ထည့်သွင်းစဉ်းစားကျင်းပပေးသင့်ပါကြောင်း၊ ဒေသတွင်းရိုးရာအားကစားနည်းများ ရှာဖွေဖော်ထုတ်၍ ကျင်းပပေးစေလိုပါကြောင်း ပြည်သူများအား အားကစားပြုလုပ်ခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ အားကစားတန်ဖိုးများကို သိရှိစေရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# ကိုဗစ်အလွန်အဆင့်မြင့်ပညာရေးကဏ္ဍ (၁၀)
# ခရီးသွားလုပ်ငန်းပညာနှင့် သတင်းပညာ (Tourism and Journalism)

**ဒေါက်တာမျိုးကြွယ် (ဆင်ပေါင်ဝဲ)**



ကျွန်တော်ပါဝင်သော အမျိုးသားပညာရေးမူဝါဒကော်မရှင် (NEPC) ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်သုံးဦးတို့သည် ၂၀၂၀ ပြည့်နှစ် ဩဂုတ်လ ၁၃ ရက်နေ့တွင် အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ် (National Management Degree College) သို့ လေ့လာရေးခရီးသွားရောက်ခဲ့ပါသည်။ ဤကောလိပ်သည် သာမန်သမားရိုးကျကောလိပ်၊ တက္ကသိုလ်များနှင့်မတူ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာဘွဲ့ (B.BM – Bachelor of Business Management)၊ လုပ်ငန်းခွင်သုံး အင်္ဂလိပ်စာဘွဲ့ (B.A. EPP – Bachelor of Arts (English for Professional Purposes)၊ ခရီးသွားလုပ်ငန်းနှင့် ဧည့်ဝန်ဆောင်စီမံခန့်ခွဲမှုပညာဘွဲ့ (B.THM – Bachelor of Tourism and the Hospitality Management )၊ သတင်းအတတ်ပညာဘွဲ့ [ B.A. JNL – Bachelor of Arts (Journalism)] တို့ကို ဘွဲ့ပေးရာ ဘွဲ့ရရှိသူအားလုံးနီးပါး အလုပ်အကိုင်ရရှိကြပါသည်။

**ပညာရှင်ဦးရေမွေးထုတ်ပေးနိုင်ရန် စီမံကိန်းချမှတ်ရ**

ကျွန်တော်အပါအဝင် မိဘအများစုမှာ သားသမီးကို ချစ်ခင်ကြသည့်အလျောက် သားသမီးတိုင်း ဘွဲ့ရစေချင်သည်၊ သားသမီးများက ဘွဲ့လွန်သင်တန်း (မဟာ၊ ပါရဂူ) ဆက်တက်ချင်သည် ဆိုလျှင်လည်း ငွေကြေးအကုန်အကျခံပြီးထားပေးနေကြပါသည်။ ရရှိသောဘွဲ့က အလုပ်အကိုင်နှင့်ကိုက်ရဲ့လား၊ နိုင်ငံတော်အတွက် တကယ်လိုအပ်နေသောဘာသာရပ်ဖြစ်ရဲ့လား၊ မစဉ်းစားအားပါ။ အချိန်အကုန်ခံ၊ ငွေအကုန်ခံပြီး ထားပေးနေကြပါသည်။ နိုင်ငံအတော်များများမှာ အဆင့်မြင့်ပညာ သင်ကြားပေးသော တက္ကသိုလ်အများစုသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးကို တိုက်ရိုက်အထောက်အကူပြုနိုင်သောဘာသာရပ်များကိုသာ ဦးစားပေး သင်ကြားကြပါသည်။ တက္ကသိုလ်များ လက်ရှိသင်ကြားနေသော သင်ရိုးညွှန်းတမ်းများသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးကို တိုက်ရိုက်အထောက်အကူမပြုနိုင်သေးပါက လက်ရှိသင်ယူ၊ သင်ကြားနေသော ဘာသာများကို ခေတ္တဆိုင်းငံ့ပြီး ဘာသာရပ်အသစ်ပြောင်းလဲသင်ကြားပေးနိုင်သော တက္ကသိုလ်များအဖြစ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ပဋိညာဉ် (University Charter or Act) အရ ဆောင်ရွက်ကြပါသည်။ တက္ကသိုလ်များမှမွေးထုတ်လိုက်သော ဘွဲ့ရပညာတတ်များသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် တိုက်ရိုက်အထောက်အကူပြု မပြုကို နိုင်ငံတော် ဘဏ္ဍာငွေများဖြင့် အရင်းအနှီးပြုထားရသော တက္ကသိုလ် အဆောက်အအုံ၊ နှစ်စဉ်ကုန်ကျစရိတ်၊ ဆရာ ဆရာမ၊ ဝန်ထမ်းများလစာများအပါအဝင် ထည့်တွက်ရပါမည်။ နောင် ငါးနှစ်၊ ၁၀ နှစ် အတွက် ဘာသာရပ်အလိုက် လိုအပ်မည့်ပညာရှင်ဦးရေ (ဥပမာ – ဆရာဝန်၊ အင်ဂျင်နီယာ၊ ပညာရေး၊ စီးပွားရေး စသည်) မွေးထုတ်ပေးနိုင်ရန် စီမံကိန်းချမှတ်ရပါမည်။

**တာဝန်ထမ်းဆောင်လျက်ရှိ**

ကျွန်တော်သည် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ စိုက်ပျိုးရေးပညာဘွဲ့ (B.Ag) ကို ၁၉၇၉ ခုနှစ်တွင်ရရှိခဲ့ပြီး ယင်းတက္ကသိုလ် လယ်ယာသီးနှံဌာန (Agronomy Department)၌ ဘွဲ့ရပြီးသည်မှစတင်၍ သရုပ်ပြ၊ လက်ထောက်ကထိက၊ ကထိက၊ တွဲဖက်ပါမောက္ခ၊ ပါမောက္ခ (ကျောင်းအုပ်ကြီး)၊ ဒုတိယ ပါမောက္ခချုပ်၊ ပါမောက္ခချုပ်အဖြစ် အလုပ်တာဝန်ထမ်းဆောင်ခဲ့ရာ ၂၀၁၈ ခုနှစ်တွင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ်အဖြစ်မှ အငြိမ်းစားယူခဲ့ပြီး ယခုအခါ အမျိုးသားပညာရေးမူဝါဒကော်မရှင်တွင် ဥက္ကဋ္ဌ အဖြစ် တာဝန်ထမ်းဆောင်လျက် ရှိပါသည်။ ကျွန်တော်စာရေးလျှင် ကလောင်အမည်မှာ ဒေါက်တာမျိုးကြွယ် (ဆင်ပေါင်ဝဲ)၊ ဒေါက်တာမျိုးကြွယ် (AUAA) – Agricultural University Alumni Association စိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့ရအသင်း၊ ဒေါက်တာမျိုးကြွယ် (NEPC)– National Education Policy Commission – အမျိုးသားပညာရေး မူဝါဒကော်မရှင်၊ အမျိုးမျိုးရေးသော်လည်း တစ်ဦးတည်းဖြစ်ပါသည်။ ၂၀၁၁ ခုနှစ် ဒုတိယပါမောက္ခချုပ်ဖြစ်သည်မှစ၍ သတင်းစာ၊ ဂျာနယ်တို့တွင် ဆောင်းပါးများ မကြာမကြာရေးဖြစ်လာပါသည်။ အထူးသဖြင့် အမေရိကန်၊ ဗြိတိန်၊ ဂျာမနီ၊ နယ်သာလန်၊ ဩစတြေးလျ၊ ဂျပန်၊ တရုတ်၊ တောင်ကိုရီးယား၊ အိန္ဒိယ၊ ဗီယက်နမ်၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ထိုင်း စသည့်နိုင်ငံများ၏ တက္ကသိုလ်များကို သွားရောက်လေ့လာခွင့်ရသည့်အခါ သူတို့ ဖွံ့ဖြိုးတိုးတက်သကဲ့သို့ ကျွန်တော်တို့နိုင်ငံသည်လည်း မည်သည့်အတွက်ကြောင့် မတိုးတက်ဘဲနေရမည်လဲဟူ၍ စိတ်ထဲတွင် အမြဲကိန်းအောင်းလျက် ရှိပါသည်။

**နာမည်ကြီးတက္ကသိုလ်အဖြစ် ရပ်တည်ခဲ့ရဖူး**

သူတို့၏ ပြောစကားများအရ တက္ကသိုလ်ကို လွတ်လပ်စွာ စီမံခန့်ခွဲနိုင်မှုသည် (University Autonomy) တစ်နည်းအားဖြင့် ဗဟိုလုပ်ပိုင်ခွင့်အာဏာကိုလျှော့ချခြင်း (Decentralization) သည် အရေးကြီးသည်ဆိုသည်ကို မကြာမကြာကြားသိနေရပါသည်။ ကျွန်တော်တို့နိုင်ငံတွင်လည်း ထိုလုပ်ငန်းစဉ်ကို ၁၉၆၂ ခုနှစ် မတိုင်မီက ရန်ကုန်တက္ကသိုလ်တွင် ရရှိကျင့်သုံးခဲ့ပြီး ရန်ကုန် တက္ကသိုလ်သည် အရှေ့တောင်အာရှဒေသအတွင်း နာမည်ကြီးတက္ကသိုလ် (Flagship University) အဖြစ် ရပ်တည်ခဲ့ရဖူးပါသည်။ ထိုကဲ့သို့ နိုင်ငံတကာ ဂုဏ်သတင်းမွှေးသော (Reputable University) တက္ကသိုလ်များအဖြစ်သို့ မြန်မာနိုင်ငံတက္ကသိုလ်များ ပြန်လည်ရောက်ရှိလာစေရန် ကိုဗစ်အလွန်ကာလတွင် အင်အားအပြည့်ဖြင့် အရွေ့တစ်ခုရအောင် ဤဆောင်းပါးများမှ အုတ်တစ်ချပ်၊ သဲတစ်ပွင့်ပမာ ပါရမီဖြည့်ခွင့်ရလျှင် ကျွန်တော့်အနေဖြင့် ကျေနပ်အားရပီတိဖြစ်မိပါပြီ။

**ပူးပေါင်းဆောင်ရွက်လျက်ရှိ**

အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ် (NMDC) ၏ အခြားတက္ကသိုလ်၊ ကောလိပ်များနှင့် မတူသည့်အချက်မှာ ခေတ်မီနည်းပညာများကို အသုံးပြုကာ စာတွေ့၊ လက်တွေ့ ပေါင်းစပ်သင်ကြားမှု ပုံသဏ္ဌာန်ကို ကောလိပ်ရှိ ဆရာဆရာမများအပြင် အခြားတက္ကသိုလ်ရှိ ဆရာဆရာမများနှင့် ပြင်ပလုပ်ငန်းရှင်များ၊ အသိပညာ၊ အတတ်ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိခြင်းဖြစ်သည်။ ထို့အပြင် ကျောင်းသား ကျောင်းသူများအားလုံးကို လုပ်ငန်းခွင်အလုပ်သင်လုပ်ငန်း (Internship) နှစ်လမှ ခြောက်လအတွင်း လက်တွေ့လုပ်ငန်းခွင်ဆင်းရန် စီစဉ်ထားရှိခြင်းကို တွေ့ရှိရပါသည်။ နောက်ဆုံးနှစ် ကျောင်းသားကျောင်းသူများကို လုပ်ငန်းခွင်ရှိ မန်နေဂျာများ၊ လူ့စွမ်းအား အရင်းအမြစ် ဒါရိုက်တာ (HR Director) များနှင့် တွေ့ဆုံပေးသော အလုပ်ခွင်ပေါင်းစပ် ပေးသည့်ပွဲတော် (Career Fair) ကို နှစ်စဉ်ကျင်းပပေးခြင်းဖြင့် ဘွဲ့ရပြီးသည်နှင့် အများစုမှာ အလုပ်အကိုင်ချက်ချင်းရရှိကြပါသည်။

**ရန်ကုန် စီးပွားရေးတက္ကသိုလ်နှင့် ပူးပေါင်းဖွင့်လှစ်ခဲ့**

အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်သည် ၁၉၄၈ ခုနှစ်တွင် သက်ကြီးတက္ကသိုလ်အဖြစ် စတင်ပေါ်ပေါက်လာခြင်းဖြစ်ပါသည်။ ထို့နောက် ၁၉၆၄ ခုနှစ်တွင် လုပ်သားများကောလိပ်အဖြစ် ပြောင်းလဲဖွင့်လှစ်ခဲ့သည်။ ၂၀၀၄ ခုနှစ်တွင် အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်ဖြစ်လာပြီး ၂၀၁၆ ခုနှစ်တွင် ဒီဂရီကောလိပ်အဖြစ်သို့ အဆင့်မြှင့်တင်ခဲ့၏။ ဒီဂရီကောလိပ်အဖြစ် စတင်ဖွင့်လှစ်သည့် ၂၀၀၄ ခုနှစ်တွင် Business Management Program ကို ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ English for Professional Purposes Program ကို ရန်ကုန်တက္ကသိုလ်တို့နှင့် ပူးပေါင်းကာ Program နှစ်ခုကို စတင်ပို့ချခဲ့ပါသည်။ ထို့နောက် ရန်ကုန်တက္ကသိုလ်နှင့် ပူးပေါင်းကာ ၂၀၀၇ ခုနှစ်တွင် Journalism ဘာသာရပ်နှင့် ၂၀၁၂ ခုနှစ်တွင် Tourism Management Program တို့ကို တိုးချဲ့ဖွင့်လှစ်ခဲ့ပါသည်။ ၂၀၁၈ ခုနှစ်တွင် Tourism Management Program အတွက် သင်ရိုးညွှန်းတမ်းကို ခေတ်နှင့်ပိုမိုလျော်ညီအောင် ပြုပြင်ကာ Tourism and Hospitality Management Program အဖြစ် ရန်ကုန်စီးပွားရေးတက္ကသိုလ်နှင့် ပူးပေါင်းဖွင့်လှစ်ခဲ့ပါသည်။

အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ် (NMDC) ၏ အခြားတက္ကသိုလ်များနှင့် ပူးပေါင်းဖွင့်လှစ်သည့် ပုံသဏ္ဌာန်မှာ ကျောင်းသား ကျောင်းသူများကို မိမိတို့ကျောင်းတွင် နောက်ဆုံးနှစ်အထိ သင်ကြားပေးပြီး ဘွဲ့လက်မှတ်ကိုပူးပေါင်းထားသည့် တက္ကသိုလ်များက ပေးအပ်ချီးမြှင့်ခြင်းဖြစ်ပါသည်။

ခရီးသွားလုပ်ငန်းပညာဌာန စတင်ဖွင့်လှစ်သည်မှ ၂၀၁၉ ခုနှစ်အထိ ၅၀၉ ဦး ဘွဲ့ရပြီးပါပြီ။ မန္တလေးတိုင်းဒေသကြီး မန္တလာတက္ကသိုလ်တွင်လည်း ဘွဲ့ပေးနေပါသည်။ မဟာဘွဲ့ (MA Tourism)၊ ပါရဂူဘွဲ့ရ (PhD Tourism) များစွာထွက်ပေါ်လာအောင် ဆောင်ရွက်ရပါဦးမည်။ မြန်မာနိုင်ငံ တက္ကသိုလ်ပေါင်းစုံတွင် နိုင်ငံအကျိုးပြုဘာသာရပ်ဘွဲ့လွန်သင်တန်းများစွာရှိမှ နိုင်ငံတော်နှင့် တိုက်ရိုက်သက်ဆိုင်သော သုတေသနများစွာ ပြုလုပ်နိုင်ပါမည်။

**ခရီးသွားလုပ်ငန်းပညာနှင့် စီမံခန့်ခွဲမှုဆိုင်ရာဘွဲ့လွန်ဒီပလိုမာ (Diploma in Tourism Studies and Management– DTSM) ဘွဲ့ရရှိသူများစာရင်း**

| စဉ် | ပညာသင်နှစ် | ဦးရေ |
|---|---|---|
| ၁ | ၂၀၀၅–၂၀၀၆ | ၄၀ |
| ၂ | ၂၀၀၇–၂၀၀၈ | ၄၄ |
| ၃ | ၂၀၀၈–၂၀၀၉ | ၂၀ |
| ၄ | ၂၀၁၀–၂၀၁၁ | ၂၆ |
| ၅ | ၂၀၁၁–၂၀၁၂ | ၅၃ |
| ၆ | ၂၀၁၂–၂၀၁၃ | ၅၀ |
| ၇ | ၂၀၁၃–၂၀၁၄ | ၄၄ |
| ၈ | ၂၀၁၄–၂၀၁၅ | ၅၁ |
| ၉ | ၂၀၁၅–၂၀၁၆ | ၃၉ |
| ၁၀ | ၂၀၁၆–၂၀၁၇ | ၆၀ |
| ၁၁ | ၂၀၁၇–၂၀၁၈ | ၃၆ |
| ၁၂ | ၂၀၁၈–၂၀၁၉ | ၄၃ |
| | စုစုပေါင်း | ၅၀၆ |

- စတုတ္ထမဏ္ဍိုင်ဖြစ်သော သတင်းစာ၊ ဂျာနယ်၊ ရေဒီယို၊ တီဗွီ စသည်တို့အတွက် သတင်းကျင့်ဝတ်ကောင်းဖြင့် ဆောင်ရွက်ရသော သတင်းအတတ်ပညာသည် နိုင်ငံတော်အတွက် အလွန်အရေးကြီး။
- ဤကောလိပ်မှ သတင်းအတတ်ပညာဘွဲ့ရ နှစ်စဉ် ၅၀ ခန့် မွေးထုတ်ပါသည်။ သို့သော် နိုင်ငံတကာသတင်း အတတ်ပညာရှင် အရေအတွက်နှင့်ယှဉ်ကြည့်လျှင် အလွန့်အလွန်နည်းနေပါသေးသည်။ မဟာဘွဲ့ (MA Journalism)၊ ပါရဂူဘွဲ့ရ (PhD Journalism) များစွာထွက်ပေါ်လာအောင် ဆောင်ရွက်ရပါဦးမည်။

စာမျက်နှာ ၇ သို့

# ရန်ကုန်တိုင်းဒေသကြီးရှိ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများ၏ ဝန်ဆောင်မှုလုပ်ငန်းများ ခေတ္တရပ်ဆိုင်းမည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်အရ COVID-19 ရောဂါ ကြိုတင်ကာကွယ်ရေးနှင့် ကူးစက်ပျံ့နှံ့မှု မရှိစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံး(ရန်ကုန်)၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)တို့တွင် ဆောင်ရွက်ပေးလျက်ရှိသော မော်တော်ယာဉ်သက်တမ်းတိုးခြင်းနှင့် ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းလုပ်ငန်းများကို ၁၁-၉-၂၀၂၀ ရက်(သောကြာနေ့)မှစတင်၍ ခေတ္တရပ်ဆိုင်းထားမည်ဖြစ်ပါကြောင်းနှင့် အခြေအနေတည်ငြိမ်မှသာ ပုံမှန်ဝန်ဆောင်မှုလုပ်ငန်းများ ပြန်လည်လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပြီး ဖွင့်လှစ်နိုင်မည့်ရက်အား ကြိုတင်အသိပေးကြေညာသွားမည်ဖြစ်ပါကြောင်း လေးစားစွာအသိပေးတင်ပြအပ်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

✪ စာမျက်နှာ ၆ မှ

**ပုံစံအသစ်နှင့် ခရီးသွားကဏ္ဍမှ နိုင်ငံတော် စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်**

ကျွန်တော်တို့ မြန်မာတစ်နိုင်ငံလုံး တစ်နှစ်ကမ္ဘာလှည့်ခရီးသွားဦးရေ သုံး၊ လေးသန်းရှိချိန်တွင် ကျွန်တော်တို့ အိမ်နီးနားချင်း ထိုင်းနိုင်ငံတွင် ကမ္ဘာလှည့်ခရီးသွားတစ်နှစ်သန်း ၃၀-၄၀ အထိရှိပါသည်။ ဟောင်ကောင်တွင် ၂၀၁၁ ခုနှစ်က သန်း ၆၀ အထိ ကမ္ဘာလှည့်ခရီးသွား ဝင်ရောက်သည်ဟု သိရှိရပါသည်။ ထိုင်းနိုင်ငံ ချင်းမိုင်ပြည်နယ် (Chaing Mai Provance) တစ်ခုတည်း လျှင်ပင် (အကျယ်အဝန်းမှာ ရှမ်းပြည်နယ် လောက်ပင်ရှိပါမည်) ကမ္ဘာလှည့်ခရီးသွား ၁၀ သန်းရှိသည်ဖြစ်ရာ ၂၀၁၉ ခုနှစ် ကျွန်တော်တို့အဖွဲ့ သုတေသနဆွေးနွေးပွဲသွားရောက်ခဲ့စဉ်က ချင်းမိုင်အပြည်ပြည်ဆိုင်ရာလေဆိပ် (Chaing Mai International Airport) သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ထက် သေးငယ်သော်လည်း လေယာဉ် အဝင်၊ အထွက် သုံး၊လေးဆပိုနေသည်ကို သတိထားမိနေပါသည်။ ချင်းမိုင်ရှိ တက္ကသိုလ်နှစ်ခု ချင်းမိုင်တက္ကသိုလ် (Chaing Mai University) လက်အောက် လူမှုရေးမဟာဌာန (Faculty of Humanities)၊ ခရီးသွားလုပ်ငန်းဌာန (Department of Tourism) နှင့် မေဂျိုတက္ကသိုလ် (Maejo University) လက်အောက်ခရီးသွားလုပ်ငန်း ပညာအဆင့်မြင့်ကျောင်း (School of Tourism Development) တွင် ခရီးသွားလုပ်ငန်းနှင့် ဧည့်ဝန်ဆောင်စီမံခန့်ခွဲမှုပညာဘွဲ့ရသူများ (မေဂျိုတက္ကသိုလ်၊ ခရီးသွားလုပ်ငန်းဘွဲ့ရဦးရေ ၂၅၀၀) သည် မြန်မာနိုင်ငံထက် ပိုများနေပါသည်။ ထိုင်းနိုင်ငံတက္ကသိုလ်အားလုံးနီးပါး ခရီးသွားလုပ်ငန်းဌာန ရှိသည်ဟု ပြောပါသည်။ ခရီးသွားလုပ်ငန်းသည် ကမ္ဘာ့အမြန်ဆုံး၊ ဝင်ငွေအကောင်းဆုံး၊ မီးခိုးမထွက်သည့်စီးပွားရေးလုပ်ငန်း ဖြစ်ပါသည်။ အခုတော့ ကိုဗစ်နှင့်အတူ ပုံစံအသစ်နှင့် ခရီးသွားကဏ္ဍမှ နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရပါမည်။

ထို့အတူ စတုတ္ထမဏ္ဍိုင်ဖြစ်သော သတင်းစာ၊ ဂျာနယ်၊ ရေဒီယို၊ တီဗွီ စသည်တို့ အတွက် သတင်းကျင့်ဝတ်ကောင်းဖြင့် ဆောင်ရွက်ရသော သတင်းအတတ်ပညာသည် နိုင်ငံတော်အတွက် အလွန်အရေးကြီးပါသည်။ ဤကောလိပ်မှ သတင်းအတတ်ပညာဘွဲ့ရနှစ်စဉ် ၅၀ ခန့် မွေးထုတ်ပါသည်။ သို့သော် နိုင်ငံတကာသတင်းအတတ်ပညာရှင် အရေအတွက်နှင့်ယှဉ်ကြည့်လျှင် အလွန့်အလွန်နည်းနေပါသေးသည်။ မဟာဘွဲ့ (MA Journalism)၊ ပါရဂူဘွဲ့ရ (Ph.D Journalism) များစွာ ထွက်ပေါ်လာအောင် ဆောင်ရွက်ရပါဦးမည်။


**သတင်းအတတ်ပညာအထူးပြုတက်ရောက်ခဲ့ကြသော ဘွဲ့ရကျောင်းသား ကျောင်းသူများ**

| စဉ် | ပညာသင်နှစ် | ဦးရေ |
|---|---|---|
| ၁။ | ၂၀၀၇ - ၂၀၀၈ | ၄၃ |
| ၂။ | ၂၀၀၈ - ၂၀၀၉ | ၃၉ |
| ၃။ | ၂၀၀၉ - ၂၀၁၀ | ၅၀ |
| ၄။ | ၂၀၁၀ - ၂၀၁၁ | ၅၁ |
| ၅။ | ၂၀၁၁ - ၂၀၁၂ | ၅၂ |
| ၆။ | ၂၀၁၂ - ၂၀၁၃ | ၄၈ |
| ၇။ | ၂၀၁၃ - ၂၀၁၄ (UNESCO Model New Curriculum ဖြင့် စတင်သင်ကြား) | ၇ |
| ၈။ | ၂၀၁၄ - ၂၀၁၅ | ၃၈ |
| ၉။ | ၂၀၁၅ - ၂၀၁၆ | ၄၅ |
| ၁၀။ | ၂၀၁၆ - ၂၀၁၇ | ၅၅ |
| ၁၁။ | ၂၀၁၇ - ၂၀၁၈ | ၅၆ |
| ၁၂။ | ၂၀၁၈ - ၂၀၁၉ | ၁၈ |
| ၁၃။ | ၂၀၁၉ - ၂၀၂၀ | ၂၅ |
| | စုစုပေါင်း | ၅၂၇ |

**၂၀၁၃ - ၂၀၁၄ ပညာသင်နှစ်တွင် စတင်သင်ကြားပေးခဲ့**

စတင်ဖွင့်လှစ်သည့် ၂၀၀၇ - ၂၀၀၈ ပညာသင်နှစ်တွင် ပြန်ကြားရေးဝန်ကြီးဌာနက ပံ့ပိုး ရေးဆွဲပေးခဲ့သည့် သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများကို အခြေခံကာ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနမှ ဆရာ ဆရာမများ ပူးပေါင်းသင်ကြားပို့ချပေးခဲ့ပါသည်။ ၂၀၁၃ ခုနှစ်တွင် UNESCO Participation Programme (2012-2013) အစီအစဉ်အရ "Capacity Building of Teachers of Journalism and Review on Journalism Courses at the Department of Journalism, National Management College" ခေါင်းစဉ်ဖြင့် သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများ အဆင့်မြှင့်တင်ရေးဆွဲခဲ့ပြီး ၂၀၁၃ - ၂၀၁၄ ပညာသင်နှစ်တွင် စတင်သင်ကြားပေးခဲ့ပါသည်။

UNESCO Model သင်ရိုးညွှန်းတမ်းအရ အဓိကဘာသာရပ်များအဖြစ် သင်ကြားပေးနေသော သင်ရိုးများမှာ - Journalism and Society, Reporting and Writing, Media Law, Translation for Journalism, Journalism Ethics, Business Journalism, Journalism Management, Public Affairs Reporting, Radio Journalism, Photo Journalism, Data Journalism, Newspaper Journalism, Television Journalism,




Business and Economic Reporting, International Reporting, Environmental Journalism, Interactive Journalism, Magazine Journalism, Health Journalism နှင့် Reporting Diversity တို့ဖြစ်ပါသည်။

**အလွန်အဖိုး တန်လှသောပညာဖြစ်**

သတင်းအတတ်ပညာ အထူးပြုဘာသာရပ်တွင် ကျောင်းသား ကျောင်းသူများအနေဖြင့် တတိယနှစ်၏ ပထမပညာသင်နှစ်ဝက်အပြီးတွင် ပုံနှိပ်မီဒီယာ (Print Media) များဖြစ်သည့် သတင်းစာတိုက်၊ ဂျာနယ်တိုက်၊ မဂ္ဂဇင်းတိုက်များသို့ Internship (လက်တွေ့လုပ်ငန်းခွင် ဆောင်ရွက်ခြင်း) ကို နှစ်လကြာ ဆောင်ရွက်ရပါသည်။ တတိယနှစ်၏ ဒုတိယပညာသင်ကာလအပြီးတွင် ရေဒီယိုနှင့် FM အသံလွှင့်ဌာနများ၌ နှစ်လကြာလက်တွေ့လုပ်ငန်းခွင် ဆောင်ရွက်ရပါသည်။ ထို့အတူ လုပ်ငန်းခွင်သုံး အင်္ဂလိပ်စာပညာ (English for Professional Purposes) သည်လည်း သာမန်အင်္ဂလိပ်စာ အထူးပြုမေဂျာများနှင့်မတူဘဲ လက်တွေ့လုပ်ငန်းခွင်နယ်ပယ်တွင် ကြုံတွေ့နေရသော နိုင်ငံတကာ စီးပွားရေးပညာရှင်များ၊ လုပ်ငန်းရှင်များနှင့် ဆက်သွယ်ပြောဆိုရာတွင် အထောက်အကူပြုမှုအတွက် တိုက်ရိုက်အသုံးဝင်သော လုပ်ငန်းခွင်သုံးအင်္ဂလိပ်စာများသာ သင်ကြားပေးသဖြင့် အလွန်အဖိုးတန်လှသောပညာဖြစ်ပါသည်။ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာဘွဲ့မှာလည်း ဘွဲ့ရရှိပြီးပါက လက်တွေ့စီးပွားရေးလုပ်ငန်းများကို (အစိုးရ၊ ပုဂ္ဂလိက) စနစ်တကျစီမံခန့်ခွဲမှုပေးနိုင်မည့် အသုံးချဘာသာရပ် (Applied Subject) ဖြစ်ပါသည်။ ဤဘွဲ့ပေးနေသော အခြားစီးပွားရေး တက္ကသိုလ်များနှင့်အတူ နိုင်ငံတော်အတွက် လိုအပ်လျက်ရှိသောစီးပွားရေး ပညာရှင်များနေရာကို ဖြည့်ဆည်းပေးနိုင်ပါလိမ့်မည်။

အထက်ပါဘာသာရပ်များကို စိတ်ဝင်စားပါက အမျိုးသားစီမံခန့်ခွဲမှု ပညာဒီဂရီကောလိပ်တွင် တက်ရောက်နိုင်ပါသည်-

၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲအောင်မြင်ပြီး သတင်းစာများမှ သီးခြားခေါ်ယူသည့်အခါ အမျိုးသားစီမံခန့်ခွဲမှုပညာ ဒီဂရီကောလိပ် (ဗိုလ်တထောင်မြို့နယ်)သို့ သတ်မှတ်ထားသော လျှောက်လွှာပုံစံများဖြင့် တစ်နိုင်ငံလုံးမှ ကျောင်းသား ကျောင်းသူများ တိုက်ရိုက်လျှောက်ထားနိုင်ပါသည်။ သို့ဖြစ်ပါ၍ ကိုဗစ်အလွန်ကာလများတွင် မြန်မာနိုင်ငံတက္ကသိုလ်များ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစနစ်ကျင့်သုံးရင်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို တိုက်ရိုက်အထောက်အကူပြုသော ပညာရပ်များ ပိုမိုသင်ယူလာခြင်းဖြင့် နိုင်ငံတော်အတွက် အနာဂတ်သားကောင်း၊ သမီးကောင်း ရတနာများဖြစ်နိုင်ကြပါစေဟူ၍ ဆုတောင်းမေတ္တာပို့သလိုက်ရပါသည်။ ။

# မြင်းမူမြို့နယ်၌ ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်အရ စိုက်ပျိုးထားသော မိုးစပါးမျိုးစေ့ထုတ်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**နေပြည်တော် စက်တင်ဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းလှိုင်ဦးနှင့်အဖွဲ့သည် ယမန်နေ့ နံနက်ပိုင်းက မြင်းမူမြို့နယ် ညောင်ပင်ဝန်းကျေးရွာ၌ ငှက်ပျော၊ သင်္ဘောနှင့် သစ်သီးဝလံမျိုးစုံကို တစ်ပိုင်တစ်နိုင်စိုက်ပျိုးရောင်းချနေသည့် တောင်သူများအား တွေ့ဆုံ၍ ဈေးကွက်တင်ပို့ရောင်းချမှုအခြေအနေများကို မေးမြန်းဆွေးနွေးသည်။

မြင်းမူမြို့နယ် သစ်သီးဝလံများ တစ်ပိုင်တစ်နိုင် စိုက်ပျိုးရောင်းချသူများအနေဖြင့် ညောင်ပင်ဝန်း၊ မောင်းထောင်၊ သပြေသာကျေးရွာများတွင် ကိုယ်တိုင်စိုက်ပျိုးရောင်းချခြင်း၊ တစ်ဆင့်ဝယ်ယူရောင်းချခြင်းများ လုပ်ကိုင်နေကြပြီး ပန်းသီး၊ ချင်းတောင်ပန်းသီးနှင့် သလဲသီးများကို မန္တလေးမြို့ရှိ သစ်သီးပွဲရုံများက လာရောက်ဝယ်ယူကြကြောင်း၊ ဒေသထွက်သီးနှံများ ပုံမှန်ရောင်းချနေသော်လည်း လတ်တလောတွင် ကားအသွားအလာနည်းသဖြင့် ပုံမှန်အောက် ရောင်းအားလျော့နည်းလျက်ရှိကြောင်း၊ သို့သော်လည်း စိုက်ပျိုးထုတ်လုပ်သူ တောင်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းကို ထိခိုက်မှုမရှိဘဲ ပုံမှန်လည်ပတ်လျက်ရှိကြောင်း ဒေသခံ စိုက်ပျိုးရောင်းချသူတစ်ဦးက ပြောသည်။

တိုင်းဒေသကြီးဦးစီးမှူးနှင့်အဖွဲ့သည် ပျော့ရွာမြစ်ရေတင် စီမံကိန်းဧရိယာရှိ တောင်သူ ဦးဝင်းလှိုင်၏ မိုးစပါးမျိုးစေ့ထုတ်စိုက်ခင်း သုံးဧကတွင် ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်အရ ရောမင်းမျိုးစပါးများကို SRI စနစ်ဖြင့် စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ရောမင်းမျိုးစေ့ထုတ်စိုက်ခင်းသည် သက်တမ်းနှစ်လခန့်ရှိပြီဖြစ်ကာ လက်ရှိအချိန်တွင် ပင်ပွား ၂၅ မှ ၃၀ အထိရှိပြီး ပိုးမွှားရောဂါကင်းစင်ကာ အပင်ဖြစ်ထွန်းမှု ကောင်းမွန်လျက်ရှိသည်။

ယင်းနောက် မြောင်မြို့နယ် ကျောက်ရစ်ကျေးရွာ နည်းပညာပြန့်ပွားရေးစင်တာ၊ တွင်းကြီးနည်းပညာပြန့်ပွားရေးစင်တာနှင့် တွင်းကြီး လျှပ်စစ်မြစ်ရေတင်စီမံကိန်း ဧရိယာများအတွင်း CERP အရ စိုက်ပျိုးထားသည့် မိုးစပါးမျိုးစေ့ထုတ် စိုက်ခင်းများ၊ စားဖိုဆောင် သီးနှံစိုက်ခင်းများဖြစ်သည့် တိုင်ထောင်ခရမ်းချဉ်၊ တိုင်ထောင်ပဲ၊ ငရုတ်တို့ စိုက်ပျိုးထားရှိမှုများကို ကြည့်ရှုအားပေးသည်။

မြောင်မြို့နယ်အတွင်း သီးနှံစိုက်ခင်းများအား ပေါင်းရှင်းခြင်း၊ ပေါင်းပေါက်ခြင်း လုပ်ငန်းများဆောင်ရွက်လိုသည့် တောင်သူကြီးများအနေဖြင့် ပေါင်းရှင်းအငှားလိုက် ဝန်ဆောင်မှုလုပ်ငန်း ကြီးကြပ်ဆောင်ရွက်သူထံသို့ ဖုန်းဖြင့်ချိတ်ဆက်၍ လိုအပ်သည့်ပေါင်းရှင်းလုပ်သားများအား အလွယ်တကူ ဆက်သွယ်ခေါ်ယူနိုင်ကြောင်း သိရသည်။ **ညီညီသန်း(နေပြည်တော်)**



# ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာကော်မတီ၏ (၇၃)ကြိမ်မြောက် အစည်းအဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၀**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် စက်တင်ဘာ ၉ ရက်က ကျင်းပသည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ ကော်မတီ၏ (၇၃)ကြိမ်မြောက် အစည်းအဝေး ပထမနေ့သို့ ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်သည်။

အစည်းအဝေးတွင် အလှည့်ကျသဘာပတိ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်သူ့ကျန်းမာရေးဝန်ကြီး Mr. Arutin Chernvirakul နှင့် ဒုတိယသဘာပတိ နီပေါနိုင်ငံ ကျန်းမာရေးနှင့် လူဦးရေဆိုင်ရာဝန်ကြီး Mr. Bhanu Bhakta Dhakal တို့က အဖွင့်စကားပြောကြားခြင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဒေသဆိုင်ရာညွှန်ကြားရေးမှူး Mrs. Poonan Khetrapal Singh က ၂၀၁၉ ခုနှစ်အတွင်း အရှေ့တောင်အာရှဒေသအတွင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဆောင်ရွက်ခဲ့သော လုပ်ဆောင်ချက်များဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားခြင်းနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် Dr. Tedros Adhanom က လက်ရှိကမ္ဘာ့နိုင်ငံများတွင် ကြုံတွေ့နေရသော ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှု အခြေအနေများနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က နိုင်ငံများသို့ ဆက်လက်ပံ့ပိုးမည့် အစီအစဉ်များကို ဆွေးနွေးပြောကြားခြင်းများ ဆောင်ရွက်ကြသည်။

ထို့နောက် အရှေ့တောင်အာရှဒေသနိုင်ငံများ၏ ကျန်းမာရေးဝန်ကြီးများက အမှာစကားပြောကြားသည်။

ယင်းနောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ အရှေ့တောင်အာရှဒေသဆိုင်ရာရုံး၏ နှစ်ပတ်လည်အစီရင်ခံစာနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အစီရင်ခံစာတွင်ပါရှိသော မိမိတို့အားလုံး ကြုံတွေ့ခဲ့ရသည့် သင်ခန်းစာများ၊ ရင်ဆိုင်ခဲ့ရသည့် စိန်ခေါ်မှုများသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ အရှေ့တောင်အာရှဒေသဆိုင်ရာ ရုံး၏ နောင်လာမည့် (၂)နှစ်တာ လုပ်ငန်းအစီအစဉ်ရေးဆွဲရာ၌ မဖြစ်မနေ ထည့်သွင်းစဉ်းစားသွားရမည်ဖြစ်ကြောင်း၊ အစီရင်ခံစာပါအချက်များကို အဖွဲ့ဝင်နိုင်ငံအားလုံးအနေဖြင့် သေချာစွာ ဖတ်ရှုလေ့လာသုံးသပ်ရန်နှင့် မိမိတို့နိုင်ငံများ၌ ပြည်သူ့ကျန်းမာရေးကဏ္ဍတွင် ထင်ရှားကြီးမားသော အကျိုးသက်ရောက်မှုရရှိစေရန်အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ နည်းပညာပံ့ပိုးမှုများကို ရနိုင်သမျှ အများဆုံးရရှိ၍ အကျိုးရှိထိရောက်စေရန် သင့်လျော်သလို စဉ်းစားဆောင်ရွက်ရန် တိုက်တွန်းလိုပါကြောင်း။



ထို့ပြင် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အကူအညီများ ပိုမို၍ အကျိုးရှိထိရောက်စေရန်အတွက် ဒေသဆိုင်ရာရုံးသို့ လက်တွေ့ကျပြီး ပြုလုပ်နိုင်မည့် အကြံဉာဏ်များပေးရန် တိုက်တွန်းလိုပါကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ဒေသဆိုင်ရာရုံးအနေဖြင့် ပြီးခဲ့သည့် (၂)နှစ်တာအစီရင်ခံစာ သုံးခုကို သေချာစွာသုံးသပ်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ လုပ်ငန်းများ ထိရောက်စွာ တိုးတက်ပြောင်းလဲရန် မည်သို့ဆောင်ရွက်သင့်သည်ကို လည်းကောင်း၊ အဖွဲ့ဝင်နိုင်ငံများသို့ ခွဲဝေချထားသည့် ရန်ပုံငွေကို ထိရောက်အကျိုးရှိစွာသုံးစွဲနေခြင်း ရှိ၊ မရှိကိုလည်းကောင်း၊ မိမိတို့အားလုံး ကျော်လွှားရန် လိုအပ်သည့် စိန်ခေါ်မှုများကို လည်းကောင်း သုံးသပ်ကြရမည်ဖြစ်ကြောင်း။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် ဒေသအဆင့် အဖွဲ့အစည်းများဖြစ်သည့် GAVI ၊ Global Fund ၊ UNFPA ၊ UNICEF ၊ UNAIDS နှင့် အခြားဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများနှင့် မည်သို့အတူတကွ ပူးပေါင်းဆောင်ရွက်နေသည်၊ အဖွဲ့အစည်းတစ်ခုနှင့်တစ်ခု မည်သို့ ချိတ်ဆက်ဖြည့်ဆည်းကူညီနေသည်ဆိုသည့်အချက်ကိုလည်း အလေးထားသုံးသပ်ရမည်ဖြစ်ပါကြောင်း၊ အဖွဲ့ဝင်နိုင်ငံများသို့ ပံ့ပိုးနေသည့် အကူအညီများသည် မလိုအပ်ဘဲ ထပ်နေခြင်းမျိုး မဖြစ်စေရန် ပြင်ပအကူအညီ အထောက်အပံ့များဆိုင်ရာ မူဘောင်ရေးဆွဲထားကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နောင်လာမည့်နှစ်များအတွက် ရေးဆွဲဆောင်ရွက်မည့် (၂)နှစ်တာ လုပ်ငန်းအစီအစဉ် (work plan) တွင် ရန်ပုံငွေကို ခွဲဝေချထားရုံသက်သက် မဟုတ်ဘဲ နိုင်ငံတစ်ခုချင်း၏ တိကျသောလိုအပ်ချက်ပေါ်မူတည်၍ ကျစ်လျစ်ပြီးအကျိုးရှိသော၊ ဦးတည်ချက်ရှိသည့် အထောက်အပံ့မျိုးဖြစ်စေရန် ရေးဆွဲဆောင်ရွက်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အကျိုးရှိထိရောက်သော ပံ့ပိုးမှုများဖြင့် မိမိတို့ဒေသတွင်းနိုင်ငံများတွင် ပြည်သူ့ကျန်းမာရေးတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါအစည်းအဝေးသို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ အရှေ့တောင်အာရှဒေသနိုင်ငံများဖြစ်သည့် ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ မြောက်ကိုရီးယား၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ မော်လ်ဒိုက်၊ မြန်မာ၊ နီပေါ၊ သီရိလင်္ကာ၊ ထိုင်း၊ အရှေ့တီမောနိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများနှင့် အဆင့်မြင့် အရာရှိကြီးများ၊ အိန္ဒိယနှင့်ထိုင်းနိုင်ငံတို့ရှိ အဖွဲ့ဝင်နိုင်ငံများ၏ သံရုံးများမှ သံအမတ်ကြီးများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်၊ အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူးနှင့်အဖွဲ့၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေး ဒုတိယနေ့တွင် ကိုဗစ်-၁၉ ကြောင့် အနာဂတ်ကာလတွင် ပုံမှန်အဖြစ် ပြောင်းလဲနေထိုင်သွားရမည့် ပုံစံအသစ်နှင့်စပ်လျဉ်း၍ အရှေ့တောင်အာရှဒေသနိုင်ငံများ၏ အတွေ့အကြုံများ၊ သင်ခန်းစာများနှင့် ကိုဗစ်-၁၉ ကပ်ရောဂါကာလတွင် မရှိမဖြစ် ကျန်းမာရေးစောင့်ရှောက်မှုများနှင့် ပြည်သူ့ကျန်းမာရေးစီမံကိန်းများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားရေး ဟူသော ခေါင်းစဉ်များဖြင့် ကျန်းမာရေးဝန်ကြီးများ စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပရာ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသာထွန်းကျော်က မြန်မာနိုင်ငံ၏ အတွေ့အကြုံများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် Dr. Tedros Adhanom နှင့် အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mrs. Poonan Khetrapal Singh တို့က ကိုဗစ်-၁၉ ကပ်ရောဂါ တုံ့ပြန်ရင်ဆိုင်ရေးတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဒေသတွင်းနိုင်ငံများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် အရှေ့တောင်အာရှဒေသ အဖွဲ့ဝင်နိုင်ငံများ၏ ကိုဗစ်-၁၉ ကို စုပေါင်းရင်ဆိုင်တုံ့ပြန်ခြင်းဆိုင်ရာ ကျန်းမာရေးဝန်ကြီးများ ကြေညာချက် (Ministerial Declaration) ကို အလှည့်ကျသဘာပတိ ထိုင်းနိုင်ငံက ကြေညာရာ အဖွဲ့ဝင်နိုင်ငံ ၁၁ နိုင်ငံလုံး၏ ကျန်းမာရေးဝန်ကြီးများက ကြေညာချက်ကို အတည်ပြုခဲ့ကြသည်။

ထို့နောက် အရှေ့တောင်အာရှဒေသအတွင်း ပြည်သူ့ကျန်းမာရေးဆိုင်ရာ ထူးချွန်ပြောင်မြောက် အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့မှုများအတွက် အသိအမှတ်ပြု ဂုဏ်ပြုမှတ်တမ်း ချီးမြှင့်ပေးအပ်ပွဲကို ကျင်းပခဲ့ရာ မြန်မာနိုင်ငံတွင် မျက်ခမ်းစပ်ရောဂါအား ပြည်သူ့ကျန်းမာရေးပြဿနာအဖြစ်မှ ကင်းဝေးအောင် ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mrs. Poonan Khetrapal Singh က မြန်မာနိုင်ငံတွင် မျက်ခမ်းစပ်ရောဂါကင်းဝေးကြောင်း အသိအမှတ်ပြုဂုဏ်ပြုမှတ်တမ်းလွှာကို ပေးအပ်ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက လက်ခံရယူသည်။

ယင်းနောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်၊ အရှေ့တောင်အာရှဒေသ ညွှန်ကြားရေးမှူးချုပ်၊ အရှေ့တောင်အာရှဒေသ ညွှန်ကြားရေးမှူး၊ အစည်းအဝေးသဘာပတိ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်သူ့ကျန်းမာရေးဝန်ကြီးတို့က နိဂုံးချုပ်စကားများ ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**


## မြန်မာနိုင်ငံ ဒစ်ဂျစ်တယ်မီဒီယာအသင်း ဖြစ်မြောက်ရေးကော်မတီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၀**

မြန်မာနိုင်ငံဒစ်ဂျစ်တယ်မီဒီယာအသင်း ဖြစ်မြောက်ရေးကော်မတီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပရာ ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးသောင်းစုငြိမ်း၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးကိုကို(စက်မှုတက္ကသိုလ်)၊ ဒေါ်နန်းကလျာဝင်းနှင့်အဖွဲ့ဝင်များ တက်ရောက်ဆွေးနွေးကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံဒစ်ဂျစ်တယ်မီဒီယာအသင်း ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးသောင်းစုငြိမ်းက အဖွင့်အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံ၌ လူမှုမီဒီယာအပါအဝင် ဒစ်ဂျစ်တယ်မီဒီယာ အသုံးပြုမှုများနှင့် ဖန်တီးထုတ်လွှင့်မှုများသည် အချိန်နှင့်အမျှ တိုးတက်မြင့်မားလာသော မြန်မာ့လူ့အဖွဲ့အစည်းအတွင်း ကျယ်ပြန့်နက်ရှိုင်းစွာ နေရာယူလျက်ရှိလာနေပါကြောင်း၊ ယခုအခါ ဒစ်ဂျစ်တယ်မီဒီယာလုပ်ငန်းများ တစုတစည်းတည်း ပါဝင်သော မြန်မာနိုင်ငံ ဒစ်ဂျစ်တယ်မီဒီယာအသင်း (Myanmar Digital Media Association) ပေါ်ပေါက်လာစေရေးနှင့် ဒစ်ဂျစ်တယ်မီဒီယာ ဖန်တီးထုတ်လွှင့်သူများနှင့် အသုံးပြုသူများ၏ အကျိုးစီးပွားကို ကာကွယ်မြှင့်တင်ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ မြန်မာနိုင်ငံ ဒစ်ဂျစ်တယ်မီဒီယာအသင်းကို ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ဖြစ်မြောက်ရေးကော်မတီတွင် ဒစ်ဂျစ်တယ်မီဒီယာလုပ်ငန်းနယ်ပယ် အသီးသီးက ပုဂ္ဂိုလ်များ ပါဝင်ထားသည့်အတွက် ကော်မတီရည်ရွယ်ချက်များ အောင်မြင်ရေး ပူးပေါင်းဆောင်ရွက်ရန်လိုပါကြောင်း၊ ဖြစ်မြောက်ရေးကော်မတီအတွက် မိမိတို့လိုအပ်သည့် ဆပ်ကော်မတီများကို ထပ်မံဖွဲ့စည်း ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ကော်မတီမှ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အဖွဲ့ ဖွဲ့စည်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ကော်မတီမှ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အဖွဲ့ဝင်များက ဝိုင်းဝန်းဆွေးနွေး အကြံပြုပူးပေါင်းဆောင်ရွက်ပေးကြပါရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံ ဒစ်ဂျစ်တယ်မီဒီယာအသင်း ဖြစ်မြောက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်သည့် ဦးကိုကို(စက်မှုတက္ကသိုလ်)၊ ဒေါ်နန်းကလျာဝင်း၊ အတွင်းရေးမှူး ဦးမင်းဆွေလှိုင်၊ တွဲဖက်အတွင်းရေးမှူး(၁) ဦးကျော်မျိုးမင်း၊ အဖွဲ့ဝင်များဖြစ်သည့် ဦးကျော်မင်းဆွေ၊ ဦးသိန်းထွန်းဖေ၊ ဦးခင်မောင်စိုး၊ ဦးမိုးအေး၊ ဦးလင်းထက်ကို၊ ဦးသက်ဖြိုးအောင်၊ ဦးဝင်းလှိုင်ဦး၊ ဦးကိုကိုလေး၊ ဦးအောင်မျိုးမြင့်နှင့် တွဲဖက်အတွင်းရေးမှူး(၂) ဦးအောင်ကျော်ထက် (ဒုတိယညွှန်ကြားရေးမှူး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန)တို့က ပါဝင်ဆွေးနွေးကြသည်။




အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဖြစ်မြောက်ရေးကော်မတီနှင့် လုပ်ငန်းရည်ရွယ်ချက်နှင့် တာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဆောင်ရွက်ရမည့်ကဏ္ဍအလိုက် ဆပ်ကော်မတီ (၅)ခု ဖွဲ့စည်းဆောင်ရွက်ရန်၊ အသင်းအဖွဲ့မှတ်ပုံတင်ရေးနည်းလမ်းများ နှိုင်းယှဉ်ဆောင်ရွက်ရန်၊ ဒစ်ဂျစ်တယ်နည်းပညာနှင့် စီးပွားရေးဆိုင်ရာအခွင့်အလမ်းများနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များရေးဆွဲရန်၊ အသင်း၏အမှတ်တံဆိပ် (Logo) ပြိုင်ပွဲ ဖိတ်ခေါ်ကျင်းပနိုင်ရေးနှင့် ဖြစ်မြောက်ရေးကော်မတီတွင် ပါဝင်သင့် ပါဝင်ထိုက်သည့် ပုဂ္ဂိုလ်များ ထပ်မံပါဝင်ဖွဲ့စည်းနိုင်ရေးတို့ကို ဆွေးနွေးဆုံးဖြတ်ခဲ့ပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ညနေ ၄ နာရီတွင် ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**မာလာဌေး**

**❒ မြန်မာကလပ်အသင်းမှ**

ကျင်းပရန် စီစဉ်ထားခဲ့ပြီး ယခင်က အုပ်စု (F) နှင့် (G) ပွဲစဉ်များကို ဗီယက်နမ်နိုင်ငံကို ကျင်းပခွင့်ပေးခဲ့သော်လည်း ရောဂါပိုးကူးစက်မှုများ ရှိလာသောကြောင့် လက်ခံကျင်းပနိုင်ခြင်းမရှိတော့ကြောင်း အာရှဘောလုံးအဖွဲ့ချုပ်ထံ အကြောင်းကြားခဲ့သည်။ ပြိုင်ပွဲရပ်နားထားချိန်တွင် အာဆီယံဇုန်အုပ်စုသုံးခုမှာ ပထမအကျော့ ပြီးဆုံးထားပြီး ရန်ကုန်အသင်းက သုံးပွဲကစား ခုနစ်မှတ်ရထားကာ ရှမ်းယူနိုက်တက်အသင်းမှာမူ သုံးပွဲစလုံး ရှုံးနိမ့်ထားသည်။ ရန်ကုန်အသင်းသည် အာဆီယံဇုန်ဆီမီးဖိုင်နယ်တက်ရောက်ခွင့်ရရန် မျှော်လင့်ချက်ရှိသော်လည်း ပြိုင်ပွဲဖျက်သိမ်းခံရသည့် အခြေအနေနှင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။ ယခင်က အုပ်စုလက်ကျန်ပွဲများကို စက်တင်ဘာ ၂၃ ရက်မှ ၂၉ ရက်အထိ ပြန်လည်ကျင်းပရန် စီစဉ်ထားခြင်းဖြစ်သည်။

ထို့ကြောင့် မြန်မာကလပ်အသင်းများဖြစ်သည့် ရန်ကုန်နှင့် ရှမ်းယူနိုက်တက်အသင်းသည် ယခုနှစ်တွင် ပြည်တွင်းလိဂ်ပွဲစဉ်များသာ ယှဉ်ပြိုင်ရတော့မည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-ဘုန်းသော်**

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၁၀**

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်း၌ စက်တင်ဘာ ၁၃ ရက်တွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရရှိသည်။

**မိုး/ဇလ**

# ပြည်သူများသိရှိလိုက်နာရန် အသိပေးကြေညာချက် ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**
**အမိန့်အမှတ်(၃၁/၂၀၂၀)**
၁၃၈၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်
၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁၀ ရက်

## ပြည်သူများသိရှိလိုက်နာရန် အသိပေးကြေညာချက် ထုတ်ပြန်ခြင်း

၁။ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လဒုတိယပတ်အတွင်း ရခိုင်ပြည်နယ်၌ ပြည်တွင်းကူးစက်မှုဟု သုံးသပ်ရသော COVID–19 ရောဂါ အတည်ပြုလူနာများတွေ့ရှိခဲ့ရပြီး ၎င်းတို့မှဆင့်ပွားကူးစက်သူအချို့သည် အခြားသောတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များသို့ ပျံ့နှံ့ရောက်ရှိခဲ့ကြောင်း စစ်ဆေးတွေ့ရှိရပါသည်။ COVID–19 ရောဂါ ကာကွယ်ထိန်းချုပ်တားဆီးနိုင်ရေးအတွက် ရောဂါဖြစ်ပွားလျက်ရှိသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ မန္တလေးတိုင်းဒေသကြီးသို့ လာရောက်သူများနှင့် မန္တလေးတိုင်းဒေသကြီးမှ ရောဂါဖြစ်ပွားလျက်ရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ သွားရောက်ခဲ့ပြီး မန္တလေးတိုင်းဒေသကြီးသို့ ပြန်လည်ဝင်ရောက်လာသူများအား စနစ်တကျစစ်ဆေးဆောင်ရွက်လျက်ရှိပါသည်။

၂။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် အမိန့်အမှတ်(၉၇/၂၀၂၀)၊ အမိန့်အမှတ်(၁၀၀/၂၀၂၀)နှင့် အမိန့်အမှတ်(၁၀၂/၂၀၂၀)ဖြင့် အောက်ပါမြို့နယ်များကို နေအိမ်တွင်နေထိုင်ရေး(Stay at Home)အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာခဲ့ပြီးဖြစ်ပါသည်–

(က) ရခိုင်ပြည်နယ်ရှိမြို့နယ်အားလုံး
(ခ) သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
(ဂ) အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
(ဃ) မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
(င) သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
(စ) လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
(ဆ) ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
(ဇ) မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
(ဈ) တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
(ည) တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
(ဋ) မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
(ဌ) ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
(ဍ) ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
(ဎ) လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
(ဏ) စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
(တ) ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
(ထ) မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
(ဒ) ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
(ဓ) ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
(န) ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
(ပ) ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
(ဖ) ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
(ဗ) ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
(ဘ) အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
(မ) ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
(ယ) ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
(ရ) ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
(လ) လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
(ဝ) လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃။ မန္တလေးတိုင်းဒေသကြီးတွင် Coronavirus Disease 2019 (COVID–19) ရောဂါ ကာကွယ်တားဆီးနိုင်ရေးအတွက် နေအိမ်တွင်နေထိုင်ရေး(Stay at Home)အစီအစဉ်တွင် အကျုံးဝင်ကြောင်း သတ်မှတ်ထားသည့်မြို့နယ်များမှ မန္တလေးတိုင်းဒေသကြီးသို့ လာရောက်သူများနှင့် မန္တလေးတိုင်းဒေသကြီးမှ နေအိမ်တွင်နေထိုင်ရေး(Stay at Home)အစီအစဉ်တွင် အကျုံးဝင်ကြောင်း သတ်မှတ်ထားသည့်မြို့နယ်များသို့ သွားရောက်ခဲ့ပြီး မန္တလေးတိုင်းဒေသကြီးသို့ ပြန်လည်ဝင်ရောက်လာသူများအား အောက်ပါအချက်များကို စိစစ်ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာချက်ထုတ်ပြန်လိုက်သည်–

**(က) နေအိမ်တွင်နေထိုင်ရေး(Stay at Home)အစီအစဉ်တွင်အကျုံးဝင်ကြောင်း သတ်မှတ်ထားသည့် မြို့နယ်များမှ လာရောက်သူများ**

(၁) မည်သည့်အကြောင်းကိစ္စဖြင့် လာရောက်သည်ဖြစ်စေ မိမိနေထိုင်ရာမြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စုများတွင် နေထိုင်ကြောင်းထောက်ခံစာ ယူဆောင်လာရန်၊

(၂) တိုင်း/ခရိုင်/မြို့နယ်အဆင့် တာဝန်ရှိသူတစ်ဦးဦး၏ ခွင့်ပြုချက်မပါရှိဘဲ လာရောက်ပါက သို့မဟုတ် လာရောက်ရန်ခေါ်ယူကြောင်း အကြောင်းကြားစာ ပြသနိုင်ခြင်းမရှိဘဲ လာရောက်ပါက တိုင်းဒေသကြီးမှ ပြင်ဆင်ထားသော Community Based Facility Quarantine Center များတွင် (၁၄)ရက်နေထိုင်၍ Quarantine ကာလအတွင်း ခတ်ခွဲနမူနာ(၂)ကြိမ် ရယူစစ်ဆေးမှုကို ခံယူကာ ခတ်ခွဲအဖြေတွင် ရောဂါပိုးမတွေ့ရှိပါက Home Quarantine သို့မဟုတ် Community Based Facility Quarantine နေရာတွင် (၇)ရက် နေထိုင်ပြီးမှသာ မန္တလေးတိုင်းဒေသကြီးအတွင်းသို့ ဝင်ရောက်ရန်၊

(၃) နေအိမ်တွင်နေထိုင်ရေး(Stay at Home)အစီအစဉ်တွင် အကျုံးဝင်ကြောင်း သတ်မှတ်ထားသည့်မြို့နယ်များတွင် နေထိုင်သော်လည်း မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများမှ မန္တလေးတိုင်းဒေသကြီးသို့ လာရောက်ရန် အကြောင်းကြားစာရရှိသူများအနေဖြင့် သတ်မှတ်ထားသော Community Based Facility Quarantine နေရာတွင် (၇)ရက်နေထိုင်၍ Quarantine ဝင်ရောက်ပြီး နောက်တစ်ရက်တွင်လည်းကောင်း၊ (၅)ရက်မြောက်နေ့တွင် လည်းကောင်း နှာခေါင်း၊ အာခေါင်တို့ဖတ်နမူနာ (Swab) ရယူစစ်ဆေးမှုခံယူကာ ရောဂါမရှိကြောင်းအဖြေရရှိမှသာ သက်ဆိုင်ရာနေရာဒေသသို့ သွားရောက်ရန်၊

(၄) နေအိမ်တွင်နေထိုင်ရေး(Stay at Home)အစီအစဉ်တွင် အကျုံးဝင်ကြောင်း သတ်မှတ်ထားသည့်မြို့နယ်များတွင် နေထိုင်သော်လည်း ၎င်းတို့နှင့် သက်ဆိုင်သောလုပ်ငန်းများ ဆောင်ရွက်ရန် မြန်မာနိုင်ငံအခြေစိုက် နိုင်ငံခြားသံတမန်များ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ ဝန်ထမ်းများအနေဖြင့် သတ်မှတ်ထားသော Community Based Facility Quarantine နေရာတွင် (၇)ရက်နေထိုင်၍ Quarantine ဝင်ရောက်ပြီး နောက်တစ်ရက်တွင် လည်းကောင်း၊ (၅)ရက်မြောက်နေ့တွင် လည်းကောင်း နှာခေါင်း၊ အာခေါင်တို့ဖတ်နမူနာ (Swab) ရယူစစ်ဆေးမှုခံယူကာ ရောဂါမရှိကြောင်းအဖြေရရှိမှသာ သက်ဆိုင်ရာနေရာဒေသသို့ သွားရောက်ရန်၊

(၅) နေအိမ်တွင်နေထိုင်ရေး(Stay at Home)အစီအစဉ်တွင် အကျုံးဝင်ကြောင်း သတ်မှတ်ထားသည့်မြို့နယ်များတွင် နေထိုင်သော်လည်း တာဝန်ထမ်းဆောင်ရန် မြို့နယ်ပြင်ပသို့သွားလာခွင့်ရှိသည့် အဖွဲ့အစည်းများနှင့် ကုမ္ပဏီများမှဝန်ထမ်းများ မန္တလေးတိုင်းဒေသကြီးရှိ ၎င်းတို့နှင့်သက်ဆိုင်သော လုပ်ငန်းများဆောင်ရွက်ရန် လာရောက်လိုပါက သတ်မှတ်ထားသော Community Based Facility Quarantine နေရာတွင် (၇)ရက်နေထိုင်၍ Quarantine ဝင်ရောက်ပြီး နောက်တစ်ရက်တွင်လည်းကောင်း၊ (၅)ရက်မြောက်နေ့တွင် လည်းကောင်း နှာခေါင်း၊ အာခေါင်တို့ဖတ်နမူနာ (Swab) ရယူစစ်ဆေးမှုခံယူကာ ရောဂါမရှိကြောင်း အဖြေရရှိမှသာ သက်ဆိုင်ရာနေရာဒေသသို့ သွားရောက်ရန်။

**(ခ) မန္တလေးတိုင်းဒေသကြီးမှ နေအိမ်တွင်နေထိုင်ရေး (Stay at Home) သတ်မှတ်ထားသည့်မြို့နယ်များသို့ သွားရောက်ခဲ့ပြီး မန္တလေးတိုင်းဒေသကြီးသို့ ပြန်လည်ဝင်ရောက်လာသူများ**

(၁) မန္တလေးတိုင်းဒေသကြီးသို့ ပြန်လည်ဝင်ရောက်လာပါက မည်သည့်မြို့နယ်များသို့ သွားရောက်ခဲ့သည်ကို အထောက်အထားဖြင့် တင်ပြရန်၊

(၂) မည်သည့်မြို့နယ်များသို့ သွားရောက်ခဲ့ကြောင်း အထောက်အထားခိုင်လုံစွာ မတင်ပြနိုင်သူများ၊ နေအိမ်တွင်နေထိုင်ရေး (Stay at Home) သတ်မှတ်ထားသောမြို့နယ်များသို့ သွားရောက်ခဲ့သူများကို မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးတွင် ပြင်ဆင်ထားသော Community Based Facility Quarantine နေရာများတွင် (၁၄)ရက်နေထိုင်၍ Quarantine ကာလအတွင်း ခတ်ခွဲနမူနာ (၂)ကြိမ် ရယူစစ်ဆေးမှုခံယူကာ ခတ်ခွဲအဖြေတွင် ရောဂါပိုးမတွေ့ရှိပါက Home Quarantine (၇)ရက်နေထိုင်ပြီးမှသာ မန္တလေးတိုင်းဒေသကြီးရှိ သက်ဆိုင်ရာမြို့နယ်ရှိ နေရပ်သို့သွားရောက်ရန်။

၄။ နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်သောမြို့နယ်များမှ မန္တလေးတိုင်းဒေသကြီးသို့ လာရောက်သူများအနေဖြင့် မည်သူမဆို ခတ်ခွဲစစ်ဆေးရာ၌ ကုန်ကျမည့်စရိတ်အားလည်းကောင်း၊ Community Based Facility Quarantine ဝင်ရောက်နေစဉ်ကာလအတွင်း ကုန်ကျစရိတ်အားလည်းကောင်း နေပြည်တော်မှ ကောက်ခံသည့်နှုန်းထားအတိုင်း ကာယကံရှင်မှ ကျခံရမည်ဖြစ်ပါသည်။

၅။ နေအိမ်တွင်နေထိုင်ရေး(Stay at Home)အစီအစဉ်တွင် အကျုံးမဝင်သော တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့နယ်များမှ မန္တလေးတိုင်းဒေသကြီးသို့ လာရောက်လိုသူများအနေဖြင့် မန္တလေးတိုင်းဒေသကြီးစစ်ဆေးရေးအဖွဲ့များ၏ ကျန်းမာရေးစစ်ဆေးမှုခံယူစေကာ သံသယဖြစ်ဖွယ် ရောဂါလက္ခဏာတွေ့ရှိပါက သက်ဆိုင်ရာဆေးရုံတွင် လိုအပ်သောဆေးကုသမှုကိုခံယူရန်ဖြစ်ပါသည်။

၆။ နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးမဝင်သော မြို့နယ်များမှ ပြန်လာသူများ၊ ရောဂါဖြစ်ပွားခြင်းမရှိသေးသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များမှ ပြန်လာသူများအနေဖြင့် မန္တလေးတိုင်းဒေသကြီး စစ်ဆေးရေးအဖွဲ့များ၏ စစ်ဆေးမှုခံယူပြီး သံသယဖြစ်ဖွယ်ရောဂါလက္ခဏာတွေ့ရှိပါက သက်ဆိုင်ရာဆေးရုံတွင် လိုအပ်သောဆေးကုသမှုကိုခံယူရန် ဖြစ်ပါသည်။

၇။ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကုန်စည်စီးဆင်းမှုအတွက် ဝင်ထွက်သွားလာနေသည့် ကုန်တင်ယာဉ်များ၊ ကျန်းမာရေးဆိုင်ရာကိစ္စရပ်နှင့် အခြားအရေးပေါ်ကိစ္စရပ်များမှအပ ခရီးသည်ပို့ဆောင်ရေးယာဉ်များအားလုံး၊ ဘုရားဖူးယာဉ်များအားလုံး၊ အပန်းဖြေခရီးသွားယာဉ်များအားလုံး၊ အလည်အပတ်သွားရောက်သည့်ယာဉ်များအားလုံးအနေဖြင့် ပြည်တွင်းခရီးသွားလာခြင်းကို မပြုလုပ်ကြရန်ဖြစ်ပါသည်။

၈။ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း၊ မြောက်ပိုင်း)တို့မှ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးသို့ သွားရောက်မည့် ခရီးသည်တင်ယာဉ်လိုင်းများအနေဖြင့် မန္တလေးမြို့သို့ ဝင်ရောက်ခြင်းမပြုဘဲ အောက်ပါလမ်းများအတိုင်း သွားရောက်ရန်ဖြစ်ပါသည်–

(က) ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးတို့မှလာသော ခရီးသည်တင်ယာဉ်များအနေဖြင့် တံတားဦးမှတစ်ဆင့် ရန်ကုန်–မန္တလေးအမြန်လမ်းအတိုင်း ရန်ကုန်တိုင်းဒေသကြီးသို့လည်းကောင်း၊

(ခ) ချင်းပြည်နယ်၊ မကွေးတိုင်းဒေသကြီးတို့မှလာသော ခရီးသည်တင်ယာဉ်များအနေဖြင့် ပခုက္ကူ–ကျောက်ပန်းတောင်းမှတစ်ဆင့် ရန်ကုန်–မန္တလေးအမြန်လမ်းအတိုင်း ရန်ကုန်တိုင်းဒေသကြီးသို့ လည်းကောင်း၊

(ဂ) ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့မှလာသော ခရီးသည်တင်ယာဉ်များအနေဖြင့် ပျော်ဘွယ်(ဘုရားငါးဆူ)မှတစ်ဆင့် ရန်ကုန်–မန္တလေး အမြန်လမ်းအတိုင်း ရန်ကုန်တိုင်းဒေသကြီးသို့ လည်းကောင်း၊

(ဃ) ရှမ်းပြည်နယ်(မြောက်ပိုင်း)မှလာသော ခရီးသည်တင်ယာဉ်များအနေဖြင့် ပြင်ဦးလွင်–တံတားဦးအဝိုင်းမှ တစ်ဆင့် ရန်ကုန်–မန္တလေးအမြန်လမ်းအတိုင်း ရန်ကုန်တိုင်းဒေသကြီးသို့လည်းကောင်း။

၉။ အထက်ပါကြေညာချက်များအား အများပြည်သူများအနေဖြင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပြီး မည်သည့်မြို့သို့ သွားရောက်ခဲ့ကြောင်း တင်ပြရန် ငြင်းဆန်သူများနှင့် နေရပ်လိပ်စာလည်းဖော်ပြခြင်း၊ သွားရောက်ခဲ့သည့်နေရာများ မမှန်မကန်ဖြေကြားခြင်း၊ စစ်ဆေးမှုကို ကြည်ဖြူစွာ ပူးပေါင်းဆောင်ရွက်ခြင်းမရှိသူများအား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဥပဒေပုဒ်မ (၂၅)အရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၁၀။ သို့ဖြစ်ရာ ဤအသိပေးကြေညာချက်အား ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ(၁၀)ရက်မှ စတင်၍ အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပြီး နောက်ထပ်အမိန့်တစ်စုံတစ်ရာ မထုတ်ပြန်မီ အချိန်အထိ ဤအသိပေးကြေညာချက်သည် အတည်ဖြစ်ကြောင်းနှင့် ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ (၆)ရက်ဖြင့်ထုတ်ပြန်ခဲ့သည့် အမိန့်အမှတ်(၃၀/၂၀၂၀)အား ဤအမိန့်ဖြင့် ကျော်လွှန်ပယ်ဖျက်ကြောင်း ထုတ်ပြန်ကြေညာလိုက်သည်။

ဒေါက်တာဇော်မြင့်မောင်
ဝန်ကြီးချုပ်

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများသို့ အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြည်ပသို့ ခရီးသွားရာဇဝင်မရှိဘဲ ပြည်တွင်းကူးစက်မှုအဖြစ် သုံးသပ်ရသော COVID-19 ဓာတ်ခွဲအတည်ပြုလူနာများအား (၂၄.၈.၂၀၂၀) ရက်နေ့တွင် စတင်တွေ့ရှိခဲ့ရာ (၈.၉.၂၀၂၀) ရက်နေ့အထိ လူနာ ၆၅၆ ဦးအထိ ရှိလာကြောင်း တွေ့ရှိရပါသဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ Stay at Home သတ်မှတ်ထားသော မြို့နယ်အပါအဝင် မြို့နယ် ၄၄ မြို့နယ် (ကိုကိုးကျွန်းမြို့နယ်မပါ)တွင် နေထိုင်သူများအနေဖြင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်နှင့် အရေးကြီးကိစ္စရပ်များမှအပ ရန်ကုန်တိုင်းဒေသကြီးပြင်ပသို့ (၁၁.၉.၂၀၂၀) ရက်နေ့မှ (၁.၁၀.၂၀၂၀) ရက်နေ့အထိ ခရီးသွားရောက်ခြင်းမပြုရန် တားမြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

## နေပြည်တော်အတွင်း ကန့်သတ်စောင့်ကြည့်စခန်း ဝင်ရောက်လျက်ရှိသော အစိုးရဝန်ထမ်းများနှင့် ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများအတွက် အလှူငွေများ ပေးအပ်လှူဒါန်း

နေပြည်တော် စက်တင်ဘာ ၁၀

နေပြည်တော်အတွင်း ကန့်သတ်စောင့်ကြည့်စခန်း ဝင်ရောက်လျက်ရှိသော အစိုးရဝန်ထမ်းများနှင့် ကျန်းမာရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ တာဝန်ယူစောင့်ရှောက်မှုပေးနေသည့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ဆရာဝန်များ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် လေးကျွန်းသူဖောင်ဒေးရှင်းတို့မှ အလှူငွေများ ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် စည်ပင်ဧည့်ရိပ်သာရှိ အဆောင်(၅၆)တွင် ကျင်းပသည်။



လှူဒါန်းပွဲတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန(သာသနာရေး)က ငွေကျပ် သိန်း ၄၀၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန(ယဉ်ကျေးမှု)က ငွေကျပ်သိန်း ၄၀၊ လေးကျွန်းသူဖောင်ဒေးရှင်းက ငွေကျပ် သိန်း ၃၀ စုစုပေါင်းငွေကျပ် သိန်း ၁၁၀ တို့ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများက ပေးအပ်လှူဒါန်းရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## စာပေဗိမာန်စာမူဆုရစာအုပ် ဖြန့်ချိရောင်းချ



နေပြည်တော် စက်တင်ဘာ ၁၀

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ၂၀၁၈ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု၊ ကလေးစာပေ ပထမဆုရရှိသည့် စာရေးဆရာ မောင်လွန်းမြိုင်(ပင်လယ်ဘူး)၏ "ဝလုံးစောင်းစောင်း ပန်းပေါင်းကုဋေ ကလေးကဗျာများ" စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် ကဗျာစုစုပေါင်း ၇၂ ပုဒ်ပါဝင်သည်။ ကဗျာများမှာ ရွတ်ဆို၍ကောင်းသော ကဗျာများဖြစ်ပြီး ကလေးများ သိနားလည်မှုရှိသောစကားလုံးများဖြင့် သုံးနှုန်းရေးဖွဲ့ထားကာ အကြောင်းအရာ အမျိုးအစားစုံလင်အောင် ရေးစပ်ထားသည်။ ကလေးတို့၏ ချစ်စရာသဘာဝလေးများကို လှပသော စကားလုံးများ၊ ချိုသာသောကာရန်များဖြင့် ဖွဲ့ဆိုထား၍ ပျော်ရွှင်စွာရွတ်ဆိုနိုင်သည့် ကဗျာစာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။ ကလေးများအဖို့ ကဗျာပြတင်းမှတစ်ဆင့် ဗဟုသုတများစွာကို လေ့လာသိရှိနိုင်သည့် ကလေးကဗျာစာအုပ်တစ်အုပ်ဖြစ်ပါသည်။ ထို့ပြင် ကဗျာများကို အစဉ်အလာကဗျာလမ်းကြောင်းနှင့်အညီ ရေးဖွဲ့ထား၍ ကဗျာရေးစပ်လိုသူ ဝါသနာရှင်များ လက်ကိုင်ထားရမည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

အဆိုပါစာအုပ်ကို ရောင်းဈေး ငွေကျပ် ၃၀၀၀ ဖြင့် အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈၊ အမှတ် (တ-၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၂-၄၀၃၀၁၈၆ နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန် အရောင်းဌာန ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

သတင်းစဉ်

## နိုင်ငံ၏တန်ဖိုး လူမျိုး၏ဂုဏ်သိက္ခာ ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဖိတ်ခေါ်

နေပြည်တော် စက်တင်ဘာ ၁၀

၂၀၂၁ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲအား **"နိုင်ငံ၏တန်ဖိုး လူမျိုး၏ဂုဏ်သိက္ခာ"** ဟူသော ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲသို့ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုများ၊ အေးချမ်းတည်ငြိမ်မှုများ၊ တိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်မှုများ၊ ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်မှုများ၊ နိုင်ငံသားတို့၏ စည်းကမ်းပြည့်ဝမှုများနှင့် လွတ်လပ်ရေးကြိုးပမ်းမှု၏ ထင်ရှားသည့် သင်္ကေတ၊ နေရာဒေသနှင့် လူပုဂ္ဂိုလ်များ စသည်တို့ကို ဖော်ညွှန်းရိုက်ကူးထားသော ဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ပြိုင်ပွဲစည်းကမ်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပြိုင်ပွဲတွင် မြန်မာနိုင်ငံသားမည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်သည်။
(ခ) ဓာတ်ပုံမှာ မြန်မာနိုင်ငံအတွင်း ရိုက်ကူးထားသော ရောင်စုံဓာတ်ပုံဖြစ်ရမည်။
(ဂ) ပြိုင်ပွဲဓာတ်ပုံ အရွယ်အစားမှာ (၁၀ လက်မ x ၁၅ လက်မ) အရွယ်အစားတစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရန်နှင့် ပုံအရေအတွက် အကန့်အသတ်မရှိ ယှဉ်ပြိုင်နိုင်သည်။
(ဃ) မည်သည့်ကင်မရာအမျိုးအစားမဆို အသုံးပြုနိုင်သည်။
(င) ဒစ်ဂျစ်တယ်နည်းပညာဖြင့် ပြုပြင်ဖန်တီးထားသော ဓာတ်ပုံများနှင့် ပြည်တွင်းပြည်ပ ဓာတ်ပုံပြိုင်ပွဲများတွင် ဆုရခဲ့ဖူးသည့် ဓာတ်ပုံများအား ပြိုင်ပွဲသို့ ယှဉ်ပြိုင်ခြင်းမပြုရ။
(စ) ပြိုင်ပွဲဝင်ဓာတ်ပုံများသည် ပုံနှိပ်ထုတ်ဝေပြီးသောဓာတ်ပုံများ၊ Website များတွင် အသုံးပြုပြီးသော ဓာတ်ပုံများမဖြစ်စေရ။
(ဆ) ပြိုင်ပွဲဝင်ဓာတ်ပုံများကို ပေးပို့ရာတွင် ဓာတ်ပုံအရွယ်အစား(၁၀ လက်မ x ၁၅ လက်မ) ဓာတ်ပုံ Hard Copy နှင့် Soft Copy (CD) ကို ပူးတွဲပေးပို့ရမည်။
(ဇ) ပြိုင်ပွဲဝင်ဓာတ်ပုံများအား အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုမှတ်တမ်းများ၌ အသုံးပြုခြင်းကို သဘောတူခွင့်ပြုရမည်။
(ဈ) ပြိုင်ပွဲဝင်ဓာတ်ပုံတိုင်းတွင် အမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ဓာတ်ပုံ၏အကြောင်းအရာ၊ ရိုက်ကူးသည့် နေရာဒေသတို့ကို ဓာတ်ပုံတိုင်း၏ နောက်ကျော၌ သီးခြားစက္ကူဖြင့်ကပ်ပြီး တစ်ပါတည်း ပူးတွဲပေးပို့ရမည်။

ပြိုင်ပွဲတွင် ဆုရရှိသူများအား ပထမဆု ငါးသိန်းကျပ်၊ ဒုတိယဆု သုံးသိန်းငါးသောင်းကျပ်၊ တတိယဆု နှစ်သိန်းကျပ်နှင့် အထူးဆု တစ်သိန်းကျပ်စီ ချီးမြှင့်သွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၆ ရက် ညနေ ၄ နာရီနောက်ဆုံးထား၍ ဦးကျော်ဇင်စိုး၊ ညွှန်ကြားရေးမှူး(ထုတ်လုပ်) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ သို့ ပေးပို့ရမည်ဖြစ်ကြောင်းနှင့် ၎င်းနေ့ထက်ကျော်လွန်၍ ပေးပို့လာသော ဓာတ်ပုံများအား ပြိုင်ပွဲဝင်ဓာတ်ပုံအဖြစ် လက်ခံမည်မဟုတ်ကြောင်း သိရသည်။

သတင်းစဉ်

## စာအုပ်စာပေ လူ့မိတ်ဆွေ



နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်သည်ဟုဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့်စပ်ဆိုင်သော ဆောင်းပါးများကို ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင်ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။ (စာတည်းအဖွဲ့)

# ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့်အတူ (၃၇)

# လွှတ်တော်ကိုယ်စားလှယ်လောင်းများ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်း



မောင်စာဂ

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများစာရင်းကို သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက အတည်ပြုထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် မိမိတို့ ရွေးကောက်တင်မြှောက်ခံမည့် သက်ဆိုင်ရာ မဲဆန္ဒနယ်မြေများ၌ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးရေးလုပ်ငန်းများ ဆောင်ရွက်ကြရပါတော့မည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကလည်း လွှတ်တော်ကိုယ်စားလှယ်လောင်းများအတွက် မဲဆွယ်စည်းရုံးရေးညွှန်ကြားချက်ကို ၆-၉-၂၀၂၀ ရက်စွဲပါ၊ ကြေညာချက်အမှတ် ၁၇၃/၂၀၂၀ ဖြင့် ထုတ်ပြန်ခဲ့ပါသည်။ မဲဆွယ်စည်းရုံးရေးဆိုင်ရာ ညွှန်ကြားချက်များ မည်သို့ရှိသနည်း။ အနှစ်ချုပ်မျှဝေပါရစေ။

**မဲဆွယ်စည်းရုံးရေးညွှန်ကြားချက်ထုတ်ပြန်ခြင်း**

လွှတ်တော်အသီးသီး၏ မဲဆန္ဒနယ်တစ်နယ်တွင် ဝင်ရောက်ယှဉ်ပြိုင်အရွေးခံရန် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းတင်သွင်းထားပြီး သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအသီးသီးက သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်အတည်ပြု ကြေညာထားသည့် နိုင်ငံရေးပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်းသို့မဟုတ် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် မဲဆွယ်စည်းရုံးမှုများ ပြုလုပ်ရာတွင် ဥပဒေနှင့်အညီ လွတ်လပ်၍ တရားမျှတမှုရှိစေရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခွင့်ဆိုင်ရာ ညွှန်ကြားချက်အမှတ် (၁/၂၀၁၄) ကို ၁-၇-၂၀၁၄ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

**ပြင်ဆင်ချက်များထုတ်ပြန်ခြင်း**

အဆိုပါ ညွှန်ကြားချက်အမှတ် (၁/၂၀၁၄) အား ပြင်ဆင်သည့် ညွှန်ကြားချက်များဖြစ်သည့် မဲဆွယ်စည်းရုံးရေးကာလအဖြစ် ရွေးကောက်ပွဲကျင်းပမည့်နေ့ရက် မတိုင်မီ တစ်ရက်အလိုအထိ ရက်ပေါင်း ၆၀ စည်းရုံးခွင့်ရှိကြောင်း ၂၅-၆-၂၀၁၅ ရက်စွဲပါ စာအမှတ် ၄/ရကပ/ကမရ ဖြင့် လည်းကောင်း၊ စုဝေးဟောပြောခွင့် လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်လောင်းကဖြစ်စေ၊ ယင်း၏ရွေးကောက်ပွဲကိုယ်စားလှယ်လောင်းကဖြစ်စေ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ လျှောက်ထားသည်နှင့် တစ်ပြိုင်တည်း မဲဆွယ်စည်းရုံးခြင်းကို ဆောင်ရွက်နိုင်ကြောင်း ၄-၉-၂၀၁၅ ရက်စွဲပါစာအမှတ်၊ ၅/နငရ-ကြီးကြပ် (၈)/ကမရ ဖြင့် လည်းကောင်း ပြင်ဆင်ထုတ်ပြန်ထားပြီးဖြစ်သည်။

**ဘာသာရေးအဆောက်အအုံများတွင် ခွင့်မပြုခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၆-၅-၂၀၂၀ ရက်စွဲပါ စာအမှတ်၊ ၄/နငရ-ကြီးကြပ် (၂၂)/ကမရ ဖြင့် နိုင်ငံရေးပါတီများက ဘာသာရေးအဆောက်အအုံများတွင် အစည်းအဝေးကျင်းပပြုလုပ်ခြင်းကို ခွင့်မပြုကြောင်းနှင့် တည်ဆဲနိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေပါပြဋ္ဌာန်းချက်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်လည်း ထုတ်ပြန်ထားပြီးဖြစ်သည်။

**ကျင့်ဝတ်ထုတ်ပြန်ခြင်း**

ထို့အပြင် နိုင်ငံရေးပါတီများ၏သဘောတူညီချက်ဖြင့် ရေးဆွဲထားသော နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် ရွေးကောက်ပွဲဆိုင်ရာကျင့်ဝတ် (Code of Conduct for Political Parties and Candidates) ကိုလည်း ပြင်ဆင်ပြုစု၍ ၂၆-၆-၂၀၂၀ ရက်နေ့က ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

**မဲဆွယ်စည်းရုံးရေးကာလသတ်မှတ်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးခွင့် ကာလကို ရက်ပေါင်း ၆၀ (၈-၉-၂၀၂၀ ရက်နေ့ နံနက် ၀၆:၀၀ နာရီမှ ၆-၁၁-၂၀၂၀ ရက်နေ့ ည ၁၂:၀၀ နာရီအထိ) ခွင့်ပြုကြောင်း ၆-၉-၂၀၂၀ ရက်စွဲပါ ကြေညာချက်အမှတ် ၁၇၃/၂၀၂၀ ဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။

**ကျန်းမာရေးစံလုပ်ငန်းလမ်းညွှန်ချက်ကို လိုက်နာရန်လိုအပ်ခြင်း**

ယခုကာလ၌ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေမှုအခြေအနေအရ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေး နည်းလမ်းများနှင့်အညီ လိုက်နာဆောင်ရွက်နိုင်ရန် ထုတ်ပြန်မည့် ကျန်းမာရေးစံလုပ်ငန်း လမ်းညွှန် (Standard Operating Procedure – SOP) နှင့် သက်ဆိုင်ရာက အချိန်ကာလ/ နေရာဒေသအလိုက် ထုတ်ပြန်သည့် ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ အထူးအလေးထားပြီး လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ အမိန့်ထုတ်ပြန်ခြင်း**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကျန်းမာရေး စံလုပ်ငန်းလမ်းညွှန်ချက်များနှင့်အညီ နေရာအနေအထား၊ အကျယ်အဝန်းပေါ် မူတည်၍ တစ်ကြိမ်လျှင် လူ ၅၀ ဦးထက်မပိုသော ရွေးကောက်ပွဲဆိုင်ရာစုဝေးဟောပြောခြင်း၊ မဲဆွယ်စည်းရုံးခြင်းတို့နှင့် စပ်လျဉ်း၍ အမိန့်အမှတ် ၁၀၁/၂၀၂၀ ကို ၆-၉-၂၀၂၀ ရက်စွဲဖြင့် အောက်ပါအတိုင်းထုတ်ပြန်ခဲ့သည်-

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများကာကွယ်နှိမ်နင်းရေး ဥပဒေပုဒ်မ ၂၁ ပုဒ်မခွဲ (ခ) ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကိုထုတ်ပြန်လိုက်သည်။

၁။ ၂၀၂၀ ပြည့်နှစ်နိုဝင်ဘာလတွင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် စုဝေးဟောပြောခြင်း၊ မဲဆွယ်စည်းရုံးခြင်းလုပ်ငန်းများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ၁၂-၈-၂၀၂၀ ရက်စွဲပါ အမိန့်အမှတ် ၈၈/၂၀၂၀ အရ လူ ၃၀ ဦးဖြစ်စေ၊ လူ ၃၀ ဦးထက်ပို၍ဖြစ်စေ စုဝေးခြင်းပြုနိုင်သည့် ကိစ္စရပ်များတွင် "ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့် စပ်လျဉ်းသည့် ကျန်းမာရေးစံလုပ်ငန်းလမ်းညွှန် (Standard Operating Procedures – SOP) နှင့်အညီ နေရာအနေအထား၊ အကျယ်အဝန်းပေါ် မူတည်၍ တစ်ကြိမ်လျှင် လူ ၅၀ ဦးထက်မပိုသော ရွေးကောက်ပွဲဆိုင်ရာစုဝေးဟောပြောခြင်း၊ မဲဆွယ်စည်းရုံးခြင်း" ကိစ္စရပ်ကို ထပ်မံဖြည့်စွက်လိုက်သည်။

၃။ ရွေးကောက်ပွဲဆိုင်ရာစုဝေးဟောပြောခြင်း၊ မဲဆွယ်စည်းရုံးခြင်းကိစ္စရပ်များအတွက် စုဝေးခြင်းပြုနိုင်သည့်နေရာနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်းလိုက်နာဆောင်ရွက်ရမည်-

(က) လူတစ်ဦးနှင့်တစ်ဦး ရှေ့၊ နောက်၊ ဝဲ၊ ယာ အနည်းဆုံး ၆ ပေစီကွာလျက် နေရာချထားစီမံဆောင်ရွက်ရန်၊

(ခ) နေရာအနေအထား၊ အကျယ်အဝန်းအား တွက်ချက်ရာတွင် အခြေခံအားဖြင့် လူတစ်ဦးအတွက် ၃၆ စတုရန်းပေနှုန်းဖြင့် တွက်ချက်စီမံဆောင်ရွက်ရန်၊

(ဂ) လေဝင်လေထွက်ကောင်းသောနေရာများတွင်သာ စီမံဆောင်ရွက်ရန်၊

(ဃ) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော ကိုဗစ်-၁၉ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး လမ်းညွှန်ချက်များအတိုင်း တိကျစွာလိုက်နာဆောင်ရွက်ရန်။

**အေးချမ်းတည်ငြိမ်သည့်ရွေးကောက်ပွဲများဖြစ်စေရေး**

သို့ဖြစ်ပါ၍ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ နိုင်ငံရေးပါတီများသည် လွတ်လပ်၍တရားမျှတပြီး အေးချမ်းတည်ငြိမ်သည့် ရွေးကောက်ပွဲများ ဖြစ်စေရေးအတွက်လည်းကောင်း၊ ကိုဗစ်-၁၉ ရောဂါ ပြန့်ပွားမှုမရှိစေရေးအတွက်လည်းကောင်း အောက်ဖော်ပြပါ ညွှန်ကြားချက်၊ ကျင့်ဝတ်လမ်းညွှန်ချက်များကို အထူးအလေးထားလိုက်နာ ဆောင်ရွက်ကြရပါမည် -

(က) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းဆိုင်ရာတို့နှင့် စပ်လျဉ်းသည့် ညွှန်ကြားချက်အမှတ် (၁/၂၀၁၄) နှင့် အဆိုပါ ညွှန်ကြားချက်ကို ပြင်ဆင်သည့် ညွှန်ကြားချက်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၆-၅-၂၀၂၀ ရက်စွဲပါ ညွှန်ကြားချက်၊

(ခ) နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် ရွေးကောက်ပွဲဆိုင်ရာ ကျင့်ဝတ်၊

(ဂ) အထွေထွေရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ ကျန်းမာရေးစံလုပ်ငန်းလမ်းညွှန် (SOP)

(ဃ) သက်ဆိုင်ရာက အချိန်ကာလ/ နေရာဒေသအလိုက် ထုတ်ပြန်သည့် ကျန်းမာရေးဆိုင်ရာ အမိန့်များ၊ လမ်းညွှန်ချက်များ။

**စံပြုထိုက်သူများဖြစ်ကြပါစေ**

ပြည်သူ့အတွက် ပြည်သူများနှင့်အတူ ပြည်သူကို ကိုယ်စားပြုရွေးချယ်ခံကြမည့် ပြည်သူတို့၏ ကိုယ်စားလှယ်လောင်းများသည် ဘက်စုံအရည်အချင်း ပြည့်ဝကြသူများဖြစ်ကြသည်။ ဥပဒေနှင့်ကျင့်ဝတ်စည်းကမ်းများကို လေးစားလိုက်နာရာတွင်လည်း ပြည်သူတို့အတွက် စံပြုသူများ ဖြစ်ကြသည်။ မျက်မှောက်ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ကပ်ရောဂါအန္တရာယ်ကို အထူးသတိပြုနေထိုင်ကြရသည့်ကာလတွင် ရွေးကောက်ပွဲပါဝင်ယှဉ်ပြိုင်ကြမည့် ကိုယ်စားလှယ်လောင်းများအနေဖြင့် မိမိအပါအဝင် မဲဆန္ဒရှင်ပြည်သူများ၏ ကျန်းမာရေးကို အထူးအလေးထားလိုက်နာဆောင်ရွက်ကြရပါမည်။

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကြီးကို နိုင်ငံတစ်ဝန်း အေးချမ်းအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အားလုံးပါဝင် ဦးတည်ကြိုးပမ်းကြလျက်ရှိသည်။ ပန်းတိုင်သို့ ရောက်လုနီးပါပြီ။ ရက်ပေါင်း ၆၀ အတွင်း ရွက်ကုန်ဖွင့်၊ တက်စုံလှော်ခတ်ကြရာတွင် ခြေကုန်လက်ပန်းမကျကြဖို့ လိုပါသည်။ မိမိတို့၏ မဲဆန္ဒရှင်ပြည်သူများ၏ ကောင်းကျိုးလိုရာဆန္ဒများကို အသိ၊ သတိ၊ ဉာဏ်ပညာ အမြော်အမြင်များဖြင့် စွမ်းဆောင်အောင်နိုင်ကြစေကြောင်းပါဗျာ။

- **ဥပဒေ၊ ကျင့်ဝတ်စည်းကမ်းများနှင့်အညီ စည်းရုံးဆောင်ရွက်နိုင်ကြပါစေ၊**
- **ကျန်းမာရေးသတိ၊ ကျန်းမာရေးအသိဖြင့် ညွှန်ကြားချက်များနှင့်အညီ အထူး အလေးထား ဆောင်ရွက်နိုင်ကြပါစေ၊**
- **ပြည်သူအများ ဘေးအန္တရာယ်ကင်းစွာ ရွေးချယ်ဆန္ဒမဲပေးနိုင်ရေး အားလုံးပူးပေါင်း ပါဝင်ဆောင်ရွက်နိုင်ကြပါစေ။ ။**

**မဲဆွယ်စည်းရုံးခွင့်ကာလကို ရက်ပေါင်း ၆၀ (၈ - ၉ - ၂၀၂၀ ရက် နံနက် ၆ နာရီမှ ၆ - ၁၁ - ၂၀၂၀ ရက် ည ၁၂ နာရီအထိ) ခွင့်ပြု . . . သက်ဆိုင်ရာက အချိန်ကာလ / နေရာဒေသအလိုက် ထုတ်ပြန်သည့် ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ အထူးအလေးထားပြီး လိုက်နာ . . .**

# ယူအေအီး-အစ္စရေး ပုံမှန်ဆက်ဆံရေးရရှိရေး စေ့စပ်ညှိနှိုင်းပေးခဲ့သည့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် ၂၀၂၁ ငြိမ်းချမ်းရေးနိုဗယ်ဆုအတွက် အဆိုပြုခံရ



**ဝါရှင်တန် စက်တင်ဘာ ၁၀**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ယူအေအီးနှင့် အစ္စရေးနိုင်ငံတို့အကြား ပုံမှန်ဆက်ဆံရေးရရှိရေး ငြိမ်းချမ်းရေးစာချုပ်တစ်ရပ် ချုပ်ဆိုနိုင်ရန် စေ့စပ်ညှိနှိုင်းပေးခဲ့သည့်အတွက် ၂၀၂၁ ငြိမ်းချမ်းရေးနိုဗယ်ဆုအတွက် အဆိုပြုခံခဲ့ရကြောင်း သိရသည်။

သမ္မတထရမ့်အား အဆိုပြုလွှာတင်သွင်းမှုကို နော်ဝေပါလီမန်အမတ်ဖြစ်သူ တိုက်ဘရင်းဂျက်ဒီက တင်သွင်းခဲ့ခြင်းဖြစ်ပြီး ကမ္ဘာတစ်ဝန်းကာလရှည်ကြာဖြစ်ပွားနေသည့် ပဋိပက္ခများကို ဖြေရှင်းနိုင်ရေးအတွက် သမ္မတထရမ့်၏ကြိုးပမ်းခဲ့မှုများကို ချီးကျူးပါကြောင်းလည်း တိုက်ဘရင်းဂျက်ဒီက Fox သတင်းဌာနနှင့် သီးသန့် တွေ့ဆုံမေးမြန်းခန်းတစ်ရပ်တွင် ပြောကြားခဲ့သည်။

**ကြိုးပမ်းမှုအများအပြားရှိခဲ့**

အခြားသော ငြိမ်းချမ်းရေးနိုဗယ်ဆုအတွက် အဆိုပြုခံထားရသူများထက် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် နိုင်ငံများအကြား ငြိမ်းချမ်းရေးတည်ဆောက်ရေးကို ဖန်တီးပေးရန် ကြိုးပမ်းမှုအများအပြားရှိခဲ့သည်ဟု ယုံကြည်ထားကြောင်းလည်း တိုက်ဘရင်းဂျက်ဒီက ပြောကြားခဲ့သည်။

တိုက်ဘရင်းဂျက်ဒီသည် နေတိုးပါလီမန်ညီလာခံဆိုင်ရာ နော်ဝေကိုယ်စားလှယ်အဖွဲ့၏ ဥက္ကဋ္ဌအဖြစ်လည်း တာဝန်ထမ်းဆောင်လျက်ရှိပြီး နော်ဝေပါလီမန်အမတ်အဖြစ် သက်တမ်းလေးကြိမ်မြောက် တာဝန်ထမ်းဆောင်နေသူဖြစ်ကြောင်း သိရသည်။

**အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့**

တိုက်ဘရင်းဂျက်ဒီ၏ နိုဗယ်ဆုကော်မတီသို့ပေးပို့ခဲ့သည့် အဆိုပြုစာတွင် သမ္မတထရမ့်သည် အစ္စရေးနှင့် ယူအေအီးတို့အကြား ဆက်ဆံရေးတည်ထောင်မှုတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့ကြောင်းနှင့် အခြားသော အရှေ့အလယ်ပိုင်းဒေသ နိုင်ငံများသည်လည်း ယူအေအီး၏ ခြေလှမ်းအတိုင်း လုပ်ဆောင်လာလိမ့်မည်ဟုမျှော်လင့်ကြောင်း ရေးသားဖော်ပြခဲ့သည်။

**ကိုးကား-အိန္ဒိယတိုင်းမ်**
**ဘာသာပြန်-အလင်းသစ်**

# အာဆီယံနိုင်ငံများ ကိုဗစ်-၁၉ ရောဂါတိုက်ဖျက်ရေးအတွက် ကန်ဒေါ်လာ တစ်သန်း ဂျပန်ထောက်ပံ့မည်

**တိုကျို စက်တင်ဘာ ၁၀**

ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရန်အတွက် အရှေ့တောင်အာရှနိုင်ငံများအဖွဲ့(အာဆီယံ)သို့ ဂျပန်နိုင်ငံက အမေရိကန်ဒေါ်လာ တစ်သန်း ထောက်ပံ့ပေးမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီး မိုတီဂီ တိုရှိမစ်ဆူက ပြောကြားခဲ့သည်။




နိုင်ငံခြားရေးဝန်ကြီး တိုရှိမစ်ဆူကတရုတ်၊ တောင်ကိုရီးယားအပါအဝင် အာဆီယံ ၁၀ နိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးများနှင့် ယမန်နေ့က ကျင်းပခဲ့သည့် ဗီဒီယိုကွန်ဖရင့်အစည်းအဝေး၌ အဆိုပါထောက်ပံ့ကြေးပေးအပ်မှုနှင့်ပတ်သတ်ပြီး ပြောကြားခဲ့ကြောင်း သိရသည်။

အာဆီယံနိုင်ငံများ အနေဖြင့် ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရာတွင် အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်ပြီး ကိုဗစ်-၁၉ ရောဂါတိုက်ဖျက်ရေး အာဆီယံစင်တာ ထူထောင်ခြင်းအတွက် ထောက်ပံ့ငွေပေးအပ်ခြင်းဖြစ်ကြောင်း တိုရှိမစ်ဆူက ဆိုသည်။

ထို့ပြင် အာဆီယံနိုင်ငံများအား ကျန်းမာရေးဆိုင်ရာ ထောက်ပံ့ပစ္စည်းများ ထပ်မံကူညီထောက်ပံ့ပေးမည့်အပြင် စီးပွားရေးပြန်လည်ထူထောင်ရေးအတွက် ချေးငွေများကိုပါ ထုတ်ချေးပေးမည် ဖြစ်ကြောင်း တိုရှိမစ်ဆူက ဆက်လက်ပြောကြားခဲ့သည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**

## တောင်ကိုရီးယားအစိုးရက အသေးစားစီးပွားရေးလုပ်ငန်းများ၊ အိမ်ထောင်စုများသို့ ကန်ဒေါ်လာ ၆ ဒသမ ၆ ဘီလီယံ ပံ့ပိုးပေးမည်

**ဆိုးလ် စက်တင်ဘာ ၁၀**

ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုထိန်းချုပ်ရန် ခပ်ခွာခွာနေရန်ကန့်သတ်ချက်များ ချမှတ်ထားစဉ် တောင်ကိုရီးယားနိုင်ငံက ယခုနှစ်အတွင်း စတုတ္ထအကြိမ်အဖြစ် နောက်ဆက်တွဲဘတ်ဂျက် အမေရိကန်ဒေါ်လာ ၆ ဒသမ ၆ ဘီလီယံကို အသေးစားစီးပွားရေးလုပ်ငန်းများသို့ ပံ့ပိုးပေးသွားမည်ဖြစ်သည်။

အသေးစားစီးပွားရေးလုပ်ငန်းများအပြင် အိမ်ထောင်စုများသို့ ငွေသားထောက်ပံ့မှုပြုလုပ်ရန် အမေရိကန်ဒေါ်လာ ၆ ဒသမ ၆ ဘီလီယံ သုံးစွဲမည်ဟု တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်းက အရေးပေါ်စီးပွားရေးမူဝါဒဆိုင်ရာ အစည်းအဝေးတစ်ရပ်၌ ပြောကြားခဲ့သည်။ “ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု မကြုံစဖူး မြင့်တက်လာမှုက ပြန်လည်ထူထောင်ရေး အရှိန်အဟုန်ကို နှောင့်နှေးစေပါတယ်” ဟု သမ္မတမွန်ဂျေအင်းက အစည်းအဝေး၌ ပြောကြားခဲ့သည်။ အာရှတိုက်၏ စတုတ္ထမြောက် စီးပွားရေးအင်အားအကြီးမားဆုံး တောင်ကိုရီးယားနိုင်ငံ၌ စီးပွားရေးကျဆင်းမှုကို တားဆီးနိုင်ရန် ဝမ် ၂၇၇ ထရီလီယံ ပံ့ပိုးကူညီမည်ဟု အစောပိုင်းက ကတိပြုခဲ့သည်။

တောင်ကိုရီးယားနိုင်ငံက ဗိုင်းရပ်စ်ထိန်းချုပ်ရာတွင် အခြားတိုင်းပြည်များထက်ပို၍ အောင်မြင်ခဲ့ပြီး အလုံးစုံပိတ်ပင်ကန့်သတ်မှုမရှိစေရန် စီမံခန့်ခွဲနိုင်ခဲ့သော်လည်း ဩဂုတ်လလယ်တွင် ခရစ်ယာန်ဘုရားကျောင်းတစ်ခုမှ အစပြု၍ ဗိုင်းရပ်စ်ကူးစက်မှု ပြန်လည်မြင့်တက်လာခဲ့သည်။ တင်းကျပ်သော ခပ်ခွာခွာနေရေးစည်းမျဉ်းများကြောင့် စားသောက်ဆိုင်များ၊ ဝန်ဆောင်မှုလုပ်ငန်းများနှင့် လက်လီကဏ္ဍများ ထိခိုက်မှုရှိခဲ့သည်။ နေ့အလိုက် ဗိုင်းရပ်စ်ကူးစက်မှု ကျဆင်းသွားခဲ့ပြီး ယမန်နေ့က ဗိုင်းရပ်စ်ကူးစက်ခံရသူ အသစ် ၁၅၅ ဦးရှိခဲ့ကြောင်း ကိုရီးယားရောဂါထိန်းချုပ်ရေးနှင့် တားဆီးကာကွယ်ရေးဗဟိုဌာန(KCDC)က ထုတ်ပြန်ခဲ့သည်။ တောင်ကိုရီးယားနိုင်ငံ၌ လက်ရှိအချိန်ထိ ပြည်တွင်း၌ ကူးစက်ခံရသူ စုစုပေါင်း ၂၁၇၄၃ ဦးနှင့် သေဆုံးသူ ၃၄၆ ဦး ရှိကြောင်း သိရသည်။ **ကိုးကား-သည်စထရိတ်တိုင်းမ်၊ ဘာသာပြန်-ကျော်ထိုက်စိုး**

# မွမ်ဘိုင်းမြို့တော်ဝန် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရ

**မွမ်ဘိုင်း စက်တင်ဘာ ၁၀**

မွမ်ဘိုင်းမြို့တော်ဝန် ကီရှိုရီပက်နကာသည် ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ စမ်းသပ်စစ်ဆေးမှုခံယူခဲ့ရာ ရောဂါပိုးစမ်းသပ်တွေ့ရှိခဲ့ကြောင်း ၎င်း၏ တွစ်တာစာမျက်နှာပေါ်တွင် ယနေ့ ရေးသားဖော်ပြထားသည်။

မွမ်ဘိုင်းမြို့တော်ဝန်သည် ရောဂါပိုးစမ်းသပ်စစ်ဆေးမှုခံယူရာတွင် ရောဂါပိုးမရှိနိုင်ကြောင်း အခိုင်အမာပြောနေစဉ်မှာပင် ဓာတ်ခွဲခန်းအဖြေ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံထားရကြောင်း တွေ့ရှိခဲ့ရသည်ဟု ၎င်းကရေးသားခဲ့သည်။

အိန္ဒိယနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သည့်မွမ်ဘိုင်းမြို့သည် ဒေလီမြို့ပြီးလျှင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ အဆိုးဆုံးထိခိုက်ခံစားရသည့်မြို့တစ်မြို့ဖြစ်လာပြီး လက်ရှိအချိန်အထိ မွမ်ဘိုင်းမြို့၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၆၀၇၄၄ ဦးရှိကာ ၎င်းတို့အနက် ၇၉၈၂ ဦးသည် အဆိုပါရောဂါကြောင့် သေဆုံးခဲ့ကြောင်း သိရသည်။ လတ်တလောအချိန်၌ မွမ်ဘိုင်းမြို့ရှိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူများအနက် လူနာ ၂၅၆၅၉ ဦးသာ မြို့တွင်းရှိ ဆေးရုံများတွင် ဆေးဘက်ဆိုင်ရာ အနီးကပ်စောင့်ကြည့်မှုခံယူလျက်ရှိကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၌ ယနေ့တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၉၅၇၃၅ ဦး ထပ်မံတွေ့ရှိခဲ့ပြီးနောက် ရောဂါကူးစက်ခံရသူပေါင်း ၄၄၆၅၈၆၃ ဦးရှိလာခဲ့သည်။ ထို့အတူ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် ၁၁၇၂ ဦး ထပ်မံသေဆုံးခဲ့ရာ အိန္ဒိယနိုင်ငံ၌ အဆိုပါ ရောဂါကြောင့် သေဆုံးသူပေါင်း ၇၅၀၆၂ ဦး ရှိလာကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ဂျေတီ**

# ကမ္ဘာ့တောရိုင်းတိရစ္ဆာန်ကောင်ရေ သုံးပုံနှစ်ပုံကျော် ကျဆင်း

**မော့စကို စက်တင်ဘာ ၁၀**

၁၉၇၀ ပြည့်နှစ်နောက်ပိုင်း ကမ္ဘာ့တောရိုင်းတိရစ္ဆာန်ကောင်ရေ သုံးပုံနှစ်ပုံကျော် ကျဆင်းခဲ့ကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေအဖွဲ့(WWF)က ယနေ့တွင် အတည်ပြုကြေညာခဲ့သည်။ စိုက်ပျိုးမြေတိုးချဲ့မှုနှင့် သားရိုင်းတိရစ္ဆာန်ရောင်းဝယ်ဖောက်ကားမှုတို့က ကမ္ဘာ့တောရိုင်းတိရစ္ဆာန်အရေအတွက် လျော့ကျလာခြင်း၏ အဓိကအကြောင်းရင်းနှစ်ရပ်ဖြစ်ကာ သစ်တောနှင့် တောကောင်အရေအတွက် အချိုးမျှတမှုမရှိသည့်ဂေဟစနစ်သည် အီဘိုလာနှင့် ကိုဗစ်-၁၉ကဲ့သို့ တိရစ္ဆာန်မှလူသို့ ကူးစက်သည့်ရောဂါများကို ဖြစ်ပွားစေခြင်း၏ အဓိက အကြောင်းရင်းဖြစ်ကြောင်း WWF ၏ အစီရင်ခံစာတွင် ဖော်ပြသည်။ ယခုအစီရင်ခံစာကို နိုင်ငံ ၂၀ မှ ပညာရှင်များက ပြုစုထားခြင်းဖြစ်သည်။



၁၉၇၀ မှ ၂၀၁၆ ခုနှစ်ကြားကာလတွင် ကုန်းနေရေနေသတ္တဝါ၊ ငါးနှင့် နို့တိုက်သတ္တဝါ အရေအတွက်မှာ ၆၈ ရာခိုင်နှုန်းအထိ လျော့နည်းခဲ့သည်။ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်ကို ကာကွယ်ရန်အတွက် အပူပိုင်းမိုးရေသောက်သစ်တောများ ထိန်းသိမ်းရေးမှာ အရေးတကြီးလိုအပ်နေပြီး တစ်စက္ကန့်လျှင် ဘောလုံးကွင်းတစ်ကွင်းစာ အကျယ်အဝန်းရှိ သစ်တောများ ပုံမှန်ပြုန်းတီးနေခြင်းမှာ စိုးရိမ်စရာအနေအထားဖြစ်သည်။

သစ်တောထိန်းသိမ်းခြင်းနှင့် သစ်တောမြေအရည်အသွေးတိုးတက်အောင်ကြိုးပမ်းခြင်းသည် ရေကြီးရေလျှံခြင်းကဲ့သို့ ရာသီဥတုဖောက်ပြန်မှုများအပြင် ကိုဗစ်-၁၉ ကဲ့သို့ တိရစ္ဆာန်မှတစ်ဆင့် လူသို့ ကူးစက်သည့်ရောဂါများ ဖြစ်ပွားမှုကိုလည်း ထိန်းချုပ်နိုင်မည်ဖြစ်သည်။ သိပ္ပံပညာရှင်များက “တောတွေပြုန်းပြီး တောကောင်အရေအတွက်က များနေတော့ ဒီလိုအချိုးမမျှတဲ့ဂေဟစနစ်က အီဘိုလာ၊ ကိုဗစ်-၁၉ လို တိရစ္ဆာန်ကနေ လူကိုကူးတဲ့ရောဂါတွေ ဖြစ်လာတဲ့အကြောင်းရင်းပါ” ဟု ထောက်ပြကြသည်။

**ကိုးကား- အေအက်ဖ်ပီ**
**ဘာသာပြန်-မေလွဲ့သင်း**

# အစ္စရေးနှင့် ယူအေအီးတို့အကြား ပုံမှန်ဆက်ဆံရေးရရှိရေး သဘောတူညီချက်စာချုပ်ချုပ်ဆိုမည်

**ဝါရှင်တန် စက်တင်ဘာ ၁၀**

အစ္စရေးနိုင်ငံနှင့် အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး)တို့သည် နှစ်နိုင်ငံအကြား ပုံမှန်ဆက်ဆံရေး တည်ဆောက်မှုနှင့် စပ်လျဉ်းသည့် သဘောတူညီချက်စာချုပ်တစ်ရပ်ကို စက်တင်ဘာ ၁၅ ရက်တွင် ချုပ်ဆိုမည်ဖြစ်ကြောင်း အမေရိကန်ထိပ်တန်းတာဝန်ရှိသူများက ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံသည် အရှေ့အလယ်ပိုင်းနှစ်နိုင်ငံဖြစ်သည့် အစ္စရေးနှင့် ယူအေအီးတို့အကြား နှစ်နိုင်ငံဆက်ဆံရေးနှင့်စပ်လျဉ်း၍ ပြီးခဲ့သည့်လက ကြားဝင်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ သဘောတူညီချက်စာချုပ်ချုပ်ဆိုခြင်းအခမ်းအနားသို့ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၊ အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုနှင့် ယူအေအီးနိုင်ငံခြားရေးဝန်ကြီး ရှိတ်ခ်အဗ္ဗဒူလာတို့ တက်ရောက်မည်ဖြစ်ကြောင်းလည်း အိမ်ဖြူတော်မှ တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အစ္စရေးနှင့် ယူအေအီးတို့အကြား ပုံမှန်ဆက်ဆံရေးတည်ဆောက်မှုနှင့် စပ်လျဉ်း၍ အိမ်ဖြူတော်၌ ကျင်းပမည့် သမိုင်းဝင်လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ တက်ရောက်ရမည့်ကိစ္စနှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ ဖိတ်ကြားချက်အရ လာမည့်သီတင်းပတ်အတွင်း ဝါရှင်တန်သို့ သွားရောက်ရမည့်ကိစ္စတို့နှင့် ပတ်သက်ပြီး ဝမ်းမြောက်ဂုဏ်ယူပါကြောင်း အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုက ပြောကြားခဲ့သည်။

ယူအေအီးနိုင်ငံခြားရေးဝန်ကြီး ရှိတ်ခ်အဗ္ဗဒူလာသည် အစ္စရေးနှင့် ယူအေအီးတို့အကြား ပုံမှန်ဆက်ဆံရေးတည်ဆောက်မှုနှင့်စပ်လျဉ်းသည့် အခမ်းအနားသို့ တက်ရောက်ရန် သမ္မတဒေါ်နယ်ထရမ့်၏ ဖိတ်ကြားချက်နှင့်အတူ လာမည့် စက်တင်ဘာ ၁၅ ရက်တွင် ဝါရှင်တန်သို့ သွားရောက်မည်ဖြစ်ကြောင်းလည်း ယူအေအီးနိုင်ငံပိုင် သတင်းအေဂျင်စီက သတင်းဖော်ပြခဲ့သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ၊ ဘာသာပြန် – အလင်းသစ်**





# ဂျပန်ဆူမိုနပန်းသမား ၁၈ ဦး ကိုဗစ်-၁၉ ရောဂါကူးစက်ခံထားရ

**တိုကျို စက်တင်ဘာ ၁၀**

ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ တာမာနွိုင်သင်တန်းကျောင်း၌ ဆူမိုနပန်းသမား ၁၈ ဦး ကိုဗစ်–၁၉ ရောဂါကူးစက်ခံထားရကြောင်း ယနေ့သတင်းများအရ သိရသည်။

တာမာနွိုင်သင်တန်းကျောင်းတွင် ဝန်ထမ်းတစ်ဦး ဗိုင်းရပ်စ်ပိုးကူးစက်ခံထားရကြောင်း သိရှိခဲ့ပြီးနောက် ဆူမိုနပန်းသမား ၃၂ ဦးအား ဗိုင်းရပ်စ်ပိုးရှိ၊ မရှိ စစ်ဆေးမှုများ ပြုလုပ်ခဲ့ရာ ၄င်းတို့အနက် ၁၈ ဦး ဗိုင်းရပ်စ်ကူးစက်ခံထားရကြောင်း စစ်ဆေးတွေ့ရှိရသည်ဟု ဆူမိုနပန်းအဖွဲ့က ပြောကြားခဲ့သည်။

ဗိုင်းရပ်စ်ကူးစက်ခံရသူ နပန်းသမား ၁၈ ဦးအနက် ၁၂ ဦးသည် အားပျော့သော ရောဂါလက္ခဏာများကိုသာ ခံစားလျက်ရှိပြီး ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိသည်။ ကျန်ခြောက်ဦးသည် ရောဂါလက္ခဏာပြသခြင်းမရှိသည့်အတွက် သင်တန်းကျောင်းတွင်သာ အသွားအလာကန့်သတ်ထားရှိမည်ဖြစ်ကြောင်း သိရသည်။

ဆူမိုနပန်းသမားများ ဗိုင်းရပ်စ်ပိုးကူးစက်ခံထားရသည့်အတွက် စက်တင်ဘာ ၁၃ ရက်တွင် တိုကျိုမြို့၌ ကျင်းပမည့် ဆောင်းဦးရာသီ နပန်းပြိုင်ပွဲတွင် နပန်းသမားအားလုံး ဝင်ရောက်ယှဉ်ပြိုင်မည်မဟုတ်ကြောင်း ဆူမိုနပန်းအဖွဲ့က ဆိုသည်။

ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆူမိုနပမ်းအဖွဲ့က ပြောကြားခဲ့သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**

**ဘာသာပြန် – အောင်ကျော်ကျော်**

# ကိုဗစ်-၁၉ ကာကွယ်ဆေး ကမ္ဘာအနှံ့ဖြန့်ချိရန် ဂျက်လေယာဉ်ကြီး ၈၀၀၀ ပျံသန်းရန်လိုအပ်

**လန်ဒန် စက်တင်ဘာ ၁၀**

ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး ကမ္ဘာအနှံ့ဖြန့်ချိနိုင်ရန် ဘိုးရင်း ၇၄၇ ကဲ့သို့ လေယာဉ်ကြီးအစင်း ၈၀၀၀ ခန့် ပျံသန်းပြေးဆွဲရန် လိုအပ်မည်ဖြစ်ကာ အဆိုပါကိစ္စရပ်သည် လေကြောင်းလိုင်းများအတွက် ကြီးမားသည့် စိန်ခေါ်မှုဖြစ်လာမည်ဖြစ်ကြောင်း နိုင်ငံတကာလေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့ချုပ် အမှုဆောင်အရာရှိ ဂျူနရစ်၏ ပြောကြားချက်ကို ကိုးကား၍ ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ကိုဗစ်–၁၉ ကာကွယ်ဆေး ယခုထိ မရရှိသေးသော်လည်း နိုင်ငံတကာလေကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့ချုပ်သည် လေကြောင်းလိုင်းများ၊ လေဆိပ်များ၊ ကျန်းမာရေးအဖွဲ့များ၊ ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းများနှင့် တွဲဖက်ပြီး လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။ လူတစ်ဦးလျှင် ကာကွယ်ဆေးတစ်လုံး လိုအပ်သဖြင့် ကမ္ဘာ့လူဦးရေအားလုံး ကာကွယ်ဆေးထိုးနှံနိုင်ရန် ဖြန့်ချိရေးအစီအစဉ်အတွက် လေယာဉ်အစင်း ၈၀၀၀ လိုအပ်နေခြင်းဖြစ်သည်။

ဂျူနရစ်က စနစ်ကျသည့် အစီအမံတစ်ရပ်မရှိဘဲ ကာကွယ်ဆေး ဖြန့်ချိရေးလုပ်ငန်း အောင်မြင်မည်မဟုတ်ကြောင်းနှင့် ကာကွယ်ဆေးများ လုံလုံခြုံခြုံဖြန့်ဖြူးရေးသည် လေကြောင်းကုန်စည်သယ်ယူရေးအတွက် ကြီးမားသည့် စိန်ခေါ်မှုလည်းဖြစ်ကြောင်း ပြောကြားခဲ့သည်။ လေကြောင်းလိုင်းများသည် ကိုဗစ်–၁၉ ကြောင့် ခရီးသည်ပို့ဆောင်ရေး ကျဆင်းခဲ့ပြီးနောက် ပစ္စည်းသယ်ယူရေးဘက်သို့ ဦးလှည့်လာခဲ့ပြီး ကိုဗစ်–၁၉ ကာကွယ်ဆေးထွက်ပေါ်လာပါက ဖြန့်ဖြူးနိုင်ရန် ကြိုတင်စဉ်းစားနေခြင်းဖြစ်သည်။ ကာကွယ်ဆေး ဖြန့်ဖြူးရေးအတွက် အပူချိန် ၂ မှ ၈ ဒီဂရီစင်တီဂရိတ်ကြား ထိန်းပေးနိုင်မည့် လေယာဉ်အမျိုးအစားများသာ အသုံးပြုနိုင်မည်ဖြစ်ခြင်းကလည်း အဓိကစိန်ခေါ်မှုအဖြစ် ရှိနေခြင်းဖြစ်သည်။ အရှေ့တောင်အာရှ အချို့နိုင်ငံများကဲ့သို့သော ဒေသများသည် ၄င်းတို့ ကိုယ်ပိုင်ကာကွယ်ဆေး ထုတ်လုပ်ရန် စွမ်းနိုင်ခြင်းမရှိသောကြောင့် အဆိုပါ အရပ်ဒေသများသို့ သေချာပေါက် ပျံသန်းပြေးဆွဲရန် ပြင်ဆင်ထားရမည်ဖြစ်ကြောင်း လေကြောင်း ကုန်စည်သယ်ယူရေး အကြီးအကဲ ဂလန်းဟုချ်က ဆိုခဲ့သည်။

**ကိုးကား – ဂါးဒီးယန်း**

**ဘာသာပြန် – မေလွဲ့သင်း**



# ပြင်သစ်၌ ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ရေး တိကျစွာဆုံးဖြတ်ရန် သိပ္ပံပညာဆိုင်ရာကောင်စီ တိုက်တွန်း

**ပါရီ စက်တင်ဘာ ၁၀**

ပြင်သစ်နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုမြင့်တက်လာခြင်းနှင့်ပတ်သက်၍ တိကျသောဆုံးဖြတ်ချက်များ ချမှတ်ပြီး အရေးယူဆောင်ရွက်ပါရန် အစိုးရအား နိုင်ငံ၏ သိပ္ပံပညာဆိုင်ရာကောင်စီက တိုက်တွန်းပြောကြားခဲ့သည်။

အစိုးရ၏ မကြာသေးမီရက်များအတွင်းက ချမှတ်ခဲ့သော ဆုံးဖြတ်ချက်များသည် တိကျမှုမရှိသောကြောင့် ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှုများမြင့်တက်လာခဲ့ကြောင်း ၄င်းကောင်စီက စက်တင်ဘာ ၉ ရက်တွင် သတိပေးပြောကြားသည်။

ပြင်သစ်နိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူများလျော့နည်းလာသော်လည်း ရောဂါဖြစ်ပွားသူအရေအတွက်မြင့်မားလာခဲ့သည်။ ယခုနိုင်ငံတွင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုအခြေအနေသည် စိုးရိမ်ဖွယ်အနေအထားရှိကြောင်း ပြင်သစ်သိပ္ပံပညာဆိုင်ရာကောင်စီ၏ အကြီးအကဲ ဂျင်း ဖရန်ကော့စ်ဒက်ဖရေဆီက ပြောကြားသည်။

အထူးသဖြင့် အသက်အရွယ်ကြီးသူများနှင့် ဆီးချိုရောဂါ၊ အဝလွန်ခြင်းနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါရှိသူများအနေဖြင့် နှာခေါင်းစည်းများဝတ်ဆင်ခြင်းကဲ့သို့သော ဆောင်ရွက်မှုများ လုပ်ဆောင်ရန်လိုအပ်မည်ဟု အထက်ပါကောင်စီက သတိပေးပြောကြားသည်။

အစိုးရအနေဖြင့်လည်း ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှုများပြားသောဒေသများတွင် ရောဂါကူးစက်ခံရသူများနှင့် ၄င်းတို့နှင့် ထိတွေ့ခဲ့သူများအား ခွဲခြားစောင့်ကြည့်ခြင်းကို အထူးဂရုစိုက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ဂျင်း ဖရန်ကော့စ်ဒက်ဖရေဆီက ပြောကြားသည်။ နိုင်ငံ၏ အချို့ဒေသများတွင် ကိုဗစ်–၁၉ ဖြစ်ပွားမှုများ မြင့်တက်လာသဖြင့် အချိန်မီ မဆောင်ရွက်ပါက အရေးပေါ်အခြေအနေသို့ ရောက်ရှိနိုင်ကြောင်း၊ အစိုးရအနေဖြင့် တိကျသော ဆုံးဖြတ်ချက်များချမှတ်ကာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း ၄င်းက ပြောကြားသည်။

ဖရန့်စ်ရေးဗားရီးယားဒေသနှင့် ပရိုပင်ဒေသတို့တွင် ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှုများ သိသိသာသာမြင့်တက်နေကြောင်း သိရသည်။ လူစုလူဝေးများအား ပိတ်ပင်ခြင်းတစ်ခုတည်းဖြင့် ကိုဗစ်–၁၉ ရောဂါကို မထိန်းချုပ်နိုင်ကြောင်း ဒက်ဖရေဆီက ပြောကြားခဲ့သည်။

**ကိုးကား – အေအက်ဖ်ပီ**

**ဘာသာပြန် – စိုးသူရ**



## ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံး အခြေအနေ

ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ
၂၈၀၈၃၀၄၅ ဦး

သေဆုံးသူ
၉၀၈၉၇၉ ဦး

ပြန်လည်ကျန်းမာလာသူ
၂၀၁၅၁၆၇၈ ဦး

# ပင်လည်ဘူးနှင့် ကျောက်မဲမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၁၀**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၈ ရက် ညပိုင်းတွင် ပင်လည်ဘူးမြို့နယ် သစ်ဖြူကျင်း ကျေးရွာနှင့် ညောင်ကုန်းကျေးရွာ သွားကားလမ်း၌ နေလွင် မောင်းနှင်ပြီး အောင်မြင့်စိုး လိုက်ပါလာသည့် ဆိုင်ကယ်အား ရှာဖွေရာ ဘိန်းဖြူ ၁ ဒသမ ၀၆ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၃၇၀၀ တို့ကိုလည်းကောင်း။

ထို့အတူ စက်တင်ဘာ ၉ ရက် ညနေ ၆ နာရီ ၁၅ မိနစ်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ကျောက်မဲမြို့နယ် မူဆယ်-မန္တလေး သွားကားလမ်း အိုရီယမ်တယ်တိုးဂိတ် အနီး၌ စိုင်းနေလင်း မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၄၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံး၊ အလားတူ အောင်အောင်စိုး(ခ)ရှမင် မောင်းနှင်ပြီး ဇော်မင်းဦး(ခ)ဟာမင် လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား



စိုင်းနေလင်း၊ ဇော်မင်းဦး(ခ)ဟာမင်၊ အောင်အောင်စိုး(ခ)ရှမင်တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။



# ၇၂ မိုင်(အုတ်ရှစ်ကုန်း) အမြန်လမ်းမကြီးရဲတပ်ဖွဲ့ဝင်များ ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်

**ဒိုက်ဦး စက်တင်ဘာ ၁၀**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့ ၇၂ မိုင်(အုတ်ရှစ်ကုန်း)အမြန်လမ်းမကြီး စခန်းမှူး ရဲအုပ်ဝင်းထွန်း ဦးစီးသောတပ်ဖွဲ့ဝင်များသည် ယနေ့ နံနက်ပိုင်းက ရဲစခန်းရှေ့ လမ်းကျယ်သည့်နေရာ၌ အမြန်လမ်းမကြီးဘေးပတ်ဝန်းကျင် ကျေးရွာများမှ လမ်းမကြီးပေါ်နှင့် လမ်းဘေးမြေသားလမ်းအား အသုံးပြုသွားလာနေကြသည့် ပြည်သူများကို ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးခြင်း၊ အမြန်လမ်းမကြီးဥပဒေနှင့်ပတ်သက်၍ မှုခင်းအသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များအား ရှင်းလင်းပြောကြားခြင်းနှင့် နှာခေါင်းစည်းများ ဖြန့်ဝေပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကျော်ကျော်(ဒိုက်ဦး)

# မြို့နယ်အချို့၌ တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၁၀**

ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်ဖြင့် သတင်းပေးပို့ချက်အရ စက်တင်ဘာ ၈ ရက်တွင် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ပန်းတောင်းမြို့နယ် သူရဲတန်းကြိုးဝိုင်းအကွက်အမှတ် (၃၀) ပန်းတောင်း-တောင်ကုတ်ကားလမ်းဘေး၌ တရားမဝင် ပျဉ်းကတိုး/ စကားဝါခွဲသား ခုနစ်တန်၊ ဟုမ္မလင်းမြို့နယ် သောင်သွပ်ကြိုးဝိုင်းအကွက် အမှတ်(၁၈၂) ထိန်ကူးကျေးရွာ၏ အနောက်တောင်ဘက် ၆ ဒသမ ၅ မိုင်ခန့်အကွာနေရာ၌ တရားမဝင် ကျွန်းသစ် တန် ၃၀ နှင့် သုံးပေအောက် ကျွန်းသစ် သုံးလုံး (၁ တန်)၊ ကနီမြို့နယ် အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်အတွင်း မုံရွာ-ယာကြီး-ကလေးဝ ကားလမ်း မိုင်တိုင်အမှတ် (၅၁/၆)၏ မြောက်ဘက်တွင် ယာဉ်နှစ်စီးပေါ်မှ တရားမဝင် ပိတောက်ခွဲသား နှစ်တန်အား သိမ်းဆည်းရမိခဲ့သည်။

ထို့ပြင် မင်းလှမြို့နယ် အမှတ်(၆) ရပ်ကွက်နေ ခြံပိုင်ရှင် ဦးကျော်လင်းထွန်း(ခ) ဦးမှတ်ကြီး၏ နေအိမ်ခြံဝင်းအတွင်းမှ တရားမဝင် ကျွန်း/ ပိတောက်ခွဲသားဆိုဒ်စုံ ၂၃ တန်အား သိမ်းဆည်းရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး သက်ဆိုင်ရာရဲစခန်းတွင် အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။



ညီညီသန်း(နေပြည်တော်)

# ရွှေဘို၌ လမ်းလယ်မီးတိုင်အုတ်ခုံအား ဆိုင်ကယ်ဖြင့် တိုက်မိ၍ မောင်းနှင်သူသေဆုံး

**ရွှေဘို စက်တင်ဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့၌ ယမန်နေ့ ညနေပိုင်းက လမ်းလယ်မီးတိုင်အုတ်ခုံအား ဆိုင်ကယ်ဖြင့်ဝင်တိုက်မိ၍ လူတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယမန်နေ့ ညနေ ၄ နာရီ ၁၀ မိနစ်ခန့်က ရွှေဘိုမြို့ အမှတ်(၃) ရပ်ကွက် ရန်ကြီးအောင်ပန်းခြံရှေ့၌ အရှေ့မှအနောက်သို့ ဝမ်းကျော်ကျော် မောင်းနှင်လာသော ဆိုင်ကယ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်မီးတိုင်အုတ်ခုံအား ဝင်တိုက်မိကာ ဆိုင်ကယ်တိမ်းမှောက်ပြီး ဒဏ်ရာများရရှိခဲ့သဖြင့် ရွှေဘိုပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ကုသစဉ် ညနေ ၄ နာရီခွဲတွင် သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ရွှေဘိုမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

မိုးသောက်(ရွှေဘို)

# အိမ်တွင်းရက်ကန်းလုပ်ငန်း လုပ်ကိုင်ခြင်းဖြင့် သမဝါယမအသင်းသားပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေများ ပုံမှန်ရရှိ

**ဆားလင်းကြီး စက်တင်ဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ် တုံကျေးရွာရှိ ရွှေလင်းယုန် လယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းသည် လယ်ယာလုပ်ငန်းအပြင် ကိုဗစ်-၁၉ ကာလအတွင်း အသင်းသားပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်နှင့် မိသားစုနေ့စဉ်ပုံမှန်ဝင်ငွေများ ရရှိစေရန်အတွက် Exim Bank ပံ့ပိုးချေးငွေများ ရယူ၍ မြန်မာ့ရိုးရာ အိမ်တွင်းရက်ကန်းလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော အသင်းသားများအား တစ်ဦးလျှင် ချေးငွေကျပ် ၂၀၀၀၀၀ နှုန်းဖြင့် အသင်းသားစုစုပေါင်း ၃၆၃ ဦးအတွက် ငွေကျပ်သန်း ၇၂ ဒသမ ၆၀ ထုတ်ချေးပေးနိုင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်






## ပြည်တွင်းရှိ သက်ဆိုင်ရာ မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်း

- သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မိမိတို့ဌာနတည်နေရာ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် ဆက်သွယ်၍ ပုံစံ (၁၅) များကို တောင်းခံသွားရန်
- သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မဲဆန္ဒရှင်များက ဖြည့်သွင်းပြီးသည့် ပုံစံ (၁၅) များကို သက်ဆိုင်ရာမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၂၆-၈-၂၀၂၀ ရက်အရောက် ပေးပို့သွားရန်
- မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် စာအိတ်များကို သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများသို့ ၇-၁၀-၂၀၂၀ ရက်အရောက် ပေးပို့ရန်
- သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများတွင် ၈-၁၀-၂၀၂၀ ရက်မှ ၂၁-၁၀-၂၀၂၀ ရက်အတွင်း သင့်လျော်သည့်ရက်၌ ကြိုတင်ဆန္ဒမဲ ပေးနိုင်ရေး ဆောင်ရွက်ရန်
- ဆန္ဒပြုပြီး ကြိုတင်ဆန္ဒမဲလက်မှတ်ပါ စာအိတ်များကို သက်ဆိုင်ရာ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၈-၁၁-၂၀၂၀ ရက်နေ့ ညနေ ၄ နာရီထက် နောက်မကျဘဲ အရောက်ပေးပို့သွားရန်။

ရွေးကောက်ပွဲကျင်းပရန်

**၅၈**

ရက်သာ

လိုတော့သည်။

## အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

ရွေးကောက်ပွဲများသည် -

- ဒီမိုကရေစီ၏ အခြေခံဖြစ်သည်။
- ဒီမိုကရေစီရှင်သန်စေရေး၏ ရေသောက်မြစ်ဖြစ်သည်။
- ဒီမိုကရေစီဖြစ်ထွန်းရေး၏ ပင်စည်ပင်မဖြစ်သည်။

## ဆန္ဒမဲပေးပိုင်ခွင့် ရှိသူတွေက ဘယ်သူတွေလဲ

- အမျိုးသား အမျိုးသမီးမရွေး၊ ဘာသာမရွေး
- ရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့တွင်-
  - ✔ အသက် ၁၈ နှစ် ပြည့်ပြီးသူများ
- သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သည့်
  - ✔ နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူများနှင့်
  - ✔ သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတွင် ပါဝင်သည့်သူများ ဖြစ်သည်။

## ဆန္ဒမဲပေးပိုင်ခွင့် မရှိသူတွေက ဘယ်သူတွေလဲ

- သာသနာ့ဝန်ထမ်း
- ထောင်ဒဏ်ကျခံနေရသူ
- စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူ
- လူမွဲအဖြစ် ဆုံးဖြတ်ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူ
- ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေအရ တားမြစ်ခြင်းခံရသူ
- နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားအဖြစ် ခံယူထားသူတို့ ဖြစ်သည်။



## ကယားပြည်နယ်၌ ကိုယ်စားလှယ်လောင်း ၂၇၂ ဦး ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မည်

**လွိုင်ကော် စက်တင်ဘာ ၁၀**

ကယားပြည်နယ်အတွင်း ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းများကို ဩဂုတ် ၃၀ ရက်မှစတင်ကာ လွိုင်ကော်မြို့နယ်အတွင်းရှိ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၊ ခရိုင်/မြို့နယ် ကော်မရှင်အဖွဲ့ခွဲရုံးနှင့် ရပ်ကွက်/ကျေးရွာ ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကပ်ထားကြေညာထားကြောင်း ကယားပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ပြည်နယ်ရွေးကောက်ပွဲအရာရှိ ဦးကျော်ဆန်းဝင်းထံမှ သိရသည်။

**အမည်စာရင်းတင်သွင်းထား**

ကယားပြည်နယ်တွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်း၅၅ဦး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်း ၉၅ ဦး၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လောင်း ၁၁၄ ဦး၊ ဗမာတိုင်းရင်းသား ကိုယ်စားလှယ်လောင်း ရှစ်ဦး စုစုပေါင်း ကိုယ်စားလှယ်လောင်း ၂၇၂ ဦး အမည်စာရင်းကပ်ထားကြေညာထားပြီး ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းသည့်အထဲတွင် နိုင်ငံရေးပါတီ ၁၆ ပါတီရှိသည့်အနက် ၁၃ ပါတီ အမည်စာရင်းတင်သွင်းထားကာ တစ်သီးပုဂ္ဂလအနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းမှာ ၁၃ ဦး အမည်စာရင်းတင်သွင်းထားကြောင်း သိရသည်။

ကယားပြည်နယ်အတွင်း မဲရုံပေါင်း ၂၃၃ ရုံ လျာထားဆောင်ရွက်သွားမည်ဖြစ်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်ဦးရေမှာ ၂၀၇၂၆၇ ဦး၊ ဗမာတိုင်းရင်းသား မဲဆန္ဒရှင် ၃၉၈၁၈ ဦးနှင့် မသန်စွမ်း မဲဆန္ဒရှင် ၆၅၆ ဦးရှိကြောင်း သိရသည်။

စိုးလှိုင်ငွေး(ပြန်/ဆက်)

# ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၁၀

**ရခိုင်ပြည်နယ် အမျိုးသားအင်အားစုပါတီ ဥက္ကဋ္ဌ ဦးအေးကြိုင်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၁၀ ရက် ညပိုင်းတွင် ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**အားလုံးမင်္ဂလာပါ**

ကျွန်တော်တို့ ဤပါတီကို (၂၀၁၀)ပါတီထူထောင်ခွင့်ရချိန်တွင် ပါတီမထူထောင်မီ ရခိုင်ပြည်နယ်ရှိ မြို့နယ်(၅)ခုမှ ညီလာခံကဲ့သို့သော အချို့သော ပုဂ္ဂိုလ်များနှင့် ဆွေးနွေးရာမှာ ကျွန်တော်တို့ပါတီထူထောင်ချိန်၌ ရခိုင်ပြည်ကိုယ်စားပြု ရခိုင်သားများထဲမှ တစ်ပါးသူကမှလည်း ပါတီထူထောင်ရန် ပေါ်ပေါက်ခြင်းမရှိပါ၍ ပြည်နယ်ကိုယ်စားပြု ရခိုင်ပါတီတစ်ခုရှိသင့်သည်ဟု အဖြေထွက်ပေါ်ချက်အရ မိမိတို့အနေဖြင့် တတ်နိုင်သည့်ဘက်မှ ရခိုင်ပြည်သူပြည်သားများနှင့် နိုင်ငံတော်အား အကျိုးပြုလိုသည့်ဆန္ဒဖြင့် အခုလိုပါတီထူထောင်လိုက်ရခြင်းဖြစ်ကြောင်း ဦးစွာပဏာမနှုတ်ခွန်းဆက်သလိုက်ပါသည်။

ကျွန်တော်ကတော့ ရခိုင်ပြည်နယ် အမျိုးသားအင်အားစုပါတီဥက္ကဋ္ဌ ဦးအေးကြိုင်ဖြစ်ပါသည်။ ကျွန်တော်တို့ပါတီကို (၂၀၁၀)ခုနှစ်က ပါတီထူထောင်ခွင့်အမှတ်စဉ်(၈)ဖြင့် ရခိုင်ပြည်နယ် ကိုယ်စားပြုထူထောင်ထားခြင်း ဖြစ်ပါသည်။ ကျွန်တော်တို့ပါတီ၏ လိုဂိုတံဆိပ်မှာ သဇင်(နှစ်ခက်)ဖြစ်ပြီး သဇင်ပန်းတို့၏သဘာဝမှာ လောင်းရိပ်မပွင့် ပင်မြင့်ပွင့်သောပန်းဖြစ်သလို ရခိုင်တို့၏ အထွတ်အထိပ်ပန်းတစ်ပွင့်လည်းဖြစ်ပါသည်။ ကျွန်တော်တို့ပါတီကလည်း မည်သည့်အဖွဲ့အစည်း လက်အောက်ခံမှမဟုတ်ဘဲ ရခိုင်ပြည်နယ်အရေးကို ရခိုင်သားများအားလုံး စုစည်းညီညွတ်မှုဖြင့် မြေပြင်ပကတိဖြစ်စဉ်အပေါ် အများဆန္ဒ၊ အများသဘောကိုအခြေခံလျက် ဝိုင်းဝန်းအဖြေရှာ ဆောင်ရွက်သွားဖို့ဖြစ်ပါသည်။

**ပါတီအလံ** – ပါတီ၏အလံမှာ ထိပ်ဆုံးထောင့်စွန်းတြိဂံပုံ အဖြူရောင်၌ ဒင်္ဂါးတံဆိပ်တို့မှာ ရခိုင်ပြည်နယ် သင်္ကေတတံဆိပ်နှင့် ဖြူစင်သန့်ရှင်းခြင်းကို ဖော်ဆောင်ပြီး အလံ၏အထက်နားအနီရောင်မှာ ရဲရင့်ခြင်း၊ ဇွဲသတ္တိရှိခြင်းကို ဖော်ဆောင်လျက် အလံ၏အောက်နားအပြာရောင်မှာ စည်းလုံးညီညွတ်ခြင်းကို ဖော်ဆောင်သည်။

အလံ၏အလယ်တည့်တည့် ကြယ်ဖြူလေးလုံးမှာ ရခိုင်ပြည်နယ်ရှိ လေးဝတီသားများအားလုံး ဖြူစင်သောသဘောထားနှင့် ညီတူညီမျှရှိကြသည်ကို ဖော်ဆောင်ခြင်းပင်ဖြစ်ပါသည်။

**ပါတီဆောင်ပုဒ်** – ပြည်သူ့ဆန္ဒပြည့်စေဖို့ သဇင်နှစ်ခက်ပါတီကိုမဲပေးစို့။

ကျွန်တော်တို့ပါတီသည် ရခိုင်ပြည်နယ်အား ကိုယ်စားပြု(၂၀၁၀)ခုနှစ်တွင် ဦးစွာထူထောင် ပေါ်ပေါက်လာခြင်းကြောင့် ပြည်တွင်းပြည်ပ အစိုးရအဖွဲ့အစည်းများ၊ အသင်းအဖွဲ့များ၊ အခြားသော နိုင်ငံရေးပါတီများမှ ငွေကြေးကဏ္ဍဆက်စပ် ကမ်းလှမ်းခြင်းများ ရှိကောင်းရှိနိုင်သည်မှာ အမှန်ပင်ဖြစ်သော်လည်း သဇင်ပန်း၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်အညီ သစ္စာစောင့်သိစွာဖြင့် နည်းပရိယာယ်အားဖြင့်သော်လည်းကောင်း၊ ကိုယ်ကျိုးဖက်လို၍သော်လည်းကောင်း၊ တစ်စုံတစ်ရာ ဖောက်ဖျက်ကျူးလွန်ခြင်းမရှိ ရှောင်ကြဉ်လျက် တစ်ဖက်မှဖိအားပေးကြိုးဆွဲခံကင်းဝေးကာ မိမိတို့ခြေမှာ မိမိတို့ရပ်တည်လာခဲ့ခြင်းကြောင့် ရခိုင်ပြည်နယ်အတွင်း ကျယ်ပြန့်နှံ့စပ်အောင် မဆောင်ရွက်နိုင်ခဲ့ခြင်းမှာ အမှန်ပင်ဖြစ်ပါသည်။

ယခုအခါ ပါတီ၏ သဘောထားအရ ပါတီစုံစနစ်နှင့်အညီ ပြည်သူ့အကျိုး၊ အမျိုးသားအရေး ဆောင်ရွက်ကြရာတွင် အစိုးရနှင့်ပါတီသော်လည်းကောင်း၊ ပါတီအချင်းချင်းသော်လည်းကောင်း အပြန်အလှန်အပြုသဘောဖြင့် အကြံပေးခြင်းဖြင့် ပြည်သူ့အကျိုး တိုးတက်မှုခွဲခြားခြင်းမရှိ မြန်ဆန်နိုင်မည်ဟု ခံယူချက်ဖြင့် ပါတီ၏စည်းရုံးရေးအား မြှင့်တင်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည် ဖြစ်၍ ရခိုင်ပြည်နယ်အရေး သစ္စာသမာဓိရှိရှိ ဝိုင်းဝန်းအဖြေရှာ ဆောင်ရွက်လိုသူများ ဤသဇင်နှစ်ခက် ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီနှင့် ဆက်စပ်ပူးပေါင်း ပါဝင်ကြရန်ကိုလည်း နှိုးဆော်တိုက်တွန်းလိုက်ရပါသည်။

**ကျွန်တော်တို့ပါတီ၏ ရည်ရွယ်ချက်/ ယုံကြည်ချက်/ လမ်းစဉ်သဘောထားမှာ**

ပါတီ၏ရည်ရွယ်ချက်၊ တစ်ပါတီအာဏာရှင်စနစ်မှ အရပ်ဘက်ပြည်သူ့အုပ်ချုပ်ရေး ပါတီစုံဖက်ဒရယ်ဒီမိုကရေစီစနစ် ပေါ်ပေါက်လာရန်နှင့် အားလုံးပွင့်လင်းမြင်သာစွာ ပါဝင်နိုင်သည့် ဒီမိုကရေစီအစိုးရ၏ ဦးဆောင်မှုဖြင့် ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးလျက် ပိုမိုရင့်ကျက်သည့် လူနေမှုဘဝ/ စနစ်တကျအမြန်ဆုံးဖြစ်ပေါ်လာစေရန် ရည်ရွယ်ပါသည်။

ပါတီ၏ဦးတည်ချက် ၂၀၀၈ ဖွဲ့စည်းပုံသည် ကျွန်တော်တို့လိုလားသည့် ဒီမိုကရေစီစနစ် တစ်ရာရာခိုင်နှုန်းပြီးပြည့်စုံသည်ဟူ၍ မဟုတ်ပါ။ ပေါ်ပေါက်လာမည့် အများပြည်သူမှ ရွေးချယ်ပေးလိုက်သော ပြည်သူ့ကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်များမှ (၂၀၀၈)ခုနှစ် ဖွဲ့စည်းပုံအား ပြင်ဆင်ဖြည့်စွက်သင့်သည်များကို ပြင်ဆင်ခြင်းဖြင့် အများပြည်သူ လိုလားတောင့်တနေသည့် ကိုယ့်ကြမ္မာကို ကိုယ်ဖန်တီးနိုင်မည့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဖြင့် ပါတီစုံဖက်ဒရယ် ဒီမိုကရေစီစနစ်ပေါ်ထွန်းလျက် ဒေသအသီးသီး ညီတူညီမျှ ဖွံ့ဖြိုးတိုးတက်မှုကို ရရှိစေရန် အားလုံးဝိုင်းဝန်းကြိုးပမ်းသွားဖို့ ဖြစ်ပါသည်။

**ပါတီ၏လမ်းစဉ်များ** – ဒေသအတွင်း နိမ့်ကျနေသောအရာခပ်သိမ်းအား ဘက်ပေါင်းစုံဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းသွားဖို့ဖြစ်ပါသည်။ စုစည်းညီညွတ်မှုရှိမှ ဖွံ့ဖြိုးတိုးတက်မည်ဖြစ်သည့်အတွက် ဒေသခံပြည်သူတို့ရဲ့ ဘက်ပေါင်းစုံ လိုအပ်နေသည့်အရာများကို ဒေသခံပြည်သူတစ်ရပ်လုံးနှင့် သက်ဆိုင်သည်ဖြစ်ရာ ပြည်သူများအပါအဝင် အခြားသောပါတီများနှင့်မိတ်ဖွဲ့လျက် တူညီသည်များကို လက်တွဲပူးပေါင်းကာ မတူညီသည်များကိုလည်း ဆက်လက်အဖြေရှာဆွေးနွေးခြင်းဖြင့် စုစည်းညီညွတ်သည့်အားနှင့် အစဉ်တစိုက်ဖွံ့ဖြိုးတိုးတက်ရေးအား ဆောင်ရွက်သွားဖို့ ဖြစ်ပါသည်။

၁။ ကျွန်တော်တို့ ရခိုင်ပြည်နယ်အပါအဝင် တိုင်းနှင့်ပြည်နယ် အသီးသီးရှိ ပြည်သူလူထုလိုလားသော ပါတီစုံဒီမိုကရေစီဖက်ဒရယ် ဖွဲ့စည်းပုံအခြေခံဥပဒေ တစ်ရပ်ပေါ်ပေါက်လာရေးအတွက် ပြည်ထောင်စုလွှတ်တော်၊ အစိုးရ၊ တပ်မတော်၊ တရားဝင်ပါတီအားလုံး၊ တောတွင်းလက်နက်ကိုင်အဖွဲ့အစည်းအားလုံး၊ လူထုလူတန်းစား အတတ်ပညာရှင်၊ အသိပညာရှင်များ လိုအပ်လျှင် လိုအပ်သလို ပါဝင်ခြင်းဖြင့် ဖော်ဆောင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ဖို့ ဖြစ်ပါသည်။

၂။ ယခုလက်ရှိတွင်လည်း ကျွန်တော်တို့ပါတီသည် ပါတီစုံဒီမိုကရေစီစနစ်နှင့်အညီ လက်ရှိအစိုးရမှ လုပ်ဆောင်နေမှုအား နိုင်ငံနှင့်ဒေသအတွင်း အကျိုးမရှိနစ်နာစေမည့် အကြောင်းအရာများတွေ့ရှိပါက စိတ်ဓာတ်သဘောထားချင်းတူညီကြသည့် အလုပ်တူ ပူးပေါင်းဆောင်ရွက်ရေး သဘောထားဖြင့် တရားဝင်ပါတီ (၁၄) ပါတီ၊ (၁၈)ပါတီ၊ (၃၂)ပါတီ အခိုက်ကြုံသလို စုပေါင်းလျက် အပြုသဘောဖြင့် အကြံပြုထောက်ပြခြင်း၊ ကန့်ကွက်ခြင်း၊ သဘောထားထုတ်ပြန်ခြင်းများကိုလည်း စဉ်ဆက်မပြတ်လုပ်ဆောင်လျက်ရှိပါသည်။

၃။ တိုင်းနှင့်ပြည်နယ်အသီးသီး တန်းတူညီမျှ ဘက်ပေါင်းစုံ ဖွံ့ဖြိုးတိုးတက်စေရန် အထက်မှာဖော်ပြခဲ့သော ဖွဲ့စည်းပုံ အပြောင်းအလဲ ဖြစ်ပေါ်လာခြင်းဖြင့် မိမိတို့ကိုယ်စားပြုသည့် ရခိုင်ဒေသမှ မြေပေါ် မြေအောက်ထွက်ရှိသော သယံဇာတအား ပြည်ထောင်စုအစိုးရနှင့် ခွဲဝေသည့်စနစ်ဖြင့် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားဖို့ ဖြစ်ပါသည်။




၄။ ရခိုင်ပြည်နယ်မှ မြောက်မြားစွာသော အဝေးရောက် အလုပ်ရှာထွက်ခွာသွားကြသည့် ရခိုင်ပြည်သူ ပြည်သားများအား မိမိဒေသအတွင်းသို့ ပြန်လည်ရောက်ရှိလာနိုင်စေရန် ပြည်နယ်အတွင်း အလုပ်အကိုင်များ ဖန်တီးဖော်ထုတ်ရန် စက်မှုဇုန်နှင့် ဖြစ်နိုင်ခြေစက်ရုံများ ဖြစ်ပေါ်လာအောင် တိုင်းတစ်ပါးနှင့် နိုင်ငံခြားမှ စီးပွားရေးလုပ်ငန်းရှင်များနှင့်သော်လည်းကောင်း၊ ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များနှင့်သော်လည်းကောင်း ပူးပေါင်းလျက် စက်မှုဇုန်ပေါ်ပေါက်ရေး အလေးပေးဆောင်ရွက်သွားဖို့ ဖြစ်ပါသည်။

ပါတီသည် လူမှုရေး/ နိုင်ငံရေး/ စီးပွားရေး/ တောင်သူလယ်သမားအရေး/ ပညာရေး/ အလုပ်သမားအရေး/ ကျန်းမာရေး အခြားသောကိစ္စရပ်များနှင့် ပတ်သက်လို့ ပါတီဖွဲ့စည်းပုံစာအုပ်ထဲမှာ ရေးသားဖော်ပြထားပြီး ဖြစ်ပါသည်။ အခုကတော့ အချိန်နှင့်တစ်ပြေးညီ ပြောဆိုရသည့်အတွက် တိုရင်းလိုရှင်း ပန်ကြားသွားဖို့ဖြစ်ပါသည်။

ကျန်းမာရေး၊ ပညာရေး၊ တောင်သူလယ်သမားအရေး၊ အလုပ်သမားအရေးနှင့်ပတ်သက်လို့ လက်ရှိတွင်လိုအပ်နေသော အရာများအား အကောင်းဆုံးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါသည်။

လူဝင်မှုကြီးကြပ်ရေးနှင့်ပတ်သက်လို့ အိမ်နီးချင်းနိုင်ငံများမှ တရားမဝင်ခိုးဝင်လာခြင်းအား တားဆီးကာကွယ်နိုင်အောင် ထိန်းသိမ်းကြပ်မတ်ခြင်းနှင့် နိုင်ငံသားဖြစ်ခြင်း၊ နိုင်ငံသားပြုခြင်း၊ နိုင်ငံသားအဖြစ်မှရပ်စဲခြင်း၊ ရုပ်သိမ်းခြင်း၊ သန်းခေါင်စာရင်းတို့ကို တိကျစွာ ကြိုးပမ်းဆောင်ရွက်သွားဖို့ ဖြစ်ပါသည်။

ရခိုင်ပြည်နယ်သူ ပြည်သားအပေါင်းတို့ ကျွန်တော်တို့ ရခိုင်လူမျိုးများသည် ရိုးသားပွင့်လင်းကြပါသည်။ ရိုးသားပွင့်လင်းခြင်းကို အခွင့်ကောင်းယူကာ နည်းပရိယာယ် အသုံးချခြင်းများအပေါ် မကျရောက်လေအောင် အကန်းယုံ အရမ်းယုံ မယုံကြဘဲ လက်တွေ့ကျကျ လေ့လာသုံးသပ်ခြင်းဖြင့် အဖြေရှာ ဆောင်ရွက်ကြပါလို့ တိုက်တွန်း ပန်ကြားလိုက်ပါသည်။

**တစ်ပါတီစနစ်နှင့် ပါတီစုံစနစ်**

ဤပါတီအနေဖြင့် ပါတီစုံစနစ်ကို အားပေးပါသည်။ ပါတီစုံတို့ ပျော်ရွှင်စွာ စားပွဲဝိုင်းထိုင်၍ ပြဿနာနှင့် ကိစ္စရပ်များကို အဖြေရှာဖို့ နိုင်ငံရေး၊ လူမှုရေး လှုပ်ရှားမှုများကို လူထုနှင့်ပွင့်လင်းမြင်သာချပြခြင်းဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

နိဂုံးချုပ် ပြည်သူသို့ ပန်ကြားလိုတာကတော့ ယခုပေါ်ပေါက်လာမည့် (၂၀၂၀) ရွေးကောက်ပွဲကာလမှာ အများပြည်သူရွေးချယ်ပေးရမှာကတော့ (၂၀၂၁)ခုနှစ် အာဏာသုံးရပ်တွင် တာဝန်ယူဆောင်ရွက်ကြမည့် ပုဂ္ဂိုလ်များ ဖြစ်ကြပါတယ်။ ယင်းကြောင့် တိုင်းပြည်အကျိုး ဒေသခံအကျိုးများကို အမှန်တကယ် အပြောနှင့်အလုပ်၊ အလုပ်နှင့်အပြော ညီမျှသည့် ပုဂ္ဂိုလ်များဖြစ်ပြီး မိမိတို့အား အလုပ်အကျွေးပြုမည့်သူများအား အသည်းထဲက မဲတစ်ပြားကို ဉာဏ်နှင့်ယှဉ်ကာ ရွေးချယ်ကြပါလို့ ပန်ကြားရင်း နိဂုံးချုပ်လိုက်ပါသည်။

အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ။

# ကန်ပက်လက်မြို့၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ကန်ပက်လက် စက်တင်ဘာ ၁၀**

ချင်းပြည်နယ် ကန်ပက်လက်မြို့နယ်၌ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ ကျင်းပခဲ့ကြသည်။

**ဆက်လက်ဆောင်ရွက်**

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဒုတိယအကြိမ် မဲစာရင်းကပ်ထား ကြေညာပေးမည့်အစီအမံများ၊ ရပ်/ကျေးကော်မရှင်အဖွဲ့များအား ရွေးကောက်ပွဲဆိုင်ရာ စွမ်းရည်မြှင့်သင်တန်းဖွင့်လှစ်ပေးမည့် အစီအမံများ၊ အထွေထွေရွေးကောက်ပွဲကျင်းပရာတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများနှင့်အညီ ဆောင်ရွက်ရမည့်စံလုပ်ငန်းလမ်းညွှန်များနှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ကန်ပက်လက်မြို့နယ်တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၁၄၀၀၀ ကျော်၊ မဲရုံစုစုပေါင်း ၈၀ နှင့် မဲရုံများတွင် ခန့်ထားမည့် မဲရုံဝန်ထမ်း စုစုပေါင်း ၈၂၆ ဦးခန့်ရှိမည်ဖြစ်ကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးထံမှ သိရသည်။

**ကိုလိန်း(ပြန်/ဆက်)**

■

# ကရင်ပြည်သူ့ပါတီက

# ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၁၀

**ကရင်ပြည်သူ့ပါတီ ဥက္ကဋ္ဌ စောထွန်းအောင်မြင့်က ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၁၀ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**"အားလုံး မင်္ဂလာညချမ်းပါခင်ဗျာ"**

ကျွန်တော်ကတော့ ကရင်ပြည်သူ့ပါတီရဲ့ ဥက္ကဋ္ဌ စောထွန်းအောင်မြင့် ဖြစ်ပါတယ်။

ကရင်အမည်ကတော့ စောဆာဒူဂေါ်ဖြစ်ပါတယ်။ မိုးသောက်ကြယ်လို့ အဓိပ္ပာယ်ရပါတယ်။ ယခုလိုရုပ်မြင်သံကြားအစီအစဉ်မှာ ပြည်သူလူထုအများ ရှေ့မှောက် စကားပြောခွင့်ရရှိတဲ့အတွက် စီစဉ်ပေးတဲ့ တာဝန်ရှိသူများအားလုံး ကို အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။

ပထမဦးစွာ ရှေးနှစ်များကလိုပဲ ကျွန်တော်တို့ပါတီ အမည်ဖြစ်တဲ့ ကရင်ပြည်သူ့ပါတီရဲ့ အဓိပ္ပာယ်ကို ဖွင့်ဆိုရှင်းပြပေးလိုပါတယ်။ ကျွန်တော်တို့ရဲ့ပါတီ ကို စတင်ထူထောင်ခြင်းရဲ့ ကနဦး ရည်ရွယ်ချက်ကတော့ ကျွန်တော်တို့ရဲ့ သွေးချင်းကရင်လူမျိုးများအတွက် တရားဝင်နိုင်ငံရေးလမ်းကြောင်းပေါ် ရောက်ရှိနိုင်ရေးအတွက် အခင်းအကျင်းတစ်ရပ် တည်ဆောက်ဖို့ပဲဖြစ်ပါတယ်။

ကရင်အမျိုးသားများက ဦးဆောင်ဖွဲ့စည်းခဲ့လို့ အမည်ကို ကရင်နဲ့ အစပြုထားသော်လည်း တစ်ရွာတည်းနေ တစ်ရေတည်းသောက် အစဉ်အဆက် အတူတကွ အေးအတူပူအမျှ နေထိုင်လာခဲ့ကြသော အခြားတိုင်းရင်းသား ပြည်သူအားလုံးကိုလည်း ပါဝင်စေလိုသော ဆန္ဒဖြင့် ပြည်သူဟူသော အမည် ထည့်သွင်းလျက် ကရင်များက ကနဦးစတင်တည်ထောင်သည့် နယ်မြေတစ်စု တည်းတွင် နေထိုင်သော တိုင်းရင်းသားပြည်သူများ၏ပါတီအဖြစ် ရပ်တည် လုပ်ဆောင်လျက်ရှိပါသည်။ ကျဉ်းမြောင်းသော လူမျိုးရေးအမြင်ကို အခြေခံ ခြင်းမဟုတ်ကြောင်း ပြောကြားလိုပါတယ်။

**ကရင်ပြည်သူ့ပါတီ၏မူဝါဒ**

ကရင်ပြည်သူ့ပါတီသည် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် မြန်မာ နိုင်ငံနှင့် ကိုက်ညီသော ဖက်ဒရယ်ဒီမိုကရေစီစနစ်သို့ ကူးပြောင်းရာတွင် ပါဝင် ဆောင်ရွက်သွားရေးကို ပါတီ၏ နိုင်ငံရေးမူဝါဒအဖြစ် ချမှတ်သည်။

**ကရင်ပြည်သူ့ပါတီ၏ ယုံကြည်ချက်နှင့် သဘောထား**

- မြန်မာနိုင်ငံသည် ဖက်ဒရယ်ဒီမိုကရေစီစနစ်ကို တည်ဆောက်ကျင့်သုံး နိုင်မှသာလျှင် မတူကွဲပြားနေသော တိုင်းရင်းသားလူမျိုးများ အချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ ယုံကြည်မှုများရရှိလာပြီး တိုင်းပြည် အေးချမ်းသာယာမှုကို ရှေးရှုနိုင်မည်ဟု ယုံကြည်သည်။
- ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံ တည်ဆောက် ရာတွင် လူတစ်ဦးချင်းစီ၏ အရည်အသွေးတိုးမြှင့်လာရေးအတွက် ပညာရေးဖွံ့ဖြိုးမှုသည် အခြေခံကျသည်ဟု ယုံကြည်သည်။
- ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားအားလုံးနှင့် လူနည်းစုများ၏ အခွင့်အရေးကို အာမခံကာကွယ်ပေးနိုင်သော စနစ်ကို ချမှတ်အကောင်အထည်ဖော်နိုင်မှသာလျှင် ရေရှည်တည်တံ့ သော ငြိမ်းချမ်းရေးကို ရရှိနိုင်မည်ဟု ယုံကြည်သည်။
- ကမ္ဘာ့နိုင်ငံရေး လူမှုရေးအခင်းအကျင်းသည် ခေတ်ရေစီးကြောင်း အလိုက် ရွေ့လျားပြောင်းလဲနေမည်သာ ဖြစ်သည်။ ကရင်ပြည်သူ့ ပါတီ၏ အမျိုးသားရေးခံယူချက်မှာ ပြောင်းလဲနေသော အခြေအနေ များတွင် တိုင်းပြည်နှင့် အမျိုးသားရေးထိခိုက်မှုမရှိစေရန်အတွက် အကောင်းဆုံး ဟန်ချက်ညီစွာ ဆောင်ရွက်သွားရန် ဖြစ်သည်။
- ကရင်ပြည်သူ့ပါတီသည် ကရင်လူမျိုးများ၏ မျိုးနွယ်စုအစွဲ၊ ဘာသာ ရေး ယုံကြည်ကိုးကွယ်မှုအစွဲ၊ ဒေသစွဲ အစရှိသော မတူညီမှုများအပေါ် အစွဲအလမ်းမရှိဘဲ ကရင်ဖြစ်သူအားလုံးကို ကရင်လူမျိုးဟူ၍သာ ချစ်ခင်စွာ ရှုမြင်သဘောထားသည်။
- ဤကမ္ဘာမြေပေါ်တွင် ကရင်လူမျိုးနွယ်များသည် လူမျိုးတစ်မျိုး အနေဖြင့် ရေရှည်ရပ်တည်နိုင်ရေးအတွက် ကရင်လူမျိုး၏ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများ၊ ဖော်ထုတ်၊ ထိန်းသိမ်းမြှင့်တင်ခြင်းကို လူမျိုးရေးတာဝန်တစ်ရပ်အဖြစ် သဘောထားခံယူပြီး တစိုက်မတ်မတ် လုပ်ဆောင်သွားမည်။
- ကရင်လူမျိုးတို့၏ အမှန်တရားကို မြတ်နိုးကျင့်သုံးခြင်း၊ သစ္စာရှိခြင်း စသည့်တန်ဖိုးများကို အခြေခံပြီး နိုင်ငံသားတိုင်း၏ အနာဂတ်လှပရေးကို စိတ်ကောင်းစေတနာမှန်ဖြင့် အစဉ်ပါဝင်ဆောင်ရွက်သွားမည်။
- မြန်မာနိုင်ငံရှိ တိုင်းရင်းသားအားလုံးသည် မိမိတို့၏ စာပေ၊ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို တန်ဖိုးထားထိန်းသိမ်းခြင်းဖြင့် မျိုးချစ်စိတ်ဓာတ် ရှင်သန်လာပြီး တိုင်းရင်းသားအချင်းချင်း မိမိတို့၏ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများကို အပြန်အလှန် နားလည်တန်ဖိုးထား လေးစားခြင်း ဖြင့်သာ ယုံကြည်မှုနှင့်စည်းလုံးညီညွတ်မှုကို တည်ဆောက်နိုင်မည်ဟု ယုံကြည်သည်။

**ကရင်ပြည်သူ့ပါတီ၏ ရည်ရွယ်ချက်**

၁။ မြန်မာနိုင်ငံအတွက် ဖယ်ဒရယ်ဒီမိုကရေစီနိုင်ငံ တည်ထောင်နိုင်ရန်။

၂။ အခြေခံလူတန်းစားများ၏ လူနေမှုဘဝနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက် လာရန်။

၃။ ကရင်လူမျိုး၊ မျိုးနွယ်စုများနှင့် မိမိတို့နှင့်အတူ ယှဉ်တွဲနေထိုင်လျက်ရှိ သော အခြားတိုင်းရင်းသားလူမျိုးများအားလုံး တရားမျှတသော အခွင့် အရေးများရရှိနိုင်ရန်။

**ကရင်ပြည်သူ့ပါတီ၏လုပ်ငန်းစဉ်**

၁။ မြန်မာနိုင်ငံအတွက် မှန်ကန်၍ တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေး တည်ဆောက်ရာတွင် အစွမ်းကုန်ပါဝင်ဆောင်ရွက်ရန်။

၂။ ငြိမ်းချမ်းသော ဖယ်ဒရယ်ဒီမိုကရေစီနိုင်ငံ တည်ဆောက်နိုင်ရေးကို ရှေးရှုလျက် လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြောင်းလဲဖြစ်ပေါ်လာ သော အခြေအနေများနှင့်အညီ လိုအပ်သော ပြင်ဆင်ချက်များကို တိုင်းရင်းသားပြည်သူများနှင့် တာဝန်ရှိသူများအားလုံး စည်းလုံးညီညွတ် စွာဖြင့် ပူးပေါင်းညှိနှိုင်းပြင်ဆင်သွားရန်။

၃။ ပြည်သူအားလုံးအတွက် တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုရှိရေး အတွက် လွှတ်တော်တွင် ပြဋ္ဌာန်းဆောင်ရွက်သွားနိုင်ရန်။

၄။ ကလေးသူငယ်များ၏ ကျန်းမာရေးနှင့် လိမ္မာယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက် ရေးနှင့် မိခင်များအတွက် ကျန်းမာရေးနှင့်အခြားလိုအပ်သော တတ်သိ ပညာနှင့် ဝင်ငွေတိုး လုပ်ငန်းများအတွက် အသိပညာနှင့် အရင်းအမြစ် ရရှိရေး ဆက်သွယ်ဆောင်ရွက်ပေးရန်။

၅။ ကရင်အပါအဝင် လူငယ်များ(အမျိုးသမီး/အမျိုးသား)အားလုံးအတွက် အသက်မွေးမှုပညာ၊ အထက်တန်းပညာ၊ ခေတ်မီဆက်သွယ်ရေးပညာ၊ စီမံခန့်ခွဲခေါင်းဆောင်မှုပညာ၊ နိုင်ငံရေးသိပ္ပံပညာများ လက်လှမ်းမီစွာ သင်ယူနိုင်ရေး ဦးတည်ပျိုးထောင်ပေးရန်။

၆။ တောင်သူလယ်သမား၊ အလုပ်သမားအများစုဖြစ်သည့် ကရင်နှင့် အခြား တောင်သူလယ်လုပ်များအားလုံး ကုန်ထုတ်လုပ်မှုအရည်အသွေး၊ ဈေးကွက်နှင့် ဝင်ငွေတိုးတက်မြင့်မားလာစေရေး ဆောင်ရွက်ပေးရန်။

၇။ တိုင်းရင်းသားပြည်သူပြည်သားအားလုံး အေးအတူပူအမျှ စည်းလုံး ညီညွတ်စွာ နေထိုင်သွားလာနိုင်ရေး အခြေအနေဖြစ်ပေါ်လာရေးအတွက် ဆောင်ရွက်ပေးနိုင်ရန်။


၈။ ကရင့်ရေးရာနှင့် အခွင့်အရေးများရရှိရေးကို တရားဥပဒေနှင့်အညီ ပြဋ္ဌာန်းဆောင်ရွက်နိုင်ရန်အတွက် ကရင်လူမျိုးများ၏ သဘာဝနှင့် ဖြစ်တည်နေမှုကို နားလည်တင်ပြပေးနိုင်မည့် ကရင်လူမျိုးအခြေပြု ပါတီမှ ကရင်ကိုယ်စားလှယ်များ လွှတ်တော်တွင် လုံလောက်စွာ ပါဝင် နိုင်ရန်။

၉။ ကရင်ပြည်နယ်အတွက် ကိုယ်တိုင်ပြဋ္ဌာန်းခွင့်များရရှိသည့်နည်းတူ ကရင်ပြည်နယ်ပြင်ပရှိ ကရင်လူမျိုးများအတွက်လည်း လူနည်းစု တိုင်းရင်းသားများ ရရှိရမည့်အခွင့်အရေးကို အပြည့်အဝရရှိနိုင်ရေး ဆောင်ရွက်ပေးရန်။

၁၀။ ကရင်ပြည်နယ်တွင်းရှိ ကရင်နှင့် ပြည်နယ်ပြင်ပ နိုင်ငံတစ်ဝှမ်းနေရာအနှံ့ ပျံ့နှံ့နေထိုင်ကြသော ကရင်လူမျိုးများအားလုံး အေးချမ်းလုံခြုံစွာ နေထိုင်နိုင်ရေးအတွက် ဖေးကူစောင့်ရှောက်ပေးရန်။

၁၁။ ကရင်လူမျိုးများ တိမ်ကောပပျောက်မှုမှ ကာကွယ်ရန် ကရင်စာပေ ယဉ်ကျေးမှုများကို ထိန်းသိမ်းရေးနှင့် ကရင်စာပေဖွံ့ဖြိုးတိုးတက် ရေးအတွက် တရားဝင်ပြဋ္ဌာန်းဆောင်ရွက်နိုင်ရေး ကြိုးစားဆောင်ရွက် ရန်။

၁၂။ ကရင်လူမျိုးများ၏သမိုင်းတွင်တင်ရှိသောလေးစားတန်ဖိုးထားအပ်သည့် နေ့ထူးနေ့မြတ်များ၊ ဝိသေသလက္ခဏာများကို မှတ်တမ်းပြုစုပြီး အခမ်း အနားများကို ကျင်းပနိုင်ရေး ဆောင်ရွက်ရန်။



၂၀၂၀ ခုနှစ် ရွေးကောက်ပွဲတွင် ကရင်ပြည်သူ့ပါတီ အနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည့် ပြည်နယ်၊ တိုင်းဒေသကြီးနှင့် လွှတ်တော် အဆင့်ဆင့်မှာ -

၁။ ကရင်ပြည်နယ်
၂။ တနင်္သာရီတိုင်းဒေသကြီး
၃။ ပဲခူးတိုင်းဒေသကြီး
၄။ မွန်ပြည်နယ်
၅။ ရန်ကုန်တိုင်းဒေသကြီး
၆။ ဧရာဝတီတိုင်းဒေသကြီး

ဝင်ရောက်ယှဉ်ပြိုင်မည့် လွှတ်တော်နှင့် နေရာအရေအတွက်မှာ -

| | | |
|---|---|---|
| ပြည်နယ်/တိုင်းဒေသကြီးလွှတ်တော် | - | ၄၄ နေရာ |
| ကရင့်ရေးရာကိုယ်စားလှယ်နေရာ | - | ၅ နေရာ |
| ပြည်သူ့လွှတ်တော် | - | ၁၈ နေရာ |
| အမျိုးသားလွှတ်တော် | - | ၇ နေရာ |
| စုစုပေါင်း | - | ၇၄ နေရာ |

နိဂုံးချုပ်အနေဖြင့် မိမိ၏ ကရင်လူမျိုးများထံသို့ ၂၀၂၀ ရွေးကောက်ပွဲ အတွက် ပန်ကြားအသိပေးချက်များကို တင်ပြလိုပါသည်။

၁။ ဆန္ဒမဲပြုခွင့်ရှိ ကရင်လူမျိုးအားလုံး မိမိ၏အမည်သည် သက်ဆိုင်ရာ ကျေးရွာ/ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်ရုံးတွင် ထုတ်ပြန်သည့် ဆန္ဒမဲပေးခွင့်ရရှိသူများစာရင်းတွင် ပါဝင်ခြင်းရှိ မရှိ သွားရောက် ကြည့်ရှုအတည်ပြုပါ။

၂။ ဆန္ဒမဲပြုခွင့်ရှိပါလျက် ဆန္ဒမဲပေးခွင့်ရရှိသူများအမည်စာရင်းတွင် မိမိအမည်မပါရှိပါက သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်ရုံး တာဝန်ရှိသူများထံ တင်ပြပြီး မဲပေးခွင့်ရရှိသူများ စာရင်းတွင် မိမိ အမည်ပါဝင်ရန် လိုက်နာဆောင်ရွက်ပါ။ အခက်အခဲရှိပါက မိမိတို့ ဒေသတွင်ရှိသော ကရင်လူမျိုးအခြေပြုပါတီ တာဝန်ရှိသူများကို တင်ပြအကူအညီတောင်းပါ။

၃။ မဲပေးရန် အစစအရာရာ အဆင်သင့်ဖြစ်ပြီးပါက မဲဆန္ဒပေးရမည့် ၂၀၂၀ ခုနှစ် နိုဝင်ဘာလ ၈ ရက် နံနက်တွင် မပျက်မကွက် မဲပေးနိုင်ရန် ပြင်ဆင်ထားပါ။

၄။ ၂၀၂၀ ခုနှစ် ရွေးကောက်ပွဲတွင် ကရင်လူမျိုးများ စည်းလုံးညီညွတ်စွာ ကရင်ပါတီကိုယ်စားလှယ်များသို့ မဲပေးခြင်းဖြင့် ကရင့်နိုင်ငံရေး ရေချိန်ကို မြှင့်တင်ပါ။

နောက်ဆုံးအနေနဲ့ကတော့ လာမည့် ၂၀၂၀ရွေးကောက်ပွဲဟာ ကျွန်တော် တို့နိုင်ငံရဲ့ ၂၁ ရာစုမှာ ကျင်းပတဲ့ တတိယအကြိမ်မြောက် အထွေထွေ ရွေးကောက်ပွဲဖြစ်ပါတယ်။ ရွေးကောက်ပွဲအတွက် တာဝန်ရှိသူများ၊ ပါဝင် ယှဉ်ပြိုင်သောပါတီများ၊ ပြည်သူများအနေနဲ့လည်း အတွေ့အကြုံနဲ့ သင်ခန်းစာ များ အတော်အတန်ရရှိခဲ့ပြီး ဖြစ်ပါတယ်။ ဒီတတိယအကြိမ် ရွေးကောက်ပွဲ မှာလည်း သက်ဆိုင်သူများအားလုံး၊ အထူးသဖြင့် ပြည်သူများအနေနဲ့ တာဝန် ကျေစွာ နိုင်ငံအတွက်အကောင်းဆုံးဖြစ်လိုသောစိတ်စေတနာဖြင့် လေ့လာ ပါဝင်ကြဖို့ တိုက်တွန်းခြင်းဖြင့် ကျွန်တော်ရဲ့ တင်ပြမှုကို နိဂုံးချုပ်အပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

**ကရင်ပြည်သူ့ပါတီ၏ စည်းရုံးရေးသီချင်းစာသား**

တေးရေး - စောအယ်(လ်)-ဂေါ်
တေးဆို - နော်အယ်နီရှိုင်း
နော်လားဖေါ်ဆက်
နော်နုကျင်

ကေ-ပီ-ပီ ကရင်ပြည်သူ့ပါတီ စည်းလုံးခြင်းအားများနဲ့ လှမ်းလို့လာပါပြီ၊
ကေ-ပီ-ပီ ကရင်ပြည်သူ့ပါတီရိုးသားလို့ ကြိုးစားကြဖို့ အသင့်ဖြစ်နေပြီ၊
ကေ-ပီ-ပီ ကရင်ပြည်သူ့ပါတီ တစ်မျိုးသားလုံးအကျိုးအတွက် ဖြစ်တည် လာပါပြီ၊
ကေ-ပီ-ပီ ကရင်ပြည်သူ့ပါတီ အများအကျိုးထမ်းရွက်ကြဖို့ အသင့်ရှိနေပြီ၊
မြန်ပြည်တစ်ခွင်လှပလာမည်၊ ကေ-ပီ-ပီရဲ့ အစွမ်းတွေကို ယုံကြည်၊
အတွေးမမှားနဲ့ဟော့၊ လေးစားအရေးထားလို့၊
ရွေးလိုက်ကြစို့၊ ဒို့ရဲ့ ကေ-ပီ-ပီ။

(၉-၉-၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုများတွင် COVID-19 လူနာတွေ့ရှိမှု
(၁၀-၉-၂၀၂၀) ရက်နေ့၊ ညနေ(၅:၀၀) နာရီ

| လူနာ အမှတ်စဉ် | အသက် (နှစ်) | ကျား/ မ | နေရပ်လိပ်စာ | COVID-19 ရောဂါအတည်ပြု လူနာများနှင့်ထိတွေ့မှု | ပြည်ပသို့ ခရီးသွားရာဇဝင် ရှိ/ မရှိ | ဆေးကုသမှုခံယူစေမည့် ဆေးရုံ | COVID-19 ဓာတ်ခွဲအဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 1808 | ၁၁ | မ | မြင်းခြံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | ရှိ (Case-1267) | မရှိ | ခရိုင်ပြည်သူ့ဆေးရုံ၊ မြင်းခြံမြို့နယ် | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1809 | ၃၂ | ကျား | မြင်းခြံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | ရှိ (Case-1475) | မရှိ | ခရိုင်ပြည်သူ့ဆေးရုံ၊ မြင်းခြံမြို့နယ် | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1810 | ၃၃ | ကျား | အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | မရှိ | မရှိ | ကန်တော်နဒီ ကူးစက်ဆေးရုံ | တွေ့ရှိ | စောင့်ကြည့်လူနာ (ပြည်သူ့ဆေးရုံကြီး၊ မန္တလေးမြို့) |
| 1811 | ၃၆ | ကျား | သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | တပ်မတော်အသည်းရောဂါအထူးကု ဆေးရုံကြီး၊ ရန်ကုန် | တွေ့ရှိ | စောင့်ကြည့်လူနာ (တပ်မတော် ကိုယ်ခန္ဓာပြန်လည်သန်စွမ်းရေးဆေးရုံ) |
| 1812 | ၅၃ | ကျား | မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး မော်လမြိုင်မြို့ | တွေ့ရှိ | စောင့်ကြည့်လူနာ (ပြည်သူ့ဆေးရုံကြီး၊ မော်လမြိုင်မြို့) |
| 1813 | ၂၇ | ကျား | မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ် | ရှိ (Case-916) | မရှိ | ပြည်သူ့ဆေးရုံကြီး မော်လမြိုင်မြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1814 | ၅၂ | ကျား | မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ် | ရှိ (Case-916) | မရှိ | ပြည်သူ့ဆေးရုံကြီး မော်လမြိုင်မြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1815 | ၅၄ | မ | မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ် | ရှိ (Case-916) | မရှိ | ပြည်သူ့ဆေးရုံကြီး မော်လမြိုင်မြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1816 | ၃၅ | မ | မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1817 | ၂၅ | ကျား | မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိ | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1818 | ၂၃ | ကျား | စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်ပြည်သူ့ ဆေးရုံကြီး) |
| 1819 | ၅၆ | မ | ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | ဝေဘာဂီအထူးကု ဆေးရုံကြီး | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်အထွေထွေ ရောဂါကု ဆေးရုံသစ်ကြီး) |
| 1820 | ၂၃ | မ | လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | ဝေဘာဂီအထူးကု ဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1821 | ၅၀ | ကျား | ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်အရှေ့ပိုင်း ဆေးရုံကြီး) |
| 1822 | ၂၀ | မ | သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်အရှေ့ပိုင်း ဆေးရုံကြီး) |
| 1823 | ၃၅ | မ | ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်အရှေ့ပိုင်း ဆေးရုံကြီး) |
| 1824 | ၂၂ | မ | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | ဝေဘာဂီအထူးကု ဆေးရုံကြီး | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်အရှေ့ပိုင်း ဆေးရုံကြီး) |
| 1825 | ၂၄ | ကျား | ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်အနောက်ပိုင်း ဆေးရုံကြီး) |
| 1826 | ၃၂ | ကျား | တာမွေမြို့နယ် ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-1230) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1827 | ၂၅ | မ | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-1230) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1828 | ၃၉ | မ | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-1230) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1829 | ၃၉ | ကျား | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-1230) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1830 | ၂၄ | မ | ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-1081) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1831 | ၆၇ | မ | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-595) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1832 | ၂၃ | မ | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-595) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1833 | ၂၈ | မ | သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-1230) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1834 | ၃၁ | မ | မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-1230) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1835 | ၅၃ | ကျား | စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-1387) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1836 | ၂၇ | မ | မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-1454, 1455) | ရှိ (ယူအေအီး) | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1837 | ၂၃ | မ | မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-1454, 1455) | ရှိ (ယူအေအီး) | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1838 | ၅၇ | ကျား | မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-1454, 1455) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1839 | ၆၀ | မ | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-1345) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1840 | ၂၄ | မ | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1841 | ၅၀ | ကျား | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-1345) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1842 | ၅၂ | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1843* | ၄၂ | ကျား | ငပုတောမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1844 | ၅၅ | ကျား | ပေါက်တောမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1845 | ၅၁ | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1846* | ၆၆ | ကျား | လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1847 | ၄၁ | ကျား | ပေါက်တောမြို့နယ်၊ ရခိုင်ပြည်နယ်၊ | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ကြည့်မြင်တိုင်မြို့နယ်) |
| 1848 | ၃၇ | ကျား | ပုဏ္ဏားကျွန်းမြို့နယ် ရခိုင်ပြည်နယ် | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ကြည့်မြင်တိုင်မြို့နယ်) |
| 1849 | ၃၂ | ကျား | ပေါက်တောမြို့နယ်၊ ရခိုင်ပြည်နယ်၊ | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ကြည့်မြင်တိုင်မြို့နယ်) |
| 1850 | ၃၅ | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ကြည့်မြင်တိုင်မြို့နယ်) |
| 1851 | ၂၂ | ကျား | ပေါက်တောမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ကြည့်မြင်တိုင်မြို့နယ်) |
| 1852 | ၄၀ | ကျား | ပုဏ္ဏားကျွန်းမြို့နယ် ရခိုင်ပြည်နယ် | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ကြည့်မြင်တိုင်မြို့နယ်) |
| 1853 | ၂၁ | ကျား | ပုဏ္ဏားကျွန်းမြို့နယ် ရခိုင်ပြည်နယ် | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ကြည့်မြင်တိုင်မြို့နယ်) |
| 1854 | ၂၀ | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ကြည့်မြင်တိုင်မြို့နယ်) |
| 1855 | ၂၃ | ကျား | ပေါက်တောမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ကြည့်မြင်တိုင်မြို့နယ်) |
| 1856 | ၃၇ | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ကြည့်မြင်တိုင်မြို့နယ်) |
| 1857 | ၆၁ | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ကြည့်မြင်တိုင်မြို့နယ်) |
| 1858 | ၅၀ | ကျား | ပုဏ္ဏားကျွန်းမြို့နယ် ရခိုင်ပြည်နယ် | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ကြည့်မြင်တိုင်မြို့နယ်) |
| 1859 | ၂၇ | မ | လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ထန်းတပင် အလုပ်သမား ဆေးရုံ) |
| 1860 | ၁၈ | မ | လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ထန်းတပင် အလုပ်သမား ဆေးရုံ) |
| 1861 | ၁၈ | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-437, 438) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1862 | ၅၂ | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-421) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1863 | ၂၇ | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-444) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1864 | ၂၂ | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-428) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1865 | ၂၀ | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-428) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1866 | ၂၃ | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-428) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1867 | ၂၄ | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-428) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1868 | ၃၃ | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | စောင့်ကြည့်လူနာ (ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့) |
| 1869 | ၅၂ | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1870 | ၅၉ | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1871 | ၄၃ | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | စောင့်ကြည့်လူနာ (ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့) |
| 1872 | ၉ | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-1600) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1873 | ၃၈ | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-1600) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1874 | ၇၂ | မ | ကျောက်ဖြူမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-480) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1875 | ၅၈ | ကျား | ကျောက်ဖြူမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-480) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1876 | ၅၁ | ကျား | ကျောက်ဖြူမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-480) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1877 | ၄၈ | ကျား | ကျောက်ဖြူမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-605) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1878 | ၁၈ | ကျား | ကျောက်ဖြူမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-650) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1879 | ၃၆ | မ | ကျောက်ဖြူမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-650) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1880 | ၈ | ကျား | ကျောက်ဖြူမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-650) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1881 | ၅၉ | မ | ကျောက်ဖြူမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-650) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1882 | ၅၀ | မ | ကျောက်ဖြူမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-684) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1883 | ၇၆ | မ | ကျောက်ဖြူမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-697) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |

စာမျက်နှာ ၂၀ သို့ ☆

☆ စာမျက်နှာ ၁၉ မှ

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| 1884 | ၃၀ | မ | ကျောက်ဖြူမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-605) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1885 | ၂၃ | မ | ကျောက်ဖြူမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-505) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1886* | ၃၉ | ကျား | ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော် | ရှိ (Case-1464) | မရှိ | နေပြည်တော်ပြည်သူ့ ဆေးရုံကြီး (ခုတင် ၁၀၀၀) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1887* | ၃၅ | ကျား | ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော် | ရှိ (Case-1464) | မရှိ | နေပြည်တော်ပြည်သူ့ ဆေးရုံကြီး (ခုတင် ၁၀၀၀) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1888 | ၂၄ | ကျား | ဇမ္ဗူသီရိမြို့နယ် နေပြည်တော် | မရှိ | မရှိ | နေပြည်တော်ပြည်သူ့ ဆေးရုံကြီး (ခုတင် ၁၀၀၀) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1889* | ၁၆ | မ | စစ်တွေမြို့နယ် ရခိုင်ပြည်နယ် | ရှိ (Case-406, 407) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1890* | ၁၉ | ကျား | မောင်တောမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-560) | မရှိ | ခရိုင်ပြည်သူ့ဆေးရုံ၊ မောင်တောမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1891* | ၆၅ | မ | မောင်တောမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-560) | မရှိ | ခရိုင်ပြည်သူ့ဆေးရုံ၊ မောင်တောမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1892* | ၂၀ | ကျား | နတ်မောက်မြို့နယ်၊ မကွေးတိုင်းဒေသကြီး | ရှိ (Case-1061, 1062) | မရှိ | သင်ကြားရေး ဆေးရုံကြီး မကွေးမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1893* | ၁၈ | ကျား | နတ်မောက်မြို့နယ်၊ မကွေးတိုင်းဒေသကြီး | ရှိ (Case-1061, 1062) | မရှိ | သင်ကြားရေး ဆေးရုံကြီး မကွေးမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1894* | ၂၃ | ကျား | မြိုင်မြို့နယ်၊ မကွေးတိုင်းဒေသကြီး | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး ပခုက္ကူမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1895 | ၃၀ | မ | ဖျာပုံမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ဖျာပုံမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1896 | ၄၂ | မ | ဖျာပုံမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး | ရှိ (Case-1310) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ဖျာပုံမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1897* | ၁၇ | မ | ဖျာပုံမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး | ရှိ (Case-1310) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ဖျာပုံမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1898* | ၁၃ | ကျား | ဖျာပုံမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး | ရှိ (Case-1310) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ဖျာပုံမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1899 | ၁၅ | ကျား | ဖျာပုံမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး | ရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ဖျာပုံမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1900* | ၃၅ | မ | မအူပင်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး | ရှိ (Case-1395) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ မအူပင်မြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1901* | ၃၈ | မ | မအူပင်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ မအူပင်မြို့ | တွေ့ရှိ | စောင့်ကြည့်လူနာ (ပြည်သူ့ဆေးရုံကြီး၊ မအူပင်မြို့) |
| 1902* | ၁၃ | မ | မအူပင်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ မအူပင်မြို့ | တွေ့ရှိ | စောင့်ကြည့်လူနာ (ပြည်သူ့ဆေးရုံကြီး၊ မအူပင်မြို့) |
| 1903 | ၆၅ | မ | ဒဂုံမြို့သစ် (တောင်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-1346, 1349) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1904 | ၈၆ | ကျား | ဒဂုံမြို့သစ် (တောင်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-1346, 1349) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1905* | ၂၁ | ကျား | ဘိုကလေးမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး | ရှိ | မရှိ | ပြည်သူ့ဆေးရုံ၊ ဘိုကလေးမြို့ | တွေ့ရှိ | စောင့်ကြည့်လူနာ (ပြည်သူ့ဆေးရုံ၊ ဘိုကလေးမြို့) |
| 1906 | ၁၈ | မ | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-1559) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (သဃ်န်းကျွန်း ပြည်သူ့ဆေးရုံကြီး) |
| 1907 | ၂၂ | မ | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (သဃ်န်းကျွန်း ပြည်သူ့ဆေးရုံကြီး) |
| 1908 | ၄၂ | ကျား | ဒဂုံမြို့သစ် (တောင်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (သဃ်န်းကျွန်း ပြည်သူ့ဆေးရုံကြီး) |
| 1909 | ၃၀ | ကျား | ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (သဃ်န်းကျွန်း ပြည်သူ့ဆေးရုံကြီး) |
